International Labour Organization

1919·2019

မြန်မာနိုင်ငံရှိ
ကလေးသူငယ် အိမ်အကူအလုပ်အကိုင် (CDW) ကို
မြန်ဆန်စွာလေ့လာဆန်းစစ်ခြင်း

မြန်မာနိုင်ငံရှိ
ကလေးသူငယ် အိမ်အကူအလုပ်အကိုင် (CDW) ကို
မြန်ဆန်စွာလေ့လာဆန်းစစ်ခြင်း

Fundamental Principles and Rights at Work Branch
International Labour Organization

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ၂၀၁၉
ပထမအကြိမ်ထုတ်ဝေသည် ၂၀၁၉

ကမ္ဘာ့တစ်လွှားမူပိုင်ခွင့်သဘောတူညီချက်ကျင့်ဝတ် ၂ အရ အိုင်အယ်လ်အို၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှမူပိုင်ခွင့်အနေဖြင့် ပုံနှိပ်ထုတ်ဝေခြင်းဖြစ်သည်။ မည်သည့်မူလရင်းမြစ်မှကူးယူကြောင်းဖော်ပြပါက ခွင့်ပြုချက်ရယူမှုမရှိသော်လည်း အစိတ်အပိုင်းတိုလေးများကို ထုတ်နှတ် ကိုးကားဖော်ပြခွင့်ရှိပါသည်။ ပြန်လည်ဆင့်ပွားခြင်း (သို့) ဘာသာပြန်မှုများအတွက် အိုင်အယ်လ်အို ပုံနှိပ်ထုတ်ဝေခြင်း (လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်)၊ အပြည်ပြည်ဆိုင်ရာအပြည်ပြည်ဆိုင်အလုပ်သမားရုံး၊ CH-1211 ဂျီနီဗာ ၂၂၊ ဆွီဇလန် (သို့) အီးမေးလ် - rights@ilo.org သို့လျှောက်ထားတောင်းခံရပါမည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ထိုကဲ့သို့ လျှောက်ထားမှုများကို လက်ခံမှတ်ပြုဆိုပါသည်။
စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားမှတ်ပုံတင်ထားသည့် ပြန်လည်ဆင့်ပွားအဖွဲ့အသင်းများက သူတို့အား ချမှတ်ပေးထားသည့် လိုင်စင်နှင့်အညီပြန်လည်ကူးယူနိုင်ပါသည်။ သင့်နိုင်ငံအတွင်းတွင်ရှိသော ပြန်လည်ဆင့်ပွားခွင့် www.ifrro.org သို့ဝင်ရောက် ကြည့်ရှုနိုင်သည်။

FUNDAMENTALS
မြန်မာနိုင်ငံ၊ ကလေးသူငယ်အခြေခံအကျ အလုပ်အကိုင်ကို မြန်ဆန်စွာလေ့လာဆန်းစစ်ခြင်း / International Labour Office, Fundamental Principles and Rights at Work Branch (FUNDAMENTALS) - Yangon: ILO, 2019.

ISBN 978-92-2-133338-8 (Print); 978-92-2-133339-5 (Web PDF)

International Labour Office; ILO Fundamental Principles and Rights at Work Branch

အင်္ဂလိပ်ဘာသာဖြင့်လည်းဖတ်ရှုနိုင်သည်။ Rapid Assessment on Child Domestic Work (CDW) in Myanmar.
ISBN: 978-92-2-133336-4 (Print); 978-92-2-133337-1 (Web pdf), Yangon, 2019.

ILO Cataloguing in Publication Data

အသိအမှတ်ပြုမှု

ဤပုံနှိပ်ထုတ်ဝေခြင်းအား အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်အလုပ်သမား ပပျောက်ရေးအစီအစဉ်အတွက် အကြံပေး Anna Zongollowicz နှင့် သုတေသန ကြီးကြပ်ရေးမှူး ခင်သက်စံနှင့် သုတသနများဖြစ်သော နှင်းသဇင်စိုး၊ ထက်ထက်အောင်၊ လူစီးယာလုဂျန်၊ နော်အက်စတာလေးတို့မှ FUNDAMENTALS အတွက် အသေးစိတ်စီစဉ်ပြင်ဆင်ပြီး ILO ရန်ကုန်ရုံး Selim Benaissa မှကြီးကြပ်ပြီး နှင်းဇတ်ရည် မှညှိနှိုင်းဆောင်ရွက်သည်။ ILO FUNDAMENTALS မှ Jose Maria Machado နှင့် ILO ရန်ကုန်ရုံးမှ Piyamal Pichaiwongse နှင့် Jacqueline Pollock တို့မှ ထင်မြင်သုံးသပ်ချက်များ။ အကြံပြုဆွေးနွေးခြင်းနှင့် ထောက်ပံ့မှုဖြင့် ပံ့ပိုးပေးခဲ့သည်။

ဤ ILO ပုံနှိပ်ထုတ်ဝေခြင်းအတွက် ရန်ပုံငွေအား အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာနမှ ထောက်ပံ့ပေးသည်။ မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေးအစီအစဉ် My-PEC (Project MMR/13/10/USA) ပူးပေါင်းမှုသဘောတူညီမှု အမှတ် IL-25263-14-75-K.

ဤပုံနှိပ်ထုတ်ဝေခြင်းသည် မေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့) မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွားရေးထုတ်ကုန်များဖော်ပြထားခြင်းမရှိပါ။ (သို့) အမေရိကန်ပြည်ထောင်စုအစိုးရမှ အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းများဖြစ်သည်။ စီမံကိန်းအတွက် စုစုပေါင်းကုန်ကျငွေ ဒေါ်လာ ၆၂၅၀၀၀၀ ကို ဗဟိုအစိုးရ ရံပုံငွေဖြင့် ထောက်ပံ့သည်။

ILO ပုံနှိပ်ထုတ်ဝေခြင်းသည် ကုလသမဂ္ဂ၏လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ဝေပြီး တင်ပြမှုများတွင် ပါဝင်သောအကြောင်းအရာများသည်လည်း ILO က မည်သည့်နိုင်ငံ၊ ဒေသ (သို့) နယ်မြေများ၏အခြေအနေပေါ်မှ မူတည်ခြင်းမရှိပဲ တင်ပြထားခြင်းဖြစ်ပါသည်။ အမည်နှင့်တကွ ရေးသားဖော်ပြထားသည့် ဆောင်းပါးများ၏တွေးခေါ်ထင်မြင်ချက်၊ လေ့လာချက်နှင့် အခြားသတင်းဆောင်းပါးများသည် စာရေးသူနှင့်သာ သက်ဆိုင်ပြီးပုံနှိပ်ထုတ်ဝေရာတွင်လည်း ILO၏ရေးသွင်းချက် ထင်မြင်ယူဆချက်များလုံးဝမရှိပါ။

ILO အနေဖြင့်လုပ်ငန်းများ၊ စီးပွားဖြစ်ထုတ်ကုန်များနှင့် ဖြစ်စဉ်များ၏ အမည်နာမများအားထုတ်ဝေသည့် စာအုပ်တွင်ဖော်ပြရည်ညွှန်းခဲ့သော်သွယ်ဝိုက်၍ ထောက်ခံခြင်းမဟုတ်သလို မဖော်ပြပါကလည်း သဘောမကျမနှစ်သက်၍ မဖော်ပြခြင်းမဟုတ်ပါ။ ILO ပုံနှိပ်ထုတ်ဝေခြင်းနှင့် လျှပ်စစ်ပိုင်းဆိုင်ရာ ထုတ်ကုန်များကို အဓိကစာအုပ်ရောင်းသူထံမှတစ်ဆင့်နှင့် လျှပ်စစ်ပိုင်းဆိုင်ရာဖြန့်ဝေ သူများထံမှရရှိနိုင်မည်။ (သို့) ilo@turpin-distribution.com မှတစ်ဆင့်မှာယူနိုင်သည်။ ပိုမိုသိရှိလိုပါက ကျွန်ုပ်တို့၏ ဂက်ဘ်ဆိုဒ်ဖြစ်တဲ့ www.ilo.org/publns or contact ilopubs@ilo.org သို့ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျွန်ုပ်တို့၏ ဂက်ဘ်ဆိုဒ်: www.ilo.org/childlabour

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။
ချမ်းသာပုံနှိပ်တိုက်၊ ရန်ကုန်မှ ပုံနှိပ်သည်။
မျက်နှာဖုံးဓာတ်ပုံ - မဥမွာအေး (ILO)

မာတိကာ

အတိုကောက်စာလုံးများစာရင်း ၈၁
ဝေါဟာရများအားရှင်းလင်းချက်များ ၈
အနှစ်ချုပ်ဖော်ပြချက် ၁
အဓိကတွေ့ရှိချက်များ ၂
အကြံပြုချက်များကို အကျဉ်းချုပ်ဖော်ပြခြင်း ၉

နောက်ခံအကြောင်းအရာ ၁၄
မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း၏ အထွေထွေရည်ရွယ်ချက်များ ၁၆
မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း၏ သီးသန့်ရည်ရွယ်ချက်များ ၁၇

နည်းစနစ် ၁၈
စံပြုကောက်ယူခြင်း ၁၉
သုတေသန ပြုလုပ်ခဲ့သည့်နေရာများ ၁၉
ကျင့်ဝတ်များ ၂၀
သုတေသနဆိုင်ရာ အကန့်အသတ်များ ၂၁
စောင့်ကြည့်လေ့လာခြင်း ၂၃

တွေ့ရှိချက်များ ၂၄
မူဝါဒရေးရာမြင်ကွင်းနှင့် ပညာရေးဆိုင်ရာအဖွဲ့အစည်း (Institutions) များ ၂၄
အစိုးရလုပ်ဆောင်ပေးနိုင်သည်များထက်ကျော်လွန်၍ ၂၈
ပန်းတိုင်သို့ရောက်ရှိရန် လေ့ကားထစ်တစ်ခု ၂၉
ကလေးသူငယ်အိမ်အကူလုပ်သားများ၏ လူမှုရေးရာနှင့် လူမှုရေးပထဝီဝင်လက္ခဏာများ ၃၀
အလုပ်ရှင်များ ၃၂
ဝင်းနိုင်၏ ဇာတ်လမ်း ၃၂
လုပ်သားစုဆောင်းခြင်း ၃၄
ပွဲစားများ ၃၅
ထိခိုက်နိုင်ခြေရှိသည်များ ၃၆
နော်အဲ၏ ဇာတ်လမ်း ၃၈
အလုပ်လုပ်ရသည့် အခြေအနေများ ၃၉

နိဂုံးချုပ် ၄၃
အကြံပြုတိုက်တွန်းချက်များ ၄၄

အဆုံးသတ်မှတ်စုများ ၅၀

အတိုကောက်စာလုံးများစာရင်း

CDW – Child Domestic Work (ကလေးသူငယ်အိမ်အကူအလုပ်)
CEDAW – Committee on the Elimination of Discrimination against Women (အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကော်မတီ)
CRC – Convention on the Rights of the Child (ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်)
DSW – Department of Social Welfare (လူမှုဝန်ထမ်းဦးစီးဌာန)
ILO – International Labour Organization (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့)
IOM – International Organisation for Migration (အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းလုပ်သားများဆိုင်ရာအဖွဲ့အစည်း)
KBC – Karen Baptist Convention (ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗင်းရှင်း)
LRPD – Labour Rights Promoters and Defenders (အလုပ်သမားအခွင့်အရေးမြှင့်တင်သူများနှင့် အကာအကွယ်ပေးသူများ)
MMK – Myanmar Kyat (1 USD– 1600 MMK) (မြန်မာကျပ်) (အမေရိကန်တဒေါ်လာလျှင် - ၁၆၀၀ ကျပ်)
MOLIP – Ministry of Labour, Immigration and Population (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၀န်ကြီးဌာန)
MOE – Ministry of Education (ပညာရေး၀န်ကြီးဌာန)
MSWRS – Ministry of Social Welfare, Relief and Settlement (လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)
My-PEC – Myanmar Programme on the Elimination of Child Labour (မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်)
NLD – National League for Democracy (အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်)
RA – Rapid Assessment (မြန်ဆန်စွာဆန်းစစ်လေ့လာခြင်း)
TWGCL – Technical Working Group on Child Labour (ကလေးအလုပ်သမားဆိုင်ရာ နည်းပညာရပ်လုပ်ငန်းအဖွဲ့)
UNICEF – United Nations International Children's Emergency Fund (ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးသူငယ်များ အရေးပေါ်ရံပုံငွေ)
WFCL – Worst Forms of Child Labour (အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှု)

Explanation of Terms

ကလေးသူငယ်	အသက် (၁၈) နှစ်အောက်သာ ရှိသေးသောသူ
ကလေး အလုပ်သမား	တရားဝင်အလုပ်လုပ်ခွင့်ရှိသော အနိမ့်ဆုံးအသက်ထက်ငယ်သော ကလေးများမှ လုပ်ကိုင်နေသည့်အလုပ်ဖြစ်သည်။ ဥပဒေအရ အမျိုးမျိုးသောလုပ်ငန်းများအတွက် မတူညီသောအနိမ့်ဆုံးအသက်များကို ပြဋ္ဌာန်းထားသည်။ (ဥပမာ - သာမန် အချိန်ပြည့်အလုပ်၊ ပေါ့ပါးသောအလုပ်၊ ဘေးအန္တရာယ်ရှိသော သို့မဟုတ် ဘေးဖြစ်စေနိုင်သောအလုပ်များ)
အဆိုးဝါး ဆုံးပုံစံဖြင့် ကလေး အလုပ်သမား အား ခိုင်းစေမှု	ILO ၏ ပြဋ္ဌာန်းချက် (၁၈၂) တွင် ပြဋ္ဌာန်းထားချက်တစ်ခုဖြစ်သည်။ ၎င်းတွင်ပါဝင် ပြဋ္ဌာန်းထားသည်မှာ (အပိုဒ် ၃) : • ကျေးကျွန်ပြုခြင်းကဲ့သို့သော ကျွန်ပြုခိုင်းစေသည့် ပုံစံ သို့မဟုတ် ကျင့်သုံးမှုအားလုံး၊ ကလေးသူငယ်များကို လက်နက်ကိုင်ပဋိပက္ခများတွင် အသုံးပြုရန်အတွက် အတင်းအကျပ် သို့မဟုတ် အဓမ္မစုဆောင်းခြင်းများ အပါအဝင် ကလေးသူငယ်များကို ရောင်းချခြင်း၊ လူကုန်ကူးခြင်း၊ အကြွေးနှောင်ကြိုးဖြင့် ခိုင်းစေခြင်း၊ ကျွန်ပြုခြင်း၊ အဓမ္မလုပ်သား သို့မဟုတ် အတင်းအကျပ်လုပ်သား အဖြစ်ခိုင်းစေခြင်းများ။ • ကလေးသူငယ်များကို တရားမဝင်လုပ်ငန်းများတွင် အသုံးပြုခြင်း၊ ဝယ်ယူရောင်းချခြင်း သို့မဟုတ် ကမ်းလှမ်းခြင်းများ - အထူးသဖြင့် သက်ဆိုင်ရာနိုင်ငံအသီးသီးတွင် ပြဋ္ဌာန်းထားသည့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့တွင် အသုံးပြုခြင်းများ။ • အလုပ်၏ သဘောသဘာဝ သို့မဟုတ် လုပ်ဆောင်ရသည့် ပတ်ဝန်းကျင်အနေအထားတို့ကြောင့် ကလေးသူငယ်၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး သို့မဟုတ် စိတ်ဓာတ်များကို ထိခိုက်စေနိုင်သည့် အလုပ်များ။ (ဘေးအန္တရာယ်ရှိသောအလုပ်များဟု ညွှန်းဆိုအသုံးပြုသည်)
ပေါ့ပါးသောအလုပ်	အသက် (၁၂) နှစ် သို့မဟုတ် (၁၃) နှစ်ရှိသော ကလေးသူငယ်များအတွက် ဥပဒေ အရခွင့်ပြုပေးထားသောအလုပ်များဖြစ်သည်။ ကလေးသူငယ်၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဘေးမဖြစ်စေသော၊ ကျောင်းတက်ခြင်းကို မပျက်စေသော၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများတက်ခြင်းကို မထိခိုက်စေသော သီးသန့်ခွဲခြားထားသည့် အလုပ်များ၊ သို့မဟုတ် "ညွှန်ကြားခိုင်းစေသည့် အလုပ်မှ စွမ်းဆောင်မှုဆိုင်ရာ အကျိုးကျေးဇူးများရနိုင်သည့်" အလုပ်များကို ဥပဒေအရ ကလေးများအတွက်ခွင့်ပြုပေးနိုင်သည်။ စာရင်းအင်းဆိုင်ရာအရ အသုံးပြုနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထိုသို့သောအလုပ်များကို တပတ်လျှင် (၁၄) နာရီထက်ပိုမခိုင်းရဟု သတ်မှတ်ထားသည်။ အလုပ်လုပ်ရန်ခွင့်ပြုနိုင်သော အနိမ့်ဆုံးအသက် ပြဋ္ဌာန်းချက် ၁၃၈ 'ပေါ့ပါးသောအလုပ်' ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖော်ပြခြင်းဖြစ်သည်။
အိမ်အကူအလုပ်	ဆိုသည်မှာ အိမ်ထောင်စုတစ်ခု သို့မဟုတ် အိမ်ထောင်စုများအတွက် အလုပ်လုပ်ပေးခြင်းဖြစ်သည်။
အိမ်အကူလုပ်သား	ဆိုသည်မှာ အလုပ်လုပ်ရန်အတွက် အိမ်အကူအလုပ်အကိုင်တွင် ဝင်ရောက်လုပ်ကိုင်နေသူမည်သူကိုမဆို ဆိုလိုသည်။ (ကိုယ်ပိုင်အိမ်ထောင်စုအတွင်း မိသားစုဝင်များအတွက် အလုပ်လုပ်ပေးသူများ မပါဝင်ပါ)
ကလေးသူငယ် အိမ်အကူ လုပ်ငန်း	ယေဘုယျအားဖြင့် အိမ်ကူလုပ်ငန်းတွင်လုပ်ကိုင်နေသော ကလေးသူငယ်များ (ဥပမာ အသက် ၁၈ နှစ်အောက်ရှိသူများ)ကိုရည်ညွှန်းသည်။ အိမ်အကူအလုပ်အကိုင်အတွင်း ခွင့်ပြုပေးနိုင်သော အခြေအနေရှိသူ (လူငယ်အလုပ်သမားများ) ထို့အတူ ခွင့်ပြုမပေးနိုင်သောသူ (ကလေးအလုပ်သမားများ) နှစ်ခုစလုံးပါဝင်သည်။

ကလေးသူငယ် အိမ်အကူ လုပ်သား	အလုပ်လုပ်ရန်ခွင့်ပြုနိုင်သော၊ ခွင့်မပြုနိုင်သော အနေအထားနှစ်ခုလုံးမှ အသက် (၁၈) နှစ် အောက်ရှိ အိမ်အကူလုပ်သားများကို ဆိုလိုသည်။
အိမ်အကူအလုပ် အကိုင်များရှိ ကလေး အလုပ် သမားများ	တရားဝင်သတ်မှတ်ထားသော အလုပ်လုပ်ခွင့်ရှိသည့်အနိမ့်ဆုံးအသက်အောက် ကလေးသူငယ်များ ထို့အတူ တရားဝင်သတ်မှတ်ထားသည့် အနိမ့်ဆုံးအသက်ထက်ကျော်သော်လည်း အသက် (၁၈) အောက်သာရှိသည့်သူများ လုပ်ကိုင်နေသည့် အိမ်အကူလုပ်သားများဖြစ်ပြီး နိုင်ငံတကာ သဘောတူစာချုပ်များအရ "ပပျောက်ရန် ဆောင်ရွက်ရမည်ဖြစ်သည့် ကလေး အလုပ်သမားများ" ပုံစံဖြစ်သည့် ကျွန်ပြုခိုင်းစေခြင်းခံနေရသူများ၊ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အခြားခေါင်းပုံဖြတ်ခြင်း ခံနေရသည့် အခြေအနေများမှ ကလေးအလုပ်သမား များဖြစ်သည်။

အနှစ်ချုပ်ဖော်ပြချက်

ILO ၏မြန်မာနိုင်ငံဆိုင်ရာ ကလေးအလုပ်သမားပပျောက်ရေးစီမံချက် (My-PEC) သည် ကလေးအလုပ်သမား ကလေးအလုပ်သမားဆိုင်ရာ အသိပညာများကို တိုးချဲ့အသိပေးခြင်းဖြင့် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများကို လျော့ချရန်၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို လိပ်မူဖြေရှင်းရန်အတွက်ဥပဒေပြုရေး၊နိုင်ငံအဆင့်၊ဒေသအဆင့်စွမ်းဆောင်ရည်များကိုပိုမိုအားကောင်းလာစေရန်၊ ကလေးအလုပ်သမားကလေးအလုပ်သမားပပျောက်စေရန်အတွက် အမျိုးသားအဆင့်နှင့် ဒေသအဆင့် အကျိုးသက်ဆိုင်သူများ၏ ညှိနှိုင်းဆောင်ရွက်မှု၊ ကွန်ရက်ချိတ်ဆက်မှုနှင့် အသိပေးတင်ပြမှုဆိုင်ရာ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်နှင့် ကနဦး ဦးတည်ထားသည့် ရပ်ရွာလူထုများတွင် ကလေးအလုပ်သမားများ လျော့ချနိုင်ရန်အတွက် ကျယ်ပြန့်ပြည့်စုံသော၊ အားလုံးပါဝင်သော၊ အကျိုးသက်ဆိုင်သူအားလုံး ထိရောက်အကျိုးရှိစွာ တုံ့ပြန်ဆောင်ရွက်ရန် အစီအစဉ်တရပ်ထူထောင်နိုင်ရန် ရည်ရွယ်ခဲ့ပါသည်။

ILO သည် မြန်မာနိုင်ငံအစိုးရ၏ ကျယ်ပြန့်ပြည့်စုံသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (National Action Plan on the Elimination of Child Labor, NAP) ကို ရေးဆွဲရာတွင် အထောက်အကူပေးလျက်ရှိပါသည်။ NAP ၏ အလုံးစုံသော ရည်ရွယ်ချက်ပန်းတိုင်မှာ "၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ယောကျ်ားလေးနှင့် မိန်းကလေးများအားလုံးကို ကလေးအလုပ်သမားဖြစ်ခြင်းမှ အထူးသဖြင့် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းအဖြစ်မှ ထိရောက်စွာ ကာကွယ်သွားပြီး စောင့်ရှောက်ပေးသွားရန်" ဖြစ်သည်။

၂၀၁၅ တွင် My-PEC စီမံကိန်းသည် ကလေးကလေးအလုပ်သမားဆိုင်ရာ ဥပဒေပိုင်းပြန်လည်သုံးသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ရာမှ ကလေးအိမ်အကူအလုပ်အကိုင် (CDW) ပြဋ္ဌာန်းချက်တွင် အဓိက ကွာဟချက်များကို တွေ့ရှိခဲ့ပါသည်။[၁] အစီရင်ခံစာမှဖော်ပြသည်မှာလက်ရှိအမျိုးသားဥပဒေများအရကလေးအရွယ်အားလုံးသည် ကလေးအိမ်အကူ အလုပ်အကိုင်တွင် လုပ်ကိုင်နိုင်ကြသည်။ ၁၉၉၃ ခုနှစ် ကလေးသူငယ်ဥပဒေသည် တစ်ခုတည်းသော ကလေးသူငယ်ဆိုင်ရာဥပဒေဖြစ်ကာ လက်ရှိပြဋ္ဌာန်းထားသည့် ကလေးသူငယ်များကို အလုပ်အကိုင်ခန့်အပ်နိုင်သည့် အနိမ့်ဆုံးသတ်မှတ်ချက်သည် အိမ်အကူအလုပ်အကိုင်ပေါ်တွင် သက်ရောက်မှု မရှိပေ။ အဘယ့်ကြောင့်ဆိုသော် ထိုသတ်မှတ်ချက်သည် စက်ရုံများ သို့မဟုတ် ဆိုင်များနှင့် အလုပ်ရုံများ (ဥပမာ သမားရိုးကျအလုပ်ကဏ္ဍများ) အပေါ်တွင်သာ သက်ဆိုင်မှုရှိသောကြောင့်ဖြစ်သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ တွင် ကလေးအိမ်အကူအလုပ်သမားများကို ခေါင်းပုံဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းဖြစ်ရပ်များ မီဒီယာများပေါ်တွင် ပေါ်ထွက်လာခဲ့ပြီး ထိုဖြစ်ရပ်များကို ဖြေရှင်းမှုမရှိခြင်းများအား စိုးရိမ်ပူပန်မှုများ ထွက်ပေါ်လာခဲ့သည်။

ILO သည် ၎င်း၏ ပြဋ္ဌာန်းချက်အမှတ် (၁၈၂) ကလေးအလုပ်သမားများကို အဆိုးဝါးဆုံးပုံစံဖြင့်ခိုင်းစေခြင်းကို အထူးတလည် ထည့်သွင်းစဉ်းစားပြီး ပြဋ္ဌာန်းချက်အမှတ် (၁၈၉) အိမ်အကူအလုပ်အကိုင်ပြဋ္ဌာန်းချက်တွင်လည်း ကလေးသူငယ်အိမ်အကူ အလုပ်ကို 'တတိယလူတဦးတယောက် သို့မဟုတ် အလုပ်ရှင်တဦးတယောက်ထံတွင် အိမ်အကူကဏ္ဍ၌ ကလေးများ လုပ်နေရသောအလုပ်' ဟူ၍ သတ်မှတ်ဖော်ပြထားပါသည်။ (ဤယေဘုယျသဘောတရားသည် ခွင့်ပြုနိုင်ခြင်း ထို့အတူ ခွင့်မပြုနိုင်ခြင်း အခြေအနေနှစ်ရပ်လုံးကို အချုပ်အားဖြင့်ဖော်ပြသည်)[၂] ယေဘုယျအားဖြင့် အိမ်အကူအလုပ်အကိုင်ရှိကလေး အလုပ်သမားဆိုသည်မှာ သက်ဆိုင်ရာအနိမ့်ဆုံးအသက် သတ်မှတ်ချက်အောက်တွင် (ပေါ့ပါးသောအလုပ်၊ အချိန်ပြည့်၊ အန္တရာယ်မရှိသောအလုပ်များ) ဘေးအန္တရာယ်ရှိသော အခြေအနေများ သို့မဟုတ် ကျွန်ပြုခိုင်းစေခြင်းကဲ့သို့သော အခြေအနေများတွင် အိမ်အကူအလုပ်အကိုင်လုပ်နေရသော ကလေးများကို ရည်ညွှန်းသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေမူဘောင်နှင့် ကလေးအိမ်အကူအလုပ်အကိုင်၊ အိမ်အကူအလုပ်အကိုင်ရှိ ကလေးအလုပ်သမားများအပေါ်တွင် ILO ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ မြန်မာနိုင်ငံရှိအနေအထားကို လက်ရှိဆန်းစစ်လေ့လာမှုပြုရာ၌ကလေးအိမ်အကူအလုပ်နှင့်အိမ်အကူအလုပ်အကိုင်မှကလေးအလုပ်သမားကလေးအလုပ်သမားများနှစ်မျိုးစလုံးကို အထောက်အထားများနှင့် တွေ့ရှိရသည်။

အဓိကတွေ့ရှိချက်များ

လက်ရှိ အရည်အသွေးအခြေပြု မြန်ဆန်စွာဆန်းစစ်လေ့လာမှုမှ တွေ့ရှိရသည်မှာ ကလေးအိမ်အကူ အလုပ်အကိုင်သည် ရန်ကုန်တွင် ပျံ့နှံ့ဖြစ်တည်လျက်ရှိပြီး ကလေးအိမ်အကူအလုပ်သမားအများစုမှာ ဆင်းရဲသည့် ကျေးလက်ဒေသများမှ သို့မဟုတ် ပဋိပက္ခသက်ရောက်ခံရသည့်နေရာများမှလာသော တိုင်းရင်းသားလူနည်းစုများမှ ဖြစ်သည်ကို တွေ့ရသည်။ တွေ့ရှိချက်များမှာ သက်ဆိုင်ရာစာရွက်စာတမ်းများကို ပြန်လည်သုံးသပ်လေ့လာခြင်း(Desk review)နှင့် ကလေးသူငယ် အိမ်အကူအလုပ်အကိုင်နှင့် သက်ဆိုင်ဆက်စပ်သောသူများ၊ ကလေးအိမ်အကူ အလုပ်သမားများ၏ မိဘများ၊ ဆရာ/ဆရာမများ၊ ဘာသာရေး ခေါင်းဆောင်များ၊ ပွဲစားများ၊ ကလေးအိမ်အကူ အလုပ်သမားများ၏ အလုပ်ရှင်များ၊ အစိုးရအရာရှိများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ အစရှိသူတို့နှင့် တစ်စိတ်တစ်ပိုင်း ကြိုတင်ပြင်ဆင်ထားသော လူတွေ့မေးမြန်းခြင်းများ (Semi-structured interviews) အကြိမ် (၈၀) မေးမြန်းတွေ့ဆုံခဲ့သည်များ အပေါ်တွင် အခြေခံထားပါသည်။ ထိုလူတွေ့မေးမြန်းမှု အကြိမ် (၈၀) တွင် (၂၈) ကြိမ်မှာ လက်ရှိ သို့မဟုတ် ယခင်က ကလေးအိမ်အကူအလုပ်သမား ဖြစ်ခဲ့ဖူးသူများနှင့် မေးမြန်းခဲ့ခြင်းဖြစ်ပြီး အသက်အငယ်ဆုံးမှာ (၉) နှစ်အရွယ်ရှိ ပဒိုဝ်ကလေးငယ်တစ်ဦးဖြစ်သည်။ ဆန်းစစ်လေ့လာမှုတွင် ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်းများလည်းပါဝင်ပြီး လုံခြုံသင့်လျော်သောနေရာရရှိရန်ခက်ခဲမှုနှင့် လူအများမှ ထိုကဲ့သို့သော ကိုယ်ပိုင်သီးသန့် လွတ်လပ်မှုနှင့် ဆိုင်ပြီး အထိမခံသည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးရန် တွေဝေခြင်း သို့မဟုတ် ငြင်းဆိုခြင်းများကြောင့် အထူးခက်ခဲကြမ်းတမ်းခဲ့ပါသည်။ လူတွေ့မေးမြန်းခြင်းများနှင့် ဆွေးနွေးခြင်းများအပြင် သုတေသီများသည် သုတေသန ပြုလုပ်ခဲ့သည့်နေရာများတွင်နေထိုင်သော ကလေးသူငယ် အိမ်အကူအလုပ်အကိုင်ကို သိရှိသမျှပြောဆိုဆွေးနွေးပေးနိုင်သူ၊ အထူးသဖြင့် ကလေးအိမ်အကူအလုပ်သမားများကို တွေ့ဆုံပေးနိုင်မည့်သူများနှင့် အလွတ်သဘော ဆွေးနွေးရာမှ သိခဲ့ရသည်များကို မှတ်သားလာခဲ့ခြင်းများလည်းပါဝင်ပါသည်။ စမ်းချောင်းမြို့နယ်မှ ဆိုင်ကားနင်းသူများ၊ လမ်းသန့်ရှင်း ရေးပြုလုပ်သူများ၊ စျေးဆိုင်ပိုင်ရှင်များနှင့် ထိုသို့လူတွေ့မေးမြန်း ခဲ့သည်များမှာ အထူးအကူအညီရခဲ့ပါသည်။

လက်ရှိဆန်းစစ်လေ့လာမှုမှ တွေ့ရှိချက်များအရ ကလေးအိမ်အကူအလုပ်သမားအများစုမှာ မိန်းကလေးများဖြစ်သည်။ ယောကျ်ားလေးများ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများရှိသည့်နေရာများမှ ယောကျ်ားလေးများသည် အိမ်အကူအဖြစ် လုပ်ကိုင်ရန်ရှာဖွေကြသော်လည်း အိမ်ထောင်စုများတွင် အလုပ်လုပ်ရသည်ထက် လက်ဖက်ရည်ဆိုင်များ၊ ပုံမှန်အားဖြင့် ယောကျ်ားလေးများလုပ်ကိုင်သည့်နေရာများဖြစ်သည့် စားသောက်ဆိုင်များ၊ ဘတ်စ်ကားဂိတ်များ၊ ဆိပ်ကမ်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်ကြရသည့် အနေအထားက ပိုများပါသည်။ အိမ်အကူအလုပ်အကိုင်တွင် ယောကျ်ားလေးများနှင့် မိန်းကလေးများလုပ်ကိုင်ရသည့်အလုပ်များမှာ အမျိုးမျိုးဖြစ်ကြပြီး မိန်းကလေးများမှာ အိမ်အတွင်းနှင့် မိသားစုအကြား လုပ်ရသည့်တာဝန်များကို ပိုမိုလုပ်ကြရဟန်ရှိပြီး ယောကျ်ားလေးများမှ အိမ်ပြင်ပအလုပ်များဖြစ်သည့် တံမြက်စည်းလှဲခြင်း၊ ခြံစောင့်ခြင်း သို့မဟုတ် တောက်တိုမယ်ရများလုပ်ရခြင်းကို လုပ်ကြရသည်။

ဆင်းရဲသည့်မိသားစုများသည် ကလေးများကို ကျွေးမွေးရသည့် ပါးစပ်များနည်းသွားစေရန်လည်းကောင်း၊ ဝင်ငွေရရှိရန်သော်လည်းကောင်း၊ အကြွေးဆပ်ရန်အတွက်သော်လည်းကောင်း သို့မဟုတ် ကလေး သို့မဟုတ် လူငယ်များအတွက် မွေးစားမိသားစုများ ရသွားစေရန်သော်လည်းကောင်း အိမ်အကူအလုပ်အကိုင်တွင် လုပ်ရန် စေလွှတ်ကြပြီး သို့မဟုတ်ပါက စက်ရုံများသို့လည်းကောင်း၊ လက်ဖက်ရည်ဆိုင် သို့မဟုတ် အခြားမိသားစုနှင့်မဟုတ်သည့် ဆိုင်များ၊ အလုပ်ရုံများသို့ စေလွှတ်ကြသည်။ အမှန်တကယ်အားဖြင့် ကလေးများကို အိမ်အကူအလုပ်သို့စေလွှတ်သူ သို့မဟုတ် ကလေးများကို ထိုသို့စေလွှတ်ရန် ကြံရွယ်ထားသူမိဘများတွင်

ကလေးများကို ထိုသို့စေလွှတ်ထားရှိခြင်းဖြင့် ပိုမိုလုံခြုံပြီး စက်ရုံ သို့မဟုတ် အခြားစျေးဆိုင်အလုပ်များသို့ ပို့လွှတ်သည်ထက်ပို၍သက်သာပြီး ပျက်စီးမှုနည်းမည်ဟု ယူဆကြသည်။ မိသားစုပုံစံ အိမ်အကူအလုပ်အကိုင်သည် အိမ်ပြင်ပတွင် မရနိုင်သော အကာအကွယ်နှင့် အုပ်ထိန်းမှုများရမည်ဟု ထင်သော သို့မဟုတ် မျှော်လင့်သော လုပ်ခရရှိသည့် အလုပ်ပုံစံဖြစ်သည်။

ကျေးလက်ဒေသများနှင့် တိုင်းရင်းသားလူနည်းစုသာရှိသည့်ဒေသများတွင် **ပညာသင်ကြားရန်အခွင့်အလမ်းမရှိခြင်း** သည် ကလေးသူငယ်အိမ်အကူအလုပ်အကိုင်တွင်လုပ်ကိုင်ရန် ကလေးများကိုတွန်းပို့သောအချက်တစ်ခုအဖြစ်တွေ့ရှိရသည်။ ကျေးရွာအုပ်စုများတွင် ခရီးအကွာအဝေး၊ ဆိုးဝါးသည့်လမ်းများနှင့် သယ်ယူပို့ဆောင်ရေး ကုန်ကျစရိတ်များကြောင့် အလယ်တန်းနှင့် အထက်တန်းကျောင်းများတက်ရန် လက်လှမ်းမမှီကြပေ။ ထို့အပြင် ကျောင်းထားရာ၌ တူညီဝတ်စုံ၊ ကျောင်းသုံးပစ္စည်းများနှင့် ကျူရှင်ခများစသည့် တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်ကုန်ကျစရိတ်များရှိခြင်းကြောင့် မိဘများသည် ၎င်းတို့၏ကလေးငယ်များကို ကျွမ်းကျင်မှုအရည်အချင်းအသစ်များ သင်ကြားပေးနိုင်မည့် ပတ်ဝန်းကျင်သို့ အိမ်အကူလုပ်သားများအဖြစ်စေလွှတ်ကြသည်။ ပညာရေး၏ကုန်ကျစရိတ်များနှင့် လက်လှမ်းမမှီခြင်းများအပြင် အခြားရှိနေသည့်အချက်များမှာ ပညာရေးသည် မိဘများအတွက် ရေရှည်ရင်းနှီးမြှုပ်နှံမှုဖြစ်သော်လည်း အလယ်တန်း၊ အထက်တန်း အဆင့်ပညာရေးမှာ လုပ်ခလစာကောင်းသည့်အလုပ်မဆိုထားနှင့် အလုပ်အကိုင်ရရှိရန်ပင် အာမခံနိုင်ခြင်းမရှိသောကြောင့် ဆင်းရဲတွင်းမှလွတ်ရန် မလွယ်ကူပေ။ အိမ်အကူအလုပ်သည် စိုက်ပျိုးရေးအလုပ်ထက်ပို၍ ပေါ့ပါးသော၊ ဘေးကင်းလုံခြုံသောအလုပ်အဖြစ်လည်း ရှုမြင်ကြပြီး ထို့ကြောင့်မိဘများမှ ကလေးအိမ်အကူအလုပ်သမားများအဖြစ် စေလွှတ်လိုကြသည်။

ကျေးလက်ဒေသများနှင့် လူနည်းစုတိုင်းရင်းသားဒေသများတွင် **ကလေးသူငယ်များနှင့်လူငယ်များအတွက် အသက်နှင့် သင့်လျော်သော အလုပ်အကိုင်များမရနိုင်ခြင်းသည်** ကလေးအိမ်အကူအလုပ်အကိုင်သို့ ရောက်ရှိသွားရန် လွယ်ကူပြီး ကလေးဘဝနှင့် အရွယ်ရောက်ချိန်အတွင်းပေါင်းကူးပေးသည့် အနေအထားတရပ်အဖြစ်လည်း မြင်ရသည်။ ထိုသို့ တွန်းပို့ သည့်အချက်ကို ဆင်းရဲသည့်မိသားစုများနှင့် ကျောင်းစာသင်ရန်စိတ်မဝင်စားသည့်ကလေးများ နှစ်မျိုးလုံးတွင်တွေ့ရသည်။ ကလေးသူငယ်များနှင့် လူငယ်များကို လွှမ်းမိုးသော သဘောထားတရပ်မှာ ၎င်းတို့ကိုလေလွင့်အချိန်ဖြုန်းခြင်းမျိုး ထား၍မရဘဲ ထိုသို့လေလွင့်နေခြင်းဖြင့် ဒုက္ခပေးခြင်း သို့မဟုတ် ပျင်းရိခြင်းများ ဖြစ်စေနိုင်သောကြောင့် ၎င်းတို့ကို ပိုမိုလုံခြုံမှုပေးနိုင်မည့်၊ ကလေးများ၏အကျင့်စာရိတ္တကိုပိုမိုကောင်းမွန်စေမည့် အိမ်အကူအလုပ်အကိုင်သို့ စေလွှတ်ကြခြင်းလည်းရှိသည်။

လက်နက်ကိုင်ပဋိပက္ခများနှင့် ဆက်စပ်သော မလုံခြုံမှုများသည်လည်း လူနည်းစုတိုင်းရင်းသားနေရာများမှ အခြားနေရာများ သို့ကလေးအိမ်အကူအလုပ်သွားရောက်လုပ်ကိုင်ရန် ကလေးများကို ရှေ့ပြောင်းသွားရောက်စေသော အကြောင်းတရပ် ဖြစ်သည်။ မိဘများအနေဖြင့် ကလေးများကို စစ်တပ်အတွင်းသို့ အဓမ္မစစ်သားစုဆောင်းခြင်း သို့မဟုတ် ပစ္စည်းသယ်သည့် ပေါ်တာအဖြစ်ခေါ်ယူခံရခြင်းမှ ကာကွယ်ရန်အတွက် ကလေးများအတွက်လုံခြုံပြီးအိမ်အကူအလုပ်လုပ်ရင်းပညာရေးကို ဆက်လက်သင်ကြားနိုင်မည့် ဘာသာရေးကျောင်းများသို့မဟုတ် မွေးစားမည့်မိသားစုများထံသို့ ပို့လွှတ်ကြသည်။ ယင်းဖြစ်ရပ်များအရ ဆင်းရဲနွမ်းပါးမှုသည် တခုတည်းသော၊ ထာဝရအကြောင်းရင်းတစ်ခုမဟုတ်ဘဲ မိဘများမှ ၎င်းတို့ကလေးများ၏ လုံခြုံရေးကို စိုးရိမ်ပူပန်ကြသောကြောင့် အဝေးသို့ပို့လွှတ်ကြခြင်းများလည်းရှိသည်။ မြို့ပေါ်ရှိ မိသားစုများနှင့် ကလေးများကို အတူနေထိုင်ရန်စေလွှတ်ကြရာတွင် လူနည်းစုတိုင်းရင်းသားမိသားစုများအနေဖြင့် ဗမာစကားပြောသည့် မိသားစုများထံသို့ ၎င်းတို့၏ကလေးများကို ပို့လွှတ်လိုကြပြီး ကလေးများသည် ဗမာစကားကို ပိုမိုကောင်းမွန်စွာပြောဆိုလာနိုင်မည်ဟု ဖော်ပြကြသည်။ ဗမာစကားပြောဆိုခြင်းသည် အလုပ်စျေးကွက်နှင့် ပညာရေးတို့အတွက် အောင်မြင်လွယ်ကူစေသည်။ အလုပ်ရှင်များနှင့် တိုင်းရင်းသားလူနည်းစုများတွေ့ကြုံရသည့်

ပြဿနာများကို တွေ့ကြုံရင်းနှီးသူများအား လူတွေ့မေးမြန်းရာ၌ ဗမာစကားပြောတတ်ခြင်းသည် ဗမာစကား မပြောတတ်သော လူနည်းစု တိုင်းရင်းသားများကို အနှောင့်အယှက်ပေးသော ဗမာအာဏာပိုင်များ/လက်နက်ကိုင်တပ်ဖွဲ့များမှ အကာအကွယ်ပေးနိုင်သည်ဟုလည်း ယူဆကြသည်။

ကလေးသူငယ်အိမ်အကူအလုပ်အကိုင်၌ လုပ်သားစုဆောင်းခြင်းတွင် ကလေးအိမ်အကူအလုပ်သမားများ၏ မိဘများအနေဖြင့် ကလေးများကို အိမ်အကူလုပ်သားအဖြစ် ထည့်လိုက်ရန် ယုံကြည်နိုင်လောက်သည့်သူများကို ရွေးချယ်နိုင်ခွင့် နည်းသော်လည်း စီးပွားရေးလိုအပ်ချက်အရ ယုံယုံကြည်ကြည်ထား၍သာ ထည့်လိုက်ရသည့် အနေအထားသာရှိသည်။ ကလေးအိမ်အကူအလုပ်သမား မူလနေရပ်၊ မိသားစုများ၊ ရင်းနှီးသူများမှတဆင့် ကလေးအိမ်အကူများကို တင်ပို့သည့်နေရာ၊ လက်ခံသည့်နေရာများမှ လုပ်သားစုဆောင်းသူများသည် ထိုသို့ယုံကြည်မှု ရယူတည်ဆောင်ရန် လိုအပ်သည့်အချက်ကို အထူးတလည် ကြိုးပမ်းတည်ဆောက်ကြပြီး ကလေးများနှင့်လူငယ်များကို အိမ်အကူလုပ်သားများအဖြစ် စေလွှတ်ရန် ညွှန်ကြားလမ်းပြကြသည်။

ကလေးအိမ်အကူရယူလိုသည့် အလားအလာရှိသောအလုပ်ရှင်များကိုလည်း ဘာသာရေးခေါင်းဆောင်များမှတဆင့် ယုံကြည်မှုတည်ဆောက်ပြီး တိုက်တွန်းကြသည်။ ထိုသို့လုပ်ဆောင်ရာတွင် ဘာသာရေးဂိုဏ်းဂဏနှင့်မဆိုင်ဘဲ **ဘာသာရေး ခေါင်းဆောင်များသည် အိမ်အကူစေလွှတ်မည့် မိသားစုနှင့် ငှားရမ်းမည့် မိသားစုနှစ်ဖက်လုံးသို့ သွားရောက် စီစဉ်သည်။** လက်ရှိဆန်းစစ်လေ့လာမှုအရ အလုပ်ရှင်များသည် ကလေးအိမ်အကူအလုပ်သမားများကို ဘုန်းတော်ကြီးသင် စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများမှတဆင့် ရှာဖွေကြသည်ကို တွေ့ရသည်။ ထို့နောက် ကလေးများကို အလုပ်ရှင်ထံသို့ မိဘကို အသိပေးခြင်း သို့မဟုတ် အသိပေးခြင်းမရှိဘဲကလေးအတွက်စီးပွားရေးအရအကောင်းဆုံးအကျိုးအမြတ်ရှိနိုင်မည့်အတိုင်းအတာဖြင့်ပေးချေပြီး အပ်နှင်းသည်။ မူလနေထိုင်ရာနေရာများမှထွက်၍ ကလေးများကို မြို့ပေါ်ရှိအိမ်အကူအလုပ်အကိုင်သို့ ရှာဖွေပို့ပေးရန်တနေရာမှတနေရာသို့သွားလာနေကြသည့်ဘုန်းကြီးများလည်းရှိသည်။ထိုသို့သောကိစ္စရပ်များတွင် မိဘများသည် ၎င်းတို့အခြေအနေကို ကောင်းစွာသဘောပေါက်ကြပြီး ၎င်းတို့၏ကလေးများကို လက်နက်ကိုင်ပဋိပက္ခ၊ ရာဇဝတ်မှုနှင့်သက်ဆိုင်သောကိစ္စရပ်များ၊ လူကုန်ကူးမှုနှင့် ဆင်းရဲနွမ်းပါးမှုတို့မှ ကယ်တင်ရန် မျှော်လင့်ချက်ဖြင့် ကလေးများကို ဘုန်းကြီးများထံသို့ အပ်နှံခြင်းများပင်ရှိသည်။

အခြားသောနည်းလမ်းမှာ ကလေးသူငယ်များ သို့မဟုတ် လူငယ်များသည် **၎င်းတို့နှင့်သက်တူရွယ်တူများ၊ လူမှုမီဒီယာများ** မှတဆင့် အိမ်အကူအလုပ်အကိုင်ကို ၎င်းတို့ကိုယ်တိုင်ရှာဖွေကြခြင်းဖြစ်သည်။ ကျေးလက်ဒေသများမှ အိမ်အကူလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်ကြသော ကလေးသူငယ်များနှင့် လူငယ်များသည် မိဘများထံသို့ အလည်အပတ်ပြန်သည့်အခါ ခေတ်ပေါ်အဝတ်အစားများနှင့် လက်ကိုင်ဖုန်းများကို ဝင့်ကြွားစွာ ကိုင်ပြခြင်းများ ပြုလုပ်ကြသည်။ မြို့ပေါ်တွင် ၎င်းတို့နေထိုင်ရသည့်အနေအထားများကို ဝင့်ကြွားပြကြခြင်းဖြစ်ပြီး ၎င်းတို့ကို မေးမြန်းသူများအား ၎င်းတို့၏ဘဝပုံစံကို အထင်ကြီးစေရန်ဖြစ်ကာ အခြားသောလယ်ကွင်းများထဲတွင် ခါးကျိုးမတတ်လုပ်ကိုင်နေရသည့် လူငယ်များကိုလည်း ၎င်းတို့၏ ပိုမိုသက်သာလွယ်ကူသောဘဝများကို စိတ်ဝင်စားအောင် ပြသလိုကြခြင်းဖြစ်သည်။ အချို့သောဖြစ်ရပ်များတွင် ကလေးသူငယ်များနှင့် လူငယ်များသည် အလုပ်ကိုကိုယ်တိုင်စတင်ရှာဖွေကြပြီး သူငယ်ချင်းများထံ အကြံဉာဏ်တောင်းခံခြင်း၊ အကူအညီပေးနိုင်မည့်လူများကို ချိတ်ဆက်ခြင်းများ ပြုလုပ်ကြသည်။ ထိုသို့သော အခြေအနေများတွင် ကလေးသူငယ်များနှင့် လူငယ်များသည် ပွဲစားမှတဆင့်ရှာဖွေခြင်းများ ပြုလုပ်ကြသည်။

အလုပ်ရှင်တော်တော်များများသည် အိမ်အကူလုပ်သားများကို မိတ်ဆွေများ၊ မိသားစုများမှတဆင့် ရှာဖွေလိုကြသော်လည်း စိတ်ချရသော ကလေးအိမ်အကူအလုပ်သမားရရှိနိုင်ရန်အတွက် ပွဲစားများမှတဆင့် ရှာဖွေကြသူများလည်းရှိသည်။ **ရန်ကုန်မြို့တွင် ကလေးများနှင့် အရွယ်ရောက်ပြီးသား အိမ်အကူလုပ်သားများကို**

ပွဲစားများ ရထားပေါ်မှ စုရုံးကြိုဆိုကြသည့်နေရာမှာ ကြည့်မြင်တိုင်ဘူတာဖြစ်သည်။ စျေးဆိုင်ပိုင်ရှင်များ၊ ဆိုက်ကားသမားများ၊ အလုပ်ရှင်များအားလုံးသည် ထိုနေရာကို အိမ်ဖော်လုပ်သားရှာဖွေပြီး ရန်ကုန်ရှိအခြားနေရာများသို့ ပို့လွှတ်သောနေရာအဖြစ်ညွှန်ပြကြသည်။ ပွဲစားများသည် Viber ကဲ့သို့သော application များကိုသုံးပြီး အလုပ်ရှင်များ/ဌားရမ်းလိုသူများထံသို့ လုပ်သားများ၏ပုံများ ပေးပို့ခြင်းများကို လည်းပြုလုပ်ကြပြီး ထိုသူများတွင် လူကုန်ကူးသူများနှင့် အဓမ္မလုပ်သားရှာဖွေသူအေးဂျင့်များလည်း ပါကောင်းပါနိုင်ပေသည်။

ပွဲစားများမှာ လူတန်းစားပေါင်းစုံဖြစ်ကြပြီး ဘာသာရေးခေါင်းဆောင်များ၊ ဆရာ/ဆရာမများအပါအဝင် ၎င်းတို့ရပ်ရွာလူထုအတွင်း အထူးတလည်လူသိများကြသူလည်း ပါဝင်နိုင်သည်။ ဤဆန်းစစ်လေ့လာမှုအတွက် မေးမြန်းခဲ့သည့် ပွဲစားတော်တော်များများမှာ ကလေးသူငယ်များ အပါအဝင် အိမ်အကူလုပ်သားရှာဖွေစုဆောင်းခြင်း၊ တင်ပို့ခြင်းနှင့် နေရာချထားခြင်းများဖြင့် ဝင်ငွေရနေကြပြီး တခါတရံလုပ်သားများ ညှင်းပန်းနှိပ်စက်ခံရသော၊ ခေါင်းပုံဖြတ်ခံနေရသော အခြေအနေ များရှိသော်လည်း ၎င်းတို့ကိုယ်တိုင် ကိုယ့်ကိုကိုယ် အမှားပြုလုပ်နေကြသူများအဖြစ် မမြင်ကြပေ။ ၎င်းတို့သည် ကိုယ့်ကိုကိုယ် ဝန်ဆောင်မှုပေးသူများ၊ အခက်အခဲ ပြေလည်အောင်ကူညီကြသူများ၊ ညှိနှိုင်းပေးသူ၊ ကြားဝင်စေ့စပ် ပေးသူများ၊ နှစ်ဘက်လုံးမှ မိသားစုများကို အကူအညီပေးနေကြသူများအဖြစ်သာ မြင်ကြသည်။ ထိုစိတ်သဘောထားသည် ပွဲစားများကို ၎င်းတို့လုပ်ဆောင်နေသည့် အမှုအကျင့်များအား လူသိရှင်ကြားမေးခွန်းထုတ်ခံရခြင်းမှ အကာအကွယ် ပေးထားသည်။ ၎င်းတို့သည် ၎င်းတို့၏သက်ဆိုင်ရာ ရပ်ရွာလူထုအတွင်း အထင်ကြီးစဖွယ်စရိုက်လက္ခဏာများရှိကြသော်လည်း နှစ်ဘက်သော ဌားရမ်းအသုံးပြုသူများအပေါ် တွင် ကြောက်ရွံ့လေးစားဖွယ် အမိန့်သြဇာညောင်းကြသည်။

မြန်မာနိုင်ငံရှိအိမ်အကူအလုပ်အကိုင်တွင် **ချက်ပြုတ်ရခြင်း၊ သန့်ရှင်းရေး၊ အဝတ်လျှော်ခြင်းနှင့် မီးပူတိုက်ခြင်း၊ စျေးဝယ်ထွက်ရခြင်း၊ ကလေးငယ်များကို ပြုစုစောင့်ရှောက်ရခြင်း၊ အသက်အရွယ်ကြီးသူများကို ပြုစုစောင့်ရှောက်ရခြင်း၊ တောက်တိုမယ်ရ လုပ်ရခြင်းနှင့် အိမ်ကိုစောင့်ရှောက်ရခြင်းများ ပါဝင်သည်။ ကိစ္စရပ်တော်တော်များများတွင် အိမ်အကူလုပ်သားများ အထူးသဖြင့် အမျိုးသမီးငယ်များနှင့် မိန်းကလေးများသည် ၎င်းတို့အလုပ်ရှင်၏ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ပေး ရသည်များလည်းရှိတတ်ပြီး ထိုသို့လုပ်ကိုင်ပေးရခြင်းများအတွက် အိမ်အကူအလုပ်နှင့် အခြားအလုပ်ဟူ၍ ခွဲခြားပေးထား ခြင်းမျိုး ပြတ်ပြတ်သားသားမရှိပေ။** ထို့ကြောင့် အလုပ်ချိန်နှင့် ပတ်သက်သောစည်းမျဉ်းစည်းကမ်းများကဲ့သို့ အခြားဥပဒေများကို ချိုးဖောက်ခြင်းများလည်း ဖြစ်လာနိုင်ခြေရှိသည်။ စက်ချုပ်ဆိုင်အသေးစား သို့မဟုတ် ကုန်စုံဆိုင်များ၊ အခြားသော အိမ်တွင်းစီးပွားရေးလုပ်ငန်းများတွင် ထိုကဲ့သို့သော ဖြစ်ရပ်နမူနာများကို တွေ့ရသည်။ အပ်ချုပ်သမတစ်ဦး သို့မဟုတ် အရောင်းသမ တစ်ဦးသည် မနက်အရုဏ်တက်ချိန်တွင် အလုပ်ရှင်အိမ်၌ မနက်စာများပြင်ဆင်ကျွေးမွေးခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကလေးများကျောင်းသွားရန်အတွက် ပြင်ဆင်ပေးရခြင်းများပြုလုပ်ရပြီး နေ့လည်ပိုင်းနှင့် ညနေပိုင်းများတွင် အိမ်အလုပ်များပြန်၍ မလုပ်ရသေးမီမနက်ပိုင်း၌ အလုပ်ရှင်၏အလုပ်တွင် စက်ချုပ်ခြင်း၊ ရောင်းချခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများ ကူလုပ်ကြရသည်။ ထိုသို့သောဖြစ်ရပ်မျိုးမှာ အလုပ်ရှင်နှင့် အတူတွဲနေသော မိန်းကလေးများတွင် အဖြစ်များသည်။

ကလေးသူငယ်အိမ်အကူလုပ်သားများမှာ နာရီပေါင်းရှည်ကြာစွာ အလုပ်လုပ်ကြရပြီး အထူးသဖြင့်အပိုအလုပ်များ၊ ပြင်ပ အလုပ်တာဝန်များကိုပါ လုပ်ကိုင်ကြသည်။ သို့သော် လူတွေ့မေးမြန်းခဲ့သည့် အလုပ်ရှင်များအနေဖြင့် အလုပ်ချိန်ကြာရှည်သည်ဟု မယူဆကြဘဲ ၎င်းတို့အဆိုအရ ကလေးအိမ်အကူအလုပ်သမားများသည် တစ်နေ့တာအတွင်း "မကြာခဏ ရသည့်အားလပ်ချိန်များ" ဖြင့်ပျော်မွေ့ကြသည်ဟုဆိုသည်။ ထိုအချိန်များတွင်မိသားစုဝင်ကလေးများဖြင့်တီဗီကြည့်ခြင်းသို့မဟုတ်မိသားစုတွင်းမှသက်ကြီးရွယ်အိုများကို အဖော်လုပ်ပေးခြင်းဖြင့်နေကြသည်ဟုဆိုသည်။ အလုပ်ရှင်များအနေ ဖြင့် ကလေးအိမ်အကူအလုပ်သမားများ

အဆင်သင့်အနေအထားဖြင့် နေရသည့်အလုပ်ချိန်များကို အလုပ်လုပ်သည်ဟူ၍ မသတ်မှတ်ကြပေ။ ထို့အပြင် ကလေးများအနေဖြင့် အသက် (၁၅-၁၆) နှစ်တိုင်အောင် တခါတရံ အလုပ်ရှင်၏ အိမ်ပရဝုဏ်မှ ထွက်ခွာခွင့်မရခြင်း၊ ကိုယ်ပိုင်လွတ်လပ်ချိန်မရခြင်းများလည်းရှိသည်။ အသက် (၁၅) နှစ်အောက် အိမ်အကူကလေးအလုပ်သမားများကို အဖော်မပါဘဲအိမ်မှစေလွှတ်ခြင်းများမှာ ရှားပါးသည်။ အလုပ်ချိန်ရှည်လျားမှုတွင် ကလေးငယ်များကို ငှားရမ်းရာ၌ ကလေးငယ်များ အသင့်ရှိခြင်း သို့မဟုတ် အမြဲရှိနေရခြင်းနှင့် ကလေးများ၏ လူပ်ရှားသွားလာမှုများကို ထိန်းချုပ်ထားရန်မှာ အလုပ်ရှင်၏ သဘောအတိုင်းသာဖြစ်သည်။ အရွယ်ရောက်ပြီး အိမ်အကူအလုပ်သမားများတွင် ပို၍လွတ်လပ်ခွင့်ရှိသလို ပို၍ထိန်းချုပ်ရန်ခက်ခဲပြီး ၎င်းတို့နှင့်အနေအထားတူ ကလေးများထက်ပို၍ လွယ်ကူစွာ အလုပ်ထွက် နိုင်ကြသည်။

ဖြစ်ရပ်တော်တော်များများတွင် ကလေးအိမ်အကူအလုပ်သမားများ၏ မိဘများမှာ ကလေးများ၏ လစာကို သုံးလစာ ကြိုတင်ရယူထားကြသောကြောင့် ကလေးအိမ်အကူအလုပ်သမားများအနေဖြင့် အလုပ်ဆက်လက်လုပ်ကိုင်နေရန်သာ ဖိအားရှိသည်။ ပွဲစားများပါဝင်မှုတွင် ပွဲစားများသည်လည်း ၎င်းတို့၏ကော်မရှင်များကို ကြိုတင်နှုတ်ယူကြသည်။ ကလေးအိမ်အကူမှ အချိန်မတန်ဘဲ စောစီးစွာအလုပ်ထွက်လိုသည်ဆိုပါက (ယင်းအချက်မှာ အရွယ်ရောက်ပြီးသူ အိမ်အကူများလည်းအတူတူပင် ဖြစ်သည်) မိဘများအနေဖြင့် ၎င်းတို့ ကြိုတင်ထုတ်ယူထားသည့် ကလေး၏လစာနှစ်ဆကို ပြန်လျော်ကြရသည်။ အလုပ်ရှင်နှင့် အလုပ်သမားများမှ ယင်းကို အာမခံဟုခေါ်ဆိုကြပြီး ကလေးအိမ်အကူအလုပ်သမား အလုပ်ထွက်ခြင်း သို့မဟုတ် ထွက်ပြေးခြင်း မရှိစေရန် ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ကြသည်။

သို့သော်လည်း ကလေးများသည် အရွယ်ရောက်ပြီးသူများကဲ့သို့ပင် အလုပ်ထွက်ကြပြီး **ထိုအာမခံသည် နဂို ဆင်းရဲပြီးသား၊ အကြွေးတင်ပြီးသားမိသားစုများကို ကလေးများ အိမ်သို့ပြန်လိုခြင်း သို့မဟုတ် အလုပ်ထွက်လို ခြင်းများကြောင့် ပို၍ပင် အကြွေးပိစေကြသည်။** ပွဲစားများပါဝင်သည့်ကိစ္စရပ်များတွင် ၎င်းတို့သည် ကလေးကို သက်ဆိုင်ရာမိဘများထံ ပြန်ပို့သည်ထက် အခြားသော မိသားစုများ သို့မဟုတ် စားသောက်ဆိုင်ကဲ့သို့သော စီးပွားရေးလုပ်ငန်းများတွင် ထပ်မံသွင်းကြပြီး ကလေး၏လစာကို ကြိုထုတ်ကာ ပထမမိသားစုတွင် ပေးရန်ရှိသော အကြွေးများကို ပြန်ပေးခြင်းဖြင့် ကလေးသည် အကြွေးတင်သွားပြီး ကလေးမိသားစုတွင်လည်း ဝင်ငွေ မရရှိပေ။ ကြိုတင်လစာထုတ်သည့် စနစ်သည် ကလေးအိမ်အကူအလုပ်မှ အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးအလုပ်သမားအဖြစ်ပြောင်းလဲသွားစေပြီး ကလေးသည်လဲ ကျွန်ပြုခိုင်းစေသည့်ပုံစံများ အောက်တွင် အလုပ်လုပ်ကြရသည်။

ကလေးအိမ်အကူအလုပ်သမားများသည် နှုတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်းဆိုင်ရာ စော်ကားခံနိုင် ရခြေရှိသည့် အနေအထားများတွင် ရှိသည်။ မြန်မာနိုင်ငံရှိ ယောကျ်ားလေး၊ မိန်းကလေးများသည် သိမ်မွေ့ကျိုးနွံပြီး အမိန့်နာခံတတ်သောကြောင့် အရွယ်ရောက်ပြီးသူများမှ ၎င်းတို့ကိုငှားရမ်းလိုကြသည်မှာ ထိုအချက်လည်း အကြောင်းရင်းတစ်ခုအနေဖြင့် ပါဝင်ပြီး ဖောက်ဖျက်ကျူးလွန်မိသည်များအတွက်လည်း တစ်ခါတစ်ရံ အပြစ်ပေးခံကြရသည်။ နှုတ်အားဖြင့် စော်ကားမှုများတွင် မှားယွင်းလုပ်ကိုင်မှုများအတွက် အော်ဟစ်ခံရခြင်းများ၊ ကလေး၏မူလနေရပ် သို့မဟုတ် မိသားစုအခြေအနေကို စော်ကားပြောဆိုခြင်းများ၊ အသွင်အပြင်နှင့် အရည်အချင်းကို နှိမ်ချအရှက်ခွဲခြင်းများနှင့် ခြိမ်းခြောက်ခံရခြင်းများ ဖြစ်နိုင်သည်။ ရုပ်ပိုင်းဆိုင်ရာအပြစ်ပေးခံရခြင်းများတွင် ကလေး၏မျက်နှာနှင့် ဦးခေါင်းများကို ရိုက်နှက်ခြင်း၊ ဆွဲဆိတ်ခြင်း၊ တွန်းခြင်း၊ ရေနွေးဖြင့် လောင်းခြင်း သို့မဟုတ် ကလေးကို အရာဝတ္ထုတစ်ခုခုဖြင့် ရိုက်နှက်ခြင်းတို့ (ဥပမာ ကြိမ်တုတ်ဖြင့်) ဖြစ်နိုင်သည်။ ထိုသို့သော ကိစ္စရပ်တော်တော်များများတွင် ထိခိုက်အနာတရဖြစ်သည်အထိ မဖြစ်ပါက ထိုသို့ လုပ်ဆောင်ခြင်းများကို စည်းကမ်းရှိစေရန်လုပ်ဆောင်ခြင်းအဖြစ်ယူဆကြသည်။ ကလေးသည် ထိခိုက်အနာ

တရဖြစ်သွားပါက ဆေးဝါးကုသပေးခြင်း ရှိမရှိမှာ မသေချာပေ။ စမ်းချောင်းမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတယောက်ကို မေးမြန်းရာ၌ ၎င်းအနေဖြင့် အလုပ်ခွင်အတွင်းနှိပ်စက်ညှင်းပန်းမှုကြောင့် ဒဏ်ရာရသွားသော ကလေးအိမ်အကူအလုပ်သမားများကို ဆေးဝါးကုသပေးသည့်ကိစ္စမျိုး မကြားဖူးဟုဆိုသည်။ ရုပ်ပိုင်းဆိုင်ရာ ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ရိုက်နက်ပြစ်ဒဏ်ပေးခြင်းများသည် အန္တရာယ်ရှိသောလုပ်ရပ်များဖြစ်ကြောင်း ပြည်သူလူထုအတွင်း အသိပညာပေးမြှင့်တင်မှုများ လုပ်ဆောင်လျက်ရှိသော်ငှ လည်း ထိုသို့လုပ်ရပ်များကို တနိုင်ငံလုံး ကျယ်ပြန့်စွာကျင့်သုံးလျက်ပင်ရှိနေကြသည်။ ထိုထက်ပိုသည်မှာ **၁၉၉၃ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ထားသည့် ကလေးသူငယ်ဆိုင်ရာဥပဒေမူကြမ်းတွင်လည်း ကလေးသူငယ်များကို ရိုက်နှက်အပြစ်ပေးခြင်းများအား တားမြစ်ထားပြီး ကလေးသူငယ်များကို ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်သူများအား ချမှတ်မည့် ပြစ်ဒဏ်များလည်းပါဝင်ပြဋ္ဌာန်းပြီးဖြစ်သည်။**

ကလေးသူငယ်များ၏ အမိန့်မနာခံမှုများနှင့် ကျူးလွန်ခြင်းများ၊ အလုပ်ကို ဆိုးဆိုးဝါးဝါးလုပ်ဆောင်ခြင်းများအတွက် အပြစ်ပေးမှုများအပြင် အချို့သော**အလုပ်ရှင်များသည် ၎င်းတို့ထက်အသက်အရွယ်ငယ်ရွယ်သော အထူးသဖြင့် ကလေးသူငယ်များကို ပို၍နှစ်သက်ပြီး ကလေးများသည် အမိန့်ပေးရန်လွယ်သောကြောင့် ဖြစ်ကြသည်။** မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုစံများအရ အသက်ပိုကြီးသူများ၏ အမိန့်ပေးမှုကို လေးစားလိုက်နာရခြင်းကြောင့် ကလေးသူငယ်များနှင့် ငယ်ရွယ်သည့် အိမ်အကူလုပ်သားများသည် အိမ်အတွင်းတွင် အနိမ့်ဆုံးအနေအထားဖြင့်သာ နေကြရပြီး အဆီးအတားမရှိ အမိန့်ပေး ခိုင်းစေခြင်းကို ခံကြရသည်။

လက်ရှိလေ့လာမှုတွင် လိင်ပိုင်းဆိုင်ရာစော်ကားခံရခြင်းများကို မတွေ့ရှိခဲ့ရသော်လည်း ထိုကဲ့သို့သော ဖြစ်ရပ်မျိုးရှိနေကြောင်း အထောက်အထားများကို တွေ့ခဲ့ရသည်။ လိင်ပိုင်းဆိုင်ရာကိစ္စရပ်များကို ပြောဆိုဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွင်းရှိ လိင်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် လိင်နှင့်ပတ်သက်သည့် အစွဲများကြောင့် ကလေးသူငယ်များနှင့် ငယ်ရွယ်သူများအကြားယင်းကိစ္စရပ်များကို အပြန်အလှန်ယုံကြည်မှု မတည်ဆောက်ဘဲ ထဲထဲဝင်ဝင်သိရှိနိုင်ရန် ခက်ခဲ သည်။ ကလေးအိမ်အကူအလုပ်သမားမိဘများ၊ အရပ်ဘက်အဖွဲ့အစည်းခေါင်းဆောင်များနှင့် အလုပ်ရှင်များ၏ ဖွင့်ဟဖော်ထုတ်ချက်အရ လိင်ပိုင်းဆိုင်ရာစော်ကားသည့် ကိစ္စရပ်များရှိကြောင်းသိရှိရပြီး ပါဝင်ဆွေးနွေးသူများမှလည်း ၎င်းတို့သိရှိထားသည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆန်းစစ်လေ့လာမှုတွင် ရွှေ့ပြောင်းသွားလာမှုနှင့် ကလေးအိမ်အကူအလုပ်အကိုင်သည် ချိတ်ဆက်လျက်ရှိကြောင်းပြသသည်။ ရွှေ့ပြောင်းသွားလာမှုကိစ္စရပ်တော်တော်များများသည် တကြိမ်တည်းနှင့် ရပ်သွားသည်မရှိသော်လည်း အိမ်အကူအလုပ်သမားများ၏ ဘဝမှာမူ အပြောင်းအလဲမရှိတော့ဘဲ အမြဲဖြစ်သွားသည်ကများပါသည်။ ကလေးတော်တော်များများသည် ပထမဆုံးအကြိမ်တွင် ပြည်တွင်း၌ရွှေ့ပြောင်းသွားလာကြပြီး တခါတရံ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား သွားလာကြသော်လည်း အသက်အရွယ်ရလာပါက ဆန္ဒအလျောက်သော်လည်းကောင်း သို့မဟုတ် အတင်းအကျပ်သော်လည်းကောင်း နိုင်ငံရပ်ခြားသို့ ရွှေ့ပြောင်းသွားလာကြကာ တခါတရံ စင်ကာပူနိုင်ငံအထိပင် ရောက်ရှိကြသည်။ အရေးကြီးသည့် မှတ်သားရန်အချက်မှာ မြန်မာနိုင်ငံမှ စင်ကာပူနိုင်ငံသို့ ရွှေ့ပြောင်းရောက်ရှိသွားသည့် အိမ်အကူအလုပ်သမားများမှာ တရားဝင်သွားရောက်ခြင်းမဟုတ်သော်လည်း အကယ်၍ အနည်းဆုံး(၂၃)နှစ်ရှိပါက စင်ကာပူနိုင်ငံတွင် အိမ်အကူအလုပ်သမားသည် အလုပ်ရှာနိုင်ပြီး တရားဝင်အလုပ်လုပ်ခွင့်လည်းရယူနိုင်သည်။ ဤဆန်းစစ်ချက်တွင် တွေ့ရှိချက်အရ အိမ်အကူလုပ်သားများ အထူးသဖြင့် အသက် (၁၈) နှစ်အောက်ရှိသူများသည် ပတ်စ်ပို့များကို ကိုယ်တိုင်မလျှောက်ထားတတ်ကြသောကြောင့် ဤလုပ်ငန်းစဉ်ကို 'ဦးလေး' 'အဒေါ်' များမှ လုပ်ဆောင်ပေးကြပြီး ၎င်းတို့နိုင်ငံခြားသို့ မထွက်ခွာခင် အချိန်အထိ ခရီးသွားလာရေးဆိုင်ရာ အစီအစဉ်များကို ဘာမှမသိရှိကြရသောကြောင့် အချို့မှာ လူကုန်ကူးခံရနိုင်ခြေ ရှိသည်။

ကလေးသူငယ်အိမ်အကူလုပ်သားနှင့် အိမ်အကူအလုပ်အကိုင်များရှိ ကလေးအလုပ်သမားများကို တရားဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်သတ်မှတ်ချက်များအရ လုပ်ကိုင်နိုင်သော်လည်း ကလေးသူငယ် အိမ်အကူအလုပ်အကိုင်၌ ကလေးငယ်များ စတင်လုပ်ကိုင်ရန် အနိမ့်ဆုံးအသက်သတ်မှတ်ချက် အတိအကျ မဖော်ပြထားသည့်အတွက် "သင့်လျော်သော" အလုပ်အဖြစ်အသိအမှတ်ပြု၍မရပေ။ ကလေးသူငယ်အိမ်အကူအလုပ်သည် 'ပုဂ္ဂလိက' လုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပြီး (အိမ်တွင်းအကြမ်းဖက်မှုနှင့်များစွာ ဆင်တူသည်) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ လုပ်ကိုင်ခွင့်အာဏာ အတွင်းတွင် မရှိပေ။ ကလေးသူငယ်အိမ်အကူလုပ်သားများသည် ရပ်ကွက်နှင့် မြို့နယ်အဆင့်များတွင် အလုပ်သမားများအဖြစ် စာရင်းသွင်းဖော်ပြထားခြင်းမရှိဘဲ အိမ်ထောင်စုစာရင်းများတွင် ဖော်ပြထားခြင်းပင်မရှိပါ။ 'လူအများ မြင်သာထင်သာသည့်အနေအထားမှ ဖုံးကွယ်ထားလိုခြင်း' ပင်ဖြစ်သည်။ ဤကိစ္စရပ်တွင် အလွန်အမင်း ပြင်းထန်စွာခေါင်းပုံဖြတ်ညှင်းဆဲမှု ကိစ္စရပ်များမှလွဲ၍ ကလေးအိမ်အကူအလုပ်အကိုင်နှင့် ညှင်းပန်းစော်ကားမှုများကို လိပ်မူဖြေရှင်းမှုမရှိခြင်း ဖြစ်စေသည်။

မြန်မာနိုင်ငံရှိ ကလေးအိမ်အကူအလုပ်အကိုင် ဖြစ်ရပ်နမူနာများစွာသည် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ်ပါဝင်ထားသော ILO ၏ ပြဋ္ဌာန်းချက်အမှတ် (၁၈၂) မှ သတ်မှတ်ထားသည့်အချက်များနှင့် ညီစွန်းလျက်ရှိပြီး "အဆိုးဝါးဆုံးပုံစံဖြင့် ကလေး အလုပ်သမားခိုင်းစေမှုများ" အဖြစ်သတ်မှတ်နိုင်သည်။ ယင်းအချက်များမှာ ကျွန်ပြုခိုင်းစေခြင်းကဲ့သို့သော အခြေအနေများ၊ စီးပွားရေးအရ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုတွင် ကလေးသူငယ်များကို အသုံးပြုခြင်းများ၊ တရားဥပဒေနှင့် မလွတ်ကင်းသောကိစ္စရပ်များတွင် ကလေးသူငယ်များကို အသုံးပြုခြင်းများ စသည်တို့ပါဝင်သကဲ့သို့ နာရီပေါင်းများစွာ အလုပ်လုပ်ရပြီး လေးလံပြင်းထန်သော သို့မဟုတ် ညအချိန်လုပ်ရသောအလုပ်များစသည်တို့ကြောင့် ကလေးများကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ဓာတ်ရေးရာများတွင် ဘေးအန္တရာယ်ဖြစ်စေသည့် ဘေးအန္တရာယ်ရှိသော အလုပ်များတွင် ရုန်းမထွက်နိုင်ပိတ်မိနေခြင်းများလည်း ပါဝင်သည်။

အကြံပြုချက်များကို အကျဉ်းချုပ်ဖော်ပြခြင်း

လက်ရှိဆန်းစစ်လေ့လာမှုနှင့် ပတ်သက်သော အဓိကတိုက်တွန်းအကြံပြုချက်များတွင် ဥပဒေပြုရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး နည်းဗျူဟာများ၊ တရားဝင်အလုပ်လုပ်နိုင်သည့်အသက်တွင် ကျောင်းထွက်လိုက်ရသော ကလေးများအတွက် အလုပ်အကိုင်ရနိုင်မည့်နည်းလမ်းများ၊ ကလေးသူငယ်အကာအကွယ်ပေးရေးနှင့် အသိပညာပေးမှုတိုးမြှင့်ရေးများ ပါဝင်သည်။

၁) လက်ရှိတွင် ဥပဒေရေးရာမူဘောင်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ ရှင်းလင်းမှုမရှိပါ။ မသင်မနေရ ပညာသင်ယူရသည့် အသက်အရွယ်သည် လုပ်ငန်းခွင်သို့ဝင်ရန် ယေဘုယျအသက်နှင့် ချိတ်ဆက်မှုမရှိပေ။ စက်ရုံများ အက်ဥပဒေကန့်သတ်ချက်အရ အသက်ငယ်သော (၁၄နှစ်-၁၆နှစ်)ကလေးများအတွက် အလုပ်ချိန်နာရီများမှာ မတူကွဲပြားသည့် အလုပ်အမျိုးအစားများ၏ သတ်မှတ်ချက်ဘောင်အတွင်း ပိုမိုရှုပ်ထွေးမှုများဖြစ်စေသည်။ သတ်မှတ်ချက်မူဘောင်အတွင်း ရှင်းလင်းစွာခွဲခြားသတ်မှတ်ရန် လိုအပ်သည်များမှာ -

- လုပ်ငန်းခွင်သို့ဝင်ခွင့်ပြုရန် ယေဘုယျအသက် - ဘေးအန္တရာယ်ရှိသောအလုပ်များကို ကန့်သတ်ရန်မှ လွဲ၍ မည်သည့်ကန့်သတ်ချက်မှမရှိဘဲ အလုပ်လုပ်ခွင့်ပြုသင့်သောအသက်
- မသင်မနေရ ပညာသင်ယူရသည့် အသက်အရွယ်သည် လုပ်ငန်းခွင်သို့ဝင်ရန် ယေဘုယျအသက်နှင့် ချိတ်ဆက်မှုရှိသင့်သည်
- ပေါ့ပါးသောအလုပ်ကို ပြဋ္ဌာန်းသတ်မှတ်သင့်ပြီး အသက် (၁၂နှစ်-၁၃နှစ်)နှင့် လုပ်ငန်းခွင်သို့ဝင်ရန် ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးအသက်ထက်ငယ်နေသေးသူများအတွက် သတ်မှတ်ပြဋ္ဌာန်းသင့်သည်

၂) မြန်မာနိုင်ငံအစိုးရအနေဖြင့်လုပ်ဆောင်သင့်သည်မှာ : i) ILO ပြဋ္ဌာန်းချက် အမှတ်(၁၈၂) အခန်း ၃(က)နှင့်အညီ သတ်မှတ်ထားသော ကျွန်ုပ်ခြိုင်းစေသည့် အခြေအနေများမဖြစ်အောင် အိမ်အကူအလုပ်အကိုင်ရှိ ကလေးသူငယ်များ အားဂရုစိုက်အကာအကွယ်ပေးသင့်သည်၊ ii) အိမ်အကူအလုပ်အကိုင် အမျိုးအစားများကိုလည်း လုပ်ငန်းများ၏ သဘောသဘာဝ သို့မဟုတ် အလုပ်လုပ်နေရသည့် ပတ်ဝန်းကျင်၊ ကလေးများ၏ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်များကို ဘေးဖြစ်စေနိုင်ခြေရှိမရှိ စသဖြင့်ခွဲခြားသတ်မှတ်သင့်ပြီး ထိုကဲ့သို့သော ကလေးအလုပ်သမားအမျိုးအစားများကို တားမြစ်ကာ ပယ်ဖျက်အောင်ဆောင်ရွက်သင့်သည်၊ iii) အိမ်အကူအလုပ်သမားများ၏ အလုပ်အကိုင်နှင့် နေထိုင်ရသည့်အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းသောအခါ အဖွဲ့ဝင်များအနေဖြင့် အမျိုးသားဥပဒေ၊ နည်းဥပဒေများအရ ပြဋ္ဌာန်းသတ်မှတ်ထားသော အသက် (၁၈) နှစ်အောက်နှင့် အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်ထက်ကျော်လွန်သော အိမ်အကူလုပ်သားများ၏ လိုအပ်ချက်များကို အထူးတလည် သတိပြုလုပ်ဆောင်သင့်ပြီး ၎င်းတို့ကို အကာအကွယ်ပေးရန် လုပ်ဆောင်ချက်များချမှတ်သင့်သည်၊ (က) အနားယူရန်၊ ပညာသင်ကြားရန်နှင့် လေ့ကျင့်သင်ကြားမှုများ၊ အပန်းဖြေရန်နှင့် မိသားစုများနှင့် ဆက်သွယ်ရန် လုံလောက်သည့် အချိန်ရရှိစေရန်အတွက် အလုပ်လုပ်ရသည့် အချိန်နာရီများကို တင်းကြပ်စွာကန့်သတ်ပေးသင့်သည်၊ (ခ) ညပိုင်းအလုပ်များကိုလည်း တားမြစ်ရမည် (ဂ) ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာများကို အလွန်အကျွံ တောင်းဆိုမှုဖြစ်စေသည့် တင်းကျပ်ပြင်းထန်သော အလုပ်များခိုင်းစေခြင်း (ဃ) အလုပ်လုပ်ခြင်းနှင့် နေထိုင်ရသည့် အခြေအနေများကို စောင့်ကြည့်လေ့လာနိုင်မည့်စနစ်များ ထူထောင်ခြင်း သို့မဟုတ် အားကောင်းစေခြင်း။

၃) မြန်မာနိုင်ငံအစိုးရအနေဖြင့် အလုပ်လုပ်ခွင့်ပြုသည့် အနိမ့်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် (၁၃၈)ကို အတည်ပြုရေးထိုးရန်အတွက် အဆင့်လိုက်ဆောင်ရွက်သွားသင့်ပြီး အခန်း (၂) တွင် "ဤပြဋ္ဌာန်းချက်ကို အတည်ပြုပါဝင်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤပြဋ္ဌာန်းချက်နှင့် ပူးတွဲပါအချက်များကို ကြေငြာချက်တစ်ရပ်ထုတ်ပြန်ခြင်း၊ အလုပ်လုပ်ခွင့်ပြုသည့် သို့မဟုတ် အလုပ်အကိုင် ခန့်အပ်နိုင်သည့် အနိမ့်ဆုံးအသက် သတ်မှတ်ချက်ကို နိုင်ငံပိုင်နက်အတွင်းနှင့် ထိုပိုင်နက်အတွင်း မှတ်ပုံတင်ထားသည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းအားလုံးတွင် ပြဋ္ဌာန်း သတ်မှတ်ရမည်ဖြစ်ပြီး" "မသင်မနေရပညာရေးစနစ်ဆုံးခန်းတိုင်သည့် အသက်ထက်မငယ်စေရဘဲ မည်သို့ပင်ဖြစ်စေ အသက် (၁၅) နှစ်အောက်မငယ်စေရ" ဟုပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းချက် (၇) ခုအရ "အမျိုးသားဥပဒေ သို့မဟုတ် နည်းဥပဒေများသည် အသက် (၁၃) နှစ်မှ (၁၅) နှစ်အတွင်းရှိသူများကို ပေါ့ပါးသည့် အလုပ်များလုပ်ကိုင်ရန် ခွင့်ပြုပေးနိုင်ပြီး ထိုအလုပ်များမှာ (က) ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘေးဖြစ်မည့်ဟန်မရှိသော (ခ) ကျောင်းတက်မှုကို အနှောက်အယှက်မဖြစ်စေသော၊ အသက်မွေးသင်တန်းကျောင်းများတက်ရောက်ခြင်း သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များမှ အတည်ပြုပေးထားသော သင်တန်းအစီအစဉ်များတွင် ပါဝင်ခြင်း၊ သို့မဟုတ် သင်ကြားပို့ချမှုမှ ရရှိမည့် ၎င်းတို့၏ စွမ်းဆောင်ရည်ဆိုင်ရာအကျိုးကျေးဇူးများကို ထိခိုက်မှုမရှိစေရ" ဟုပြဋ္ဌာန်းထားသည်။ အခြားသော အခန်းများ တွင်ပြဋ္ဌာန်း ထားသည်မှာ အိမ်အကူဥပဒေများသည် "အသက်အနည်းဆုံး (၁၅) နှစ်ရှိပြီးဖြစ်သော်လည်း ၎င်းတို့၏ မသင်မနေရ ပညာရေးမပြီးဆုံးသေးသူများကို အပိုဒ်ခွဲ (က) နှင့် (ခ) တို့၌ ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီလျှင် အလုပ်အကိုင်ခန့်အပ်ရန် သို့မဟုတ် အလုပ်လုပ်ခွင့်ပြုနိုင်သည်" ဟုဖော်ပြထားပြီး "သက်ဆိုင်ရာ တာဝန်ရှိသူမှ ဤအခန်းပါအပိုဒ် (၁) နှင့် (၂) အောက်တွင်ပါရှိသည့် အချက်အများနှင့်အညီ မည်သို့သောအလုပ်အကိုင်ခန့်အပ်မှု သို့မဟုတ် အလုပ်အား ခွင့်ပြုရမည်ကို သတ်မှတ်သွားရမည်ဖြစ်ပြီး ထိုအလုပ်အကိုင်ခန့်အပ်မှု သို့မဟုတ် အလုပ်တွင်ရှိရမည့် အလုပ်ချိန်နာရီပေါင်းနှင့် အလုပ်အခြေအနေများကိုလည်း ပြဋ္ဌာန်းသွားရမည်" ဟူ၍ ဖြစ်သည်။

၄) မြန်မာနိုင်ငံတော်အစိုးရသည် ကလေးသူငယ်အိမ်အကူအလုပ်အကိုင်နှင့် ၎င်းတို့ကို အကာအကွယ်ပေးရေး နည်းစနစ်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းသွားနိုင်ရန်ကြိုးပမ်းသင့်သည်။ ၎င်းကို အိမ်အကူအလုပ်အကိုင်ဆိုင်ရာပြဋ္ဌာန်းချက် (၂၀၁၁၊ C ၁၈၉)အား အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် စတင်နိုင်ပြီး ကလေးငယ်များ၊ ကလေးသူငယ်အလုပ်နှင့် လုပ်သားဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် ပြဋ္ဌာန်းချက်များအကြား တညီတညွတ်ဖြစ်သွားစေရန် ပြည်တွင်းဥပဒေများမှတဆင့် အကောင်အထည်ဖော်သွားနိုင်သည်။

၅) နိုင်ငံတော်အဆင့်နှင့် နိုင်ငံတော်အဆင့်မဟုတ်သော ကလေးသူငယ်အကာအကွယ်ပေးရေး နည်းစနစ်များကို ပိုမိုအားကောင်းစေရန်လိုအပ်ပြီး အကာအကွယ်ပေးရေးပြဋ္ဌာန်းချက်များကိုလည်း တရားဥပဒေအရရရှိနိုင်အောင်လုပ်ဆောင်ရန်လိုအပ်ပြီးဥပဒေအရအရေးယူဆောင်ရွက်မှုများလည်း အလွယ်တကူလုပ်ဆောင်နိုင်ရန်လိုသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်ပြန့် ကျေးလက်နှစ်နေရာလုံးတွင် တိုးမြှင့်ရန်လိုပြီး စီမံခန့်ခွဲရေးဝန်ထမ်းများအနေဖြင့်မတူညီသော လိုအပ်ချက်များကို တုံ့ပြန်လုပ်ဆောင် ပေးရန်လိုသည်။ အဖွဲ့အစည်းများအကြားတွင်လည်း မှတ်တမ်းမှတ်ရာများ၊ အထောက်အထားများထားရှိသည့် စနစ်များရှိသင့်ပြီး အဖွဲ့များအနေဖြင့်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ စောင့်ကြည့်လေ့လာရေး၊ အကာအကွယ်ပေးရေးနှင့် ကြားဝင်ကူညီမှုများကိုနေရာအားလုံးတွင် ထောက်ပံ့လုပ်ဆောင်ရန်ခွင့်ပြုသင့်သည်။ ရန်ိုင်သမျှသော Hotline များ

သည်လည်း အလုပ်လုပ်မှုရှိပြီး ဝန်ထမ်းများအချိန်တိုင်းရှိသင့်သည်။ ပြည်သူလူထုများထံသို့ ကမ်းလှဉ်ကူညီနိုင်သူများ၊ အထူးသဖြင့် အစိုးရဌာနမှမဟုတ်သူများကိုလည်း လေ့ကျင့်ပျိုးထောင်သင့်ပြီး အိမ်အကူ အလုပ်တွင်းရှိ ကလေးအလုပ်သမားဆိုင်ရာ ကိစ္စရပ်များကို ခွဲခြားသတ်မှတ်ရန်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်ရန်အတွက် အားကောင်းသော အရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များမှ နောက်ခံပေးထားပြီး သက်ဆိုင်ရာအကူအညီများပေးနိုင်ရန် လုပ်ဆောင်ပေးသင့်သည်။

၆) ကလေးအိမ်အကူအလုပ်သမားလုပ်ငန်းများကို လိပ်မူဆောင်ရွက်လျက်ရှိသည့် အမျိုးမျိုးသော အေဂျင်စီများနှင့် အကျိုးသက်ဆိုင်ပတ်သက်သူများမှတဆင့် အချက်အလက်များကောက်ယူရန်၊ အေဂျင်စီများအကြားရှိ စာရွက်စာတမ်းအထောက်အထားစနစ်များမှတဆင့် အချက်အလက်များကောက်ယူခြင်းများကို ခွဲခြမ်းလေ့လာ၍ ကလေးအိမ်အကူအလုပ်အကိုင်ဆိုင်ရာများအား အထောက်အထားအခြေခံသော မူဝါဒချမှတ်မှုဖြစ်စေရန်နှင့် စောင့်ကြည့်လေ့လာရေး၊ အကာအကွယ်ပေးရေးနှင့် ပြန်လည်တုံ့ပြန်ရေးများအား ပိုမိုတိုးတက်စေရန် လုပ်ဆောင်သင့်သည်။

၇) ဆင်းရဲနွမ်းပါးမှုနှင့် ကလေးအိမ်အကူအလုပ်သမားများအကြားဆက်စပ်မှုမှာ ရှင်းလင်းပါသည်။ ကလေးများ၏ မိဘများမှာ ပုံမှန်လုံလောက်သောဝင်ငွေကို မရသမျှကာလပတ်လုံး အိမ်အကူအလုပ်အကိုင်နှင့် အခြားသော အလုပ်အကိုင်များသို့ ကလေးငယ်များဆက်လက်ရောက်ရှိနေကြမည်သာဖြစ်သည်။ အလုပ်အကိုင်ခန့်အပ်ရေးကို ဖြစ်ထွန်းအောင်မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုမှလွတ်မြောက်စေမည့် အကောင်းဆုံးလမ်းကြောင်းဖြစ်သည်ဟု ILO မှ ဆွေကိုင်ခံယူပါသည်။ ထိုပကြောင့် ILO အနေဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျော့ချရေး နည်းဗျူဟာအရ လုပ်ငန်းစဉ်များကို မိတ်ဆက်တင်ပြပေးသွားသင့်ပြီး ပိုမိုကောင်းမွန်သော အလုပ်အကိုင်ခန့်အပ်ရေးတွင် အစိုးရနှင့် လူမှုရေးရာမိတ်ဖက်အဖွဲ့များ ပေါင်းစည်းလုပ်ဆောင်ရန် လုပ်ပိုင်ခွင့်များလည်း ပေးအပ်သွား သင့်သည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများမှ အမျိုးသားအဆင့် မူဘောင်များနှင့် ဆက်စပ်လွှမ်းခြုံနေသောကိစ္စရပ်များကို ဦးတည်ဆောင်ရွက်သင့်ပါသည်။

၈) မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြုစီးပွားရေးနိုင်ငံဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အားကောင်းသော ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒများ ချမှတ်ပါက အကျိုးရှိနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသများနှင့် အနီးအပါးရှိမြို့ပြနေရာများ စီးပွားရေးအရ ပေါင်းစည်းဖော်ဆောင်ခြင်း၊ ကျေးလက်ဒေသ စိုက်ခင်းများတွင် မဟုတ်သော အလုပ်အကိုင်များကို ဖန်တီးခြင်းသည် ကျေးလက်နှင့်မြို့ပြ အကြားကွာဟမှုများကို လျော့ချသွားနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသမှ လူငယ်များအပါအဝင် ကျွမ်းကျင်မှုရှိသူ များကို အားပေးမြှင့်တင်ခြင်း၊ အခွင့်အလမ်းများတိုးချဲ့ခြင်းများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဆက်စပ်သော လုပ်ဆောင်ချက်များတွင် ပါဝင်နိုင်သည်များမှာ ညံ့ဖျင်းသော အစီအစဉ်ရေးဆွဲမှုနှင့် ရသုံးမှန်းခြေရေးဆွဲမှုကို အမျိုးသားအဆင့်နှင့် ပြည်တွင်းအဆင့်တွင် ပိုမိုကောင်းမွန်အောင်မြှင့်တင်ခြင်း၊ အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်ပြည်သူလူထုများအပါအဝင် ထိခိုက်လွယ်အုပ်စုများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရရှိစေရန် လုပ်ဆောင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့် သေချာကျနစွာ စီစဉ်ရေးဆွဲခြင်း၊ အထူးသဖြင့် အသေးစားတောင်သူလယ်သမားများနှင့် အမျိုးသမီးများအတွက် ချေးငွေနှင့် အခြားသောစိုက်ပျိုးရေးလုပ်ငန်းအခြေပြုအရင်းအမြစ်များကို လက်လှမ်းမှီရရှိအောင် ဆောင်ရွက်ရေးစသည်တို့ဖြစ်သည်။

၉) ပုံမှန်ဝင်ငွေတိုးလုပ်ငန်းများနှင့် ချေးငွေများလက်လှမ်းမှီရရှိနိုင်မှုများအပြင် ဥပမာ အသေးစားချေးငွေများ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ နားလည်သိရှိမှုများကို ထူထောင်ပေးခြင်းသည် ကျေးလက်မိသားစုများအကြွေးသံသရာ သို့ ကျရောက်ခြင်းမှ အကာအကွယ်ပေးနိုင်သည်။ ငွေချေးခြင်းနှင့် ပတ်သက်သည့် ဥပဒေများကိုပြန်လည် သုံးသပ်သင့်ပြီး ငွေချေးငှားခြင်းများမှ အခွင့်အရေးယူသော၊ မတန်တဆ နှုန်းများဖြင့် ချေးငှားခြင်းများကို အရေးယူ အကာအကွယ်ပေးသင့်ပြီး ထိုသို့သော ကိစ္စရပ်များကြောင့် ကလေးသူငယ်များမှာ အပေါင်ပစ္စည်းများအဖြစ်သို့ မကြာခဏ ကျရောက်သွားတတ်သည်။

၁၀) ကျောင်းထွက်လိုက်ရသူများ၊ တရားဝင်အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသည့် ကျေးလက်လူငယ်များ စသည့် ကလေးငယ်များ၊ အထူးသဖြင့် မိန်းကလေးများကို အလားအလာကောင်းသော အလုပ်အကိုင် လမ်းကြောင်းများရှာပေးခြင်းသည် အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးအလုပ်သမားများအဖြစ် ကျရောက်မသွားစေရန် ကာကွယ်ပေးနိုင်သည်။ ထိုသို့သောလမ်းကြောင်းများတွင် လူငယ်များကို အလုပ်အကိုင် စေးကွက်အတွင်း သို့ဝင်ရောက်ရန် အဆင်သင့်ဖြစ်စေသော အရည်အချင်းများ၊ ကျွမ်းကျင်မှုများတပ်ဆင်ပေးမည့် အခြားသော ပညာရေးလမ်းကြောင်းများလည်း ပါဝင်သင့်သည်။ စာသင်ကျောင်းအခြေပြုသင်ကြားခြင်းနှင့် လုပ်ငန်းခွင်ဝင်သင်တန်းများအကြား ချိတ်ဆက်ပေးမည့် အလုပ်သင်လုပ်ငန်းများ၊ လုပ်ငန်းအခြေပြု လေ့လာသင်ကြားမှုများ စသည်တို့သည် အလုပ်စေးကွက်အတွင်းသို့ ဝင်ရောက်ရန်အတွက် အလားအလာရှိသော စံပုံစံများဖြစ်သည်။

၁၁) မူဝါဒရေးရာကြိုးပမ်းအားထုတ်မှုများကို အစားထိုးသွတ်သွင်းသည်ထက် ရေရှည်တည်တံ့ခိုင်မြဲသော၊ ဦးတည်ချက်ထားပြုလုပ်သော အသိပညာတိုးမြှင့်ရေး လှုံ့ဆော်ပွဲများမှာ ပို၍အထောက်အကူဖြစ်စေသည်။ ကလေးအိမ်အကူအလုပ်နှင့် အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးအလုပ်သမားများနှင့် ပတ်သက်၍ ဖြစ်လာနိုင်ခြေရှိသောအချက်များနှင့် အန္တရာယ်များကို သိကြယုံနှင့် ကူရာကယ်ရာမဲ့နေသော၊ ဆင်းရဲသော မိသားစုများဝင်းတို့၏ ကလေးများကို အိမ်အကူအလုပ်အကိုင်သို့ ပို့လွှတ်နေကြခြင်းအား ရပ်တန့်နိုင်မည် မဟုတ်ပေ။ ထို့ထက်ပိုသည်မှာ လူအများ၏ ယုံကြည်မှုများနှင့် ကျင့်သုံးမှုများကို ပြောင်းသွားစေရန်အတွက် လက်တွေ့မဆန်သောအခြား နည်းလမ်းများ လွှဲပြောင်းသုံးစွဲစေခြင်းကြောင့် အောင်မြင်မှုများမရနိုင်သည့်အပြင် လူအများ၏ လက်မခံသောတုံ့ပြန်မှုများအဖြစ်သို့ပင် ဦးတည်သွားစေနိုင်သည်။ ဥပမာ ကလေးသူငယ်အိမ်အကူ အလုပ်အကိုင်တွင် လူအများ ကျင့်သုံးလုပ်ကိုင်သည်များနှင့် ပတ်သက်၍ ပို၍ပင်လျှို့ဝှက်သွားခြင်းမျိုးဖြစ်သည်။ မည်သို့သော အသိပညာပေး မြှင့်တင်မှုမျိုးမဆို ဖြစ်သင့်သည်မှာ -

က။ လုပ်သားစုဆောင်းရေးနှင့် အလုပ်အကိုင်ခန့်အပ်မှုစက်ဝန်းအတွင်းတွင် ပါဝင်သည့်သူများအားလုံးထံသို့ သတင်းစကားများရောက်သွားနိုင်အောင် ပေးပို့ပေးနိုင်သူများကို ဦးတည်ပရိတ်သတ်အဖြစ်ရွေးချယ်ပါ။ ဥပမာ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ မိဘများ၊ အဘိုးအဘွားများ၊ ကလေးများ၏ ဆရာ၊ဆရာမများ၊ ပြည်သူ့သယ်ယူ ပို့ဆောင်ရေးကို လုပ်ကိုင်နေသည့် အလုပ်သမားများ၊ ကလေးအိမ်အကူအလုပ်သမားများ အများဆုံးရှိသည့် နေရာများမှ အသေးစား စီးပွားရေးလုပ်ငန်းပိုင်ရှင်များ၊ ဆေးဝါးကုသသည့် ပညာရှင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်း၊ ရဲများ စသည်တို့ဖြစ်သည်။

ခ။ ပါဝင်လုပ်ဆောင်မှုများဖြစ်လာအောင် ရှင်းလင်းစိတ်ဝင်စားဖွယ်ရှိသည့် သတင်းစကားများဖြင့် ဖန်တီးပါ (ဥပမာ အိမ်အကူအလုပ်အကိုင်တွင်း ကလေးအလုပ်သမားဖြစ်ရပ် သံသယဖြစ်ဖွယ်များရှိပါက သတင်းပို့ရန် လူမှု ဖူလုံရေး Hotline သုံးရန် ပြည်သူလူထုအား အသိပေးခြင်းမျိုး)

ဂ။ ပြောင်းလဲမှုသဘောတရားတစ်ခုအဖြစ် အမြစ်တွယ်သွားစေသင့်သည်

ဃ။ သင့်လျော်ကောင်းမွန်သည့် သတင်းပို့စနစ်/ကြားခံမီဒီယာကို သုံးရန်
ဇ. ဗျူဟာကျသော ဆက်သွယ်ရေးဖြင့် အတူတကွ လိုက်ပါလုပ်ဆောင်ရန်

၁၂) မြန်မာနိုင်ငံ ကလေးအိမ်အကူအလုပ်အကိုင်နှင့် ပတ်သက်၍ ဆက်လက်သုတေသနပြုလုပ်ရန် လိုအပ်သည်များ မှာ-

က။ ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည် လူမှုရေးပထဝီဝင်နှင့် စီးပွားရေးဆိုင်ရာ လေ့လာချက်များကို အသေးစိတ်ထုတ်ဖော်နိုင်ရန်
ခ။ ကလေးအိမ်အကူအလုပ်သမားများ၏ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ၊ သူတို့၏ဘဝတွင် အရေးကြီး သောအခြားပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ရန်အတွက် လိုအပ်ချက်များကို လိပ်မူ ဆောင်ရွက်နိုင်ရန်
ဂ။ ကျေးလက်နှင့် မြို့ပြအကြား ဖြစ်နိုင်ခြေရှိသော မတူကွဲပြားသည့် အတွေ့အကြုံများကို ခွဲခြား သတ်မှတ် ရန်
ဃ။ ကလေးအိမ်အကူအလုပ်သမားများ၏ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာမှုပုံစံများကို သိရှိ ဆုံးဖြတ်နိုင်ရန်
ဇ။ လုပ်သားစုဆောင်းရေးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်အောင် ဖော်ထုတ်ရန်၊ အထူးသဖြင့် ယုံကြည်စိတ်ချရသောဩဇာရှိ ပုဂ္ဂိုလ်များ၏ ပါဝင်လုပ်ဆောင် ပေးမှုများ
စ။ ကလေးအိမ်အကူအလုပ်သမားများ အလုပ်အကိုင်ခန့်အပ်မှုစက်ဝန်းကို ဖော်ထုတ်နိုင်ရန်
ဆ။ ကလေးအိမ်အကူအလုပ်သမားများအတွက် လက်ရှိအကူအညီများနှင့် လူမှုဖူလုံရေးဆိုင်ရာ စနစ်များ၏ သင့်လျော်ကောင်းမွန်မှုကို အကဲဖြတ်ရန်
ဇ။ ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်၍ ပြည်သူလူထုမှ အထောက်အကူပေး သည့်စနစ်များ ရှိမရှိနှင့် ပျံ့နှံ့ဖြစ်ပေါ်မှုများကို ခွဲခြားသတ်မှတ်ရန်
စျ။ အလယ်တန်းနှင့် အထက်တန်းပညာရေး မပြီးဆုံးလိုက်နိုင်သော အိမ်အကူအလုပ်အကိုင် အတွင်းရှိ ကလေးများအတွက် အနာဂတ်တွင် အလုပ်အကိုင်အခွင့်အလမ်းများကို ခွဲခြား ဖော်ထုတ်ရန်
ည။ ကလေးအိမ်အကူအလုပ်အကိုင်တွင် ညှင်းပန်းနှိပ်စက်မှုများကို ရေရှည်တည်တံ့စေမည့် လူမှု-ဓလေ့ယဉ်ကျေးမှုများနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ခွဲခြားသတ်မှတ်ရန်
ဋ။ မိသားစုများနှင့် အလုပ်ရှင်များအပေါ်တွင်ရှိသည့် ကလေးအိမ်အကူ အလုပ်သမားများ၏ တန်ဖိုးများကို တွက်ချက်ရန်
ဍ။ မိသားစုများကို အထောက်အကူပေးရန်နှင့် ကလေးအိမ်အကူအလုပ်အကိုင်ကို တားဆီးရန် အတွက် လူမှုရေးရာ အကာအကွယ်ပေးမှုဝါဒများ ခွဲခြားသတ်မှတ်ရန်

နောက်ခံအကြောင်းအရာ

ကလေးအိမ်အကူအလုပ်အကိုင် ILO ၏ ၂၀၁၂ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ခန့်မှန်းတွက်ချက်မှုအရ အသက် (၅ နှစ်မှ ၁၇နှစ်) အကြားရှိကလေးသူငယ် (၁၇.၂) သန်းများ အိမ်အကူအလုပ်အကိုင်တွင် ပါဝင်လုပ်ကိုင်နေကြပြီး ထိုအချိန်တွင် ထိုအသက်အရွယ်အုပ်စုမှ စီးပွားရေးလုပ်ငန်းမျိုးစုံတွင် အလုပ်လုပ်နေကြသည့် ကလေးအားလုံး၏ (၆.၅) ရာခိုင်နှုန်းရှိသည်။ အံ့အားသင့်ဖွယ်ရာပင် အိမ်အကူအလုပ်အကိုင်၌ မိန်းကလေးများ အရေအတွက်သည် ယောကျ်ားလေးများ အရေအတွက်ထက်ပို၍များသည်။ စာရင်းအင်းဖြင့်ဆိုရပါက အသက် (၅ နှစ်မှ ၁၇နှစ်) ကြားရှိ စီးပွားရေးလုပ်ငန်းများမှ ယောကျ်ားလေးများ၏ (၃.၈) ရာခိုင်နှုန်းမှာ အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်လျက်ရှိပြီး နှိုင်းယှဉ်ကြည့်ပါက ထိုအသက်အရွယ်ရှိ မိန်းကလေးများမှာ (၉.၉) ရာခိုင်နှုန်းအထိရှိသည်။ ပြည့်စုံစွာဖော်ပြရပါက အသက် (၅နှစ်မှ ၁၇နှစ်) အတွင်းရှိ ယောကျ်ားလေးများ (၅.၆) သန်းသည် အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်နေကြပြီး မိန်းကလေးများမှာ (၁၁.၅) သန်းရှိသည်။

မြန်မာနိုင်ငံရှိကလေးအလုပ်သမားများကို အစီရင်ခံတင်ပြထားသည် ၂၀၁၅ ခုနှစ် မြန်မာလုပ်သားအင်အား၊ ကလေးအလုပ်သမားနှင့် စာသင်ကျောင်းမှ လုပ်ငန်းခွင်သို့အကူးအပြောင်းစစ်တမ်းတွင် တွေ့ရသည်မှာ မြန်မာနိုင်ငံရှိ ကလေးဦးရေစုစုပေါင်း၏ (၁၀.၅%) လူဦးရေ (၁၂) သန်းကျော်မှာ အလုပ်လုပ်နေကြပြီး (၉.၃%) မှာ ကလေးအလုပ်သမားများဖြစ်ကာ (၅.၁%) ၎င်း တို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ဓာတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ဘေးအန္တရာယ်ဖြစ်စေသည့် ဘေးအန္တရာယ်ရှိသောလုပ်ငန်းများတွင် ထောင်ချောက်မိလျက်ရှိကြသည်။ စစ်တမ်း၏ တွေ့ရှိချက်များအရ ကလေးများ အလုပ်ခွင်အတွင်းပါဝင်လာမှုနှုန်းမှာ အသက်အရွယ်အလိုက် တိုးလာနေသည်ကို ပြသလျက်ရှိသည်။ ၅နှစ် - ၁၁နှစ် အကြား ကလေးများမှာ (၁.၇%) အလုပ်လုပ်နေကြပြီး၊ ၁၂နှစ် - ၁၄နှစ်အရွယ်များမှာ (၂၂.၇%) အလုပ်လုပ်နေကြပြီး မယုံနိုင်စရာပင် အသက် ၁၅နှစ် - ၁၇နှစ်ကလေးများ အလုပ်လုပ် နေကြသည်မှာ (၇၅.၆%) အထိပင်ရှိသည်။ မိန်းကလေးများသည် ပိုမိုငယ်ရွယ်သည့်အသက်များတွင် အလုပ်လုပ်ကြဟန်ရှိပြီး ယောကျ်ားလေးများမှာ ပိုမိုအသက်ကြီးသည့် အပိုင်းအခြားများတွင် အလုပ်လုပ်ကြဟန်ရှိသည်။ စစ်တမ်းအရ ဘေးအန္တရာယ်ရှိသောအလုပ်ထက် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးလုပ်သားများကို ခိုင်းစေမှုတွင် ပိတ်မိနေသည့် ကလေးများ၏ အရေအတွက်ကို ခန့်မှန်းဖော်ပြထားခြင်း မရှိပါ။ [၄]

အိမ်အကူအလုပ်အကိုင်များအတွင်းမှ ကလေးအလုပ်သမားများသည် ကလေးသူငယ်၏ အသက်အရွယ်ကြောင့်ဖြစ်စေ၊ ILO ပြဋ္ဌာန်းချက်အမှတ် (၁၃၈) နှင့် (၁၈၂) ပါသတ်မှတ်တားဆီးထားသည့် လုပ်ငန်းပတ်ဝန်းကျင်တို့အောက်တွင် လုပ်နေရသည့်အိမ်အကူအလုပ်များကြောင့်ဖြစ်စေ နိုင်ငံတကာမှ လက်သင့်မခံသော အခြေအနေများဖြစ်လျက်ရှိသည်။ အိမ်အကူလုပ်သားများ၊ အထူးသဖြင့် ကလေးသူငယ်အိမ်အကူ အလုပ်သမားများသည် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများ ထိခိုက်လွယ်သည့် အနေအထားတွင် ရှိကြခြင်း သို့မဟုတ် ၎င်းတို့၏အလုပ်ခွင်များသည် အများပြည်သူ မမြင်သာသောနေရာများဖြစ်ပြီး ယေဘုယျအားဖြင့် လုပ်ဖော်ကိုင်ဘက်များလည်းမရှိကြခြင်းကြောင့် အခြားသော ညှင်းပန်းနှိပ်စက်မှု၊ နှောက်ယှက်မှုနှင့် အကြမ်းဖက်မှုများခံကြသည်။ အထူးသဖြင့် အလုပ်ရှင်များနှင့်အတူနေရသည့် အလုပ်သမားများမှာ ပို၍စိုးရိမ်ဖွယ်ရာဖြစ်သည်။

ILO ၏ မြန်မာနိုင်ငံဆိုင်ရာကလေးအလုပ်သမားပပျောက်ရေးစီမံချက် (My-PEC) သည် ငါးနှစ်ခွဲသက်တမ်း (၂၀၁၄-၂၀၁၉) ရှိသည့် စီမံကိန်းတစ်ခုဖြစ်ပြီး အမေရိကန်အလုပ်သမားရေးရာဌာနမှ ရံပုံငွေပံ့ပိုးပေးခြင်းဖြစ်ကာ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားများလျော့ချနိုင်ရန်အတွက် ကျယ်ပြန့်ပြည့်စုံသော၊ ဘက်ပေါင်းစုံမှ

အကျိုးသက်ဆိုင် ပါဝင်ပတ်သက်သူများ ဆောင်ရွက်ပြီး နိုင်ငံတွင်းရှိ ကလေးအလုပ်သမားဆိုင်ရာ အသိပညာများကို ပိုမိုကျယ်ပြန့်စွာ ပညာပေးသွားနိုင်ရန် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဥပဒေပြုရေးကိုတိုးတက်စေရန်နှင့် ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာစံနှုန်းနှင့် ကိုက်ညီအောင် လိပ်မူဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့်၊ ဒေသအဆင့် စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရန်လည်း ဖြစ်သည်။ နိုင်ငံတော်အဆင့်နှင့် ဒေသအဆင့် ကွန်ရက်များ၏ စွမ်းဆောင်ရည်များ တိုးတက်လာစေရန်နှင့် ကိစ္စရပ်များကို အသိပေးတင်ပြသွားနိုင်ရန်၊ ဦးတည်ထားသည့်ရပ်ရွာလူထုများတွင် တိုက်ရိုက် ကြားဝင်ကူညီမှုများမှတဆင့် ကလေးအလုပ်သမားများကို လျော့ချသွားနိုင်ရန်တို့ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) သည် မြန်မာနိုင်ငံအစိုးရကို ကျယ်ပြန့်ပြည့်စုံသော ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) ရေးဆွဲဖော်ဆောင်နိုင်ရန် အကူအညီပေးလျက်ရှိသည်။ ထိုလုပ်ငန်းသည် နိုင်ငံတော်အဆင့်ကြိုးပမ်းအားထုတ်မှုဖြစ်ပြီး ILO ပြဋ္ဌာန်းချက်ဖြစ်သည့် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှုများ (အမှတ် ၁၈၂) မူဘောင်အတွင်းရှိ အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) များဆန့်ကျင်ရေး ILO ၏ကမ္ဘာ့အဆင့် လုပ်ဆောင်ချက်အစီအစဉ် ပန်းတိုင်များကိုရရှိရန်လည်းဖြစ်သည်။ NAP ၏အလုံးစုံသောပန်းတိုင်များကို ယခုအခါဖွင့်ဆိုထားသည်မှာ "၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံရှိ ယောကျ်ားလေး၊ မိန်းကလေး ကလေးအလုပ်သမားများအားလုံးကို၊ အထူးသဖြင့် အဆိုးဝါးဆုံးပုံစံခိုင်းစေမှုများမှ ထိရောက်စွာ တားဆီးကာကွယ်သွားရေး" ပင် ဖြစ်သည်။

စီမံကိန်းသည် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWGCL) ကိုလည်း အထောက်အကူပေးလျက်ရှိပြီး ဘေးအန္တရာယ်ရှိသော ကလေးအလုပ်သမားသတ်မှတ်နိုင်ရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ချက်အဖြစ် သတ်မှတ် ထားသော လုပ်ငန်းလည်းဖြစ်သည်။ ဘေးအန္တရာယ်ရှိသောအလုပ်များကို သတ်မှတ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အလုပ်သမားများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ INGO များနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ TWGCL အဖွဲ့ဝင်များအားလုံး ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အစဉ်လိုက်ကျင်းပခဲ့ပြီး ဖြစ်သည်။

ကလေးအိမ်အကူအလုပ်အကိုင် (CDW) သည် ဘေးအန္တရာယ်ရှိသော ကလေးအလုပ်သမားစာရင်းပြုစုရန် ဆွေးနွေးစဉ်အချိန်ကတည်းက သတ်မှတ်ခဲ့သည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး ကလေးအလုပ်သမားဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့ (TWGCL) အတွင်း၌ အိမ်အကူအလုပ်အကိုင်ကို စာရင်းတွင်ထည့်သွင်းမသွင်းကို ဆက်လက်ဆွေးနွေးနေသည့် အကြောင်းအရာလည်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ရွေးချယ်ထားသည့် ဇရိယာများမှ ကလေးအိမ်အကူအလုပ်အကိုင် CDW များဆိုင်ရာ လူပ်ရှားပြောင်းလဲမှု အချက်အလက်များကို သိရှိနိုင်ရန်အတွက် ကလေးအိမ်အကူအလုပ်အကိုင်ကို မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုလုပ်ရန် ဆုံးဖြတ်ချက်ချက်ချမှတ်ခဲ့ပြီး အခြားသော USDOL ရံပုံငွေထောက်ပံ့ထားသည့် စီမံကိန်းများဖြစ်သည့် GAP11 စီမံကိန်းမှ ထုတ်ဖော်ရေးဆွဲခဲ့သည့် ကလေးအလုပ်သမားပပျောက်ရေးနှင့် အိမ်အကူအလုပ်အကိုင်များမှ ငယ်ရွယ်သည့် အလုပ်သမားများကို အကာအကွယ်ပေးရေး လက်တွေ့လမ်းညွှန်တို့ကဲ့သို့သော နည်းစနစ်ကိရိယာများကိုလည်း အသုံးပြုရန်ဆုံးဖြတ်ခဲ့ကြသည်။ လက်ရှိလေ့လာမှုအတွက် ထုတ်ဖော်ရေးဆွဲခဲ့သည့် မြန်ဆန်စွာဆန်းစစ်လေ့လာမှု နည်းစနစ်များကို မြန်မာအစိုးရ၏ နစ်စဉ်ကောက်ယူသည့် လုပ်သားအင်အားစစ်တမ်း (LFS) တွင် ရောက်ရှိရန် ခက်ခဲသည့်နေရာမှ ကလေးများနှင့် သက်ဆိုင်သည့် အချက်အလက်များကိုသိရှိနိုင်ရန်အတွက် ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ဆောင်ချက်အစီအစဉ်မှ ရည်ရွယ်ချက် နံပါတ် (၁) နှင့်အညီအသုံးပြုနိုင်ပါသည်။

ဆွေးနွေးတိုင်ပင်မှုလုပ်ငန်းစဉ်နှစ်ရပ်လုံးမှ ပေါ်ထွက်လာသည်များမှာ ထိခိုက်လွယ်ပြီး အိမ်အကူ အလုပ်အကိုင်နှင့် အထူးသဖြင့် ကလေးအိမ်အကူအလုပ်အကိုင်နှင့် ပတ်သက်သော ကိစ္စရပ်များကို နားလည်မှု၊ အသိပညာများမှာလည်း ကွာဟမှုများရှိသည်။ ၂၀၁၅ တွင် My-PEC စီမံကိန်းသည် ကလေးအလုပ်သမား ဆိုင်ရာကိစ္စရပ်များမှ ဥပဒေရေးရာများ ပြန်လည်သုံးသပ်ရာတွင် ကလေးအိမ်အကူအလုပ်အကိုင်ပြဌာန်း ချက်များ၌ အဓိကကွာဟချက်များကို ခွဲခြားသတ်မှတ်ခဲ့သည်။ ထိုပြန်လည်သုံးသပ်မှုကို ၂၀၁၈ တွင် ထပ်မံပြင်ဆင်ခဲ့သော်လည်း ထိုကွာဟချက်များမှာ ရှိနေဆဲပင်ဖြစ်သည်။ အစီရင်ခံစာမှ ထင်ရှားစွာပြဆိုသည့် အချက်မှာ လက်ရှိအမျိုးသားဥပဒေအောက်ရှိ ၁၉၉၃ ကလေးသူငယ်ဥပဒေအရ ကလေးသူငယ် အသက် အရွယ်အားလုံးသည် အိမ်အကူအလုပ်အကိုင်တွင် လုပ်ကိုင်နိုင်ခွင့်ရှိသည်။ လက်ရှိပြန်လှန် သုံးသပ်မှုများအရ ကလေးသူငယ်များ၏ တရားဝင်အလုပ်လုပ်နိုင်သည့် အနိမ့်ဆုံးအသက်သတ်မှတ်ချက်ကို ပြဌာန်းထားသော လက်ရှိသက်ဆိုင်ရာဥပဒေနှင့် အလုပ်သမားဥပဒေများသည်လည်း အိမ်အကူအလုပ်အကိုင်သို့ သက်ရောက် မှုမရှိပေ။ အဘယ့်ကြောင့် ဆိုသော်ထိုဥပဒေများသည် စက်ရုံများ သို့မဟုတ် စျေးဆိုင်များနှင့် အလုပ်ရုံများ နှင့်သာ သက်ဆိုင်မှုရှိသောကြောင့်ဖြစ်သည်။ ထို့ထက်ပိုသည်မှာ မြန်မာနိုင်ငံသည် တရားဝင်အလုပ်ခန့်အပ် နိုင်သည့် အနိမ့်ဆုံးအသက်နှင့် အိမ်အကူလုပ်ငန်းဆိုင်ရာပြဌာန်းချက်များဖြစ်သည့် ILO ပြဌာန်းချက် ၁၃၈ နှင့် ၁၈၉ တို့ကိုလည်း သဘောတူလက်မှတ်ရေးထိုးထားခြင်း မရှိသေးပေ။ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မြန်မာနိုင်ငံရှိ မီဒီယာများမှ ခေါင်းပုံဖြတ်ခံရပြီး ညှင်းပန်းနှိပ်စက်ခံရသော ကလေးအိမ်အကူအလုပ်သမား ကိစ္စရပ်များကို ထုတ်ဖော်တင်ပြခဲ့ကြပြီး စိုးရိမ်ပူပန်မှုများထွက်ပေါ်လာခဲ့သော်လည်း ဤကိစ္စရပ်နှင့် ပတ်သက်၍ လိပ်မူဖြေရှင်းမှုမရှိသေးပါ။

မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း၏ အထွေထွေရည်ရွယ်ချက်များ

ဤဆန်းစစ်လေ့လာမှု၏ ရည်ရွယ်ချက်မှာ ရန်ကုန် (မြို့ပြ၊ အိမ်အကူအလုပ်သမားလက်ခံရာနေရာ)နှင့် မြောင်းမြမြို့နယ် (ကျေးလက်၊ လုပ်သားပို့လွှတ်သည့်နေရာ) များမှ ကလေးအိမ်အကူအလုပ်သမားများအပေါ် အခြေခံ၍ အသိပညာဗဟုသုတများကို ပိုမိုသိရှိအားကောင်းလာစေရန် ရည်ရွယ်သည်။ အထူးသဖြင့် ဤ ဆန်းစစ်လေ့လာမှုတွင် ပါဝင်သည်များမှာ အိမ်အကူအလုပ်အကိုင်များတွင် ကလေးအလုပ်သမားများ ဖြစ်သွားစေရန် ဦးတည်သောဖစ်မြစ်အကြောင်း အရင်းများ/ထိခိုက်လွယ်မှုများကို ကျယ်ပြန့်စွာဆန်းစစ် လေ့လာခြင်း၊ ကလေးအိမ်အကူအလုပ်သမားထွက်ပေါ်သည့် အရင်းအမြစ်ရပ်ရွာလူထုနှင့် လုပ်သား စုဆောင်းမှု လုပ်ငန်းစဉ်များကို ခွဲခြားသတ်မှတ်ခြင်း၊ ကလေးအိမ်အကူ အလုပ်သမားများ အဓိကတွေ့ကြုံ နေရသည့် ဘေးအန္တရာယ်ရှိသည့် အလုပ်တာဝန်များကို ခွဲခြားသတ်မှတ်ခြင်း၊ ၎င်းတို့၏လုပ်ငန်းခွင်အခြေ အနေများနှင့် ပညာရေးဆိုင်ရာ သွင်ပြင်လက္ခဏာများကို နက်နဲစွာခွဲခြမ်းလေ့လာခြင်း တို့ပါဝင်သည်။ မြန်ဆန်စွာဆန်းစစ်လေ့လာမှုသည် သုတေသနအစိတ်အပိုင်းအားလုံးတွင် ပါဝင်သော ကျားမကွဲပြားမှုဆိုင်ရာ ကိစ္စရပ်များကို ပိုမိုတိုးတက်သိရှိရေးအတွက် လုပ်ငန်းကဏ္ဍများတွင် အလုပ်လုပ်နေသော မိန်းကလေး၊ ယောကျ်ားလေးများ၏ အခြေအနေအသေးစိတ်ကို လေ့လာမှတ်တမ်းတင်သွားမည်ဖြစ်သည်။

မြန်ဆန်စွာဆန်းစစ်လေ့လာမှုတွင် ပါဝင်သည့်အခြေအနေများမှ ထွက်ပေါ်လာသည့် အသိပညာများကို အိမ်အကူအလုပ်အကိုင်တွင် ကလေးအလုပ်သမားများကို လက်ခံသုံးစွဲမှုများဆိုင်ရာ ဖြစ်နိုင်ခြေရှိသည့် လူမှု ရေးရာ သဘောထားများကို ပြောင်းလဲရန်ရည်ရွယ်ချက်ဖြင့် အသိပညာပေးမြှင့်တင်မှုများနှင့် ထောက်ခံတင်ပြ မှုများတွင် အသုံးပြုရန်၊ ကလေးသူငယ်များ အထူးသဖြင့် မိန်းကလေးများကို အကာအကွယ်ပေးနိုင်သည့် ပတ်ဝန်းကျင်တစ်ခု အဖြစ်ယုံကြည်ပြောင်းလဲပေးနိုင်ရန်လည်းဖြစ်သည်။ အခြားတဘက်တွင် မြန်ဆန်စွာ ဆန်းစစ်လေ့လာမှု၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ကလေးအလုပ်သမားရပ်ဆိုင်းသွားစေရန်အတွက် မူဝါဒရေးရာလုပ်ဆောင်ချက်များ ဆောင်ရွက်သည့်အခါနှင့် အိမ်အကူအလုပ်အကိုင်တွင်းရှိ တရားဝင်အလုပ်

လုပ်ခွင့်ရှိသော လူငယ်အလုပ်သမားများကို အကာအကွယ် ပေးရန် ခိုင်မာသော အခြေခံအချက်အလက်များပေးနိုင်ရန်လည်းဖြစ်သည်။

မြန်ဆန်စွာဆန်းစစ်လေ့လာမှုပြုလုပ်ခြင်း၏ သီးသန့်ရည်ရွယ်ချက်များ

- မသင်မနေရပညာရေးနှင့် ကလေးအလုပ်သမားကိစ္စရပ်များအပေါ်တွင် လက်ရှိ တည်ဆဲဥပဒေမူဘောင်ကို ခွဲခြမ်းလေ့လာရန်
- ကလေးသူငယ်အကာအကွယ်ပေးရေးဆိုင်ရာ နိုင်ငံတော်အဆင့် မူဝါဒများနှင့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို အသေးစိတ်ပြန်လည်သုံးသပ်ခြင်း၊ ကလေးအိမ်အကူအလုပ်အကိုင်ကို အထူးအလေးပေး၍ လက်ရှိ ကွန်ရက်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများ၊ တာဝန်ယူမှုများ၊ ညှိနှိုင်းဆောင်ရွက်မှုများနှင့် စီမံချက်များ၊ တင်ပြတိုင်တန်းခြင်း ဆိုင်ရာနည်းလမ်းများကဲ့သို့သော မူဝါဒရေးရာကိစ္စရပ်များ၊ တရားစီရင်ရေးနှင့် ဥပဒေအရ ဖြေရှင်းရေးကို လက်လှမ်းမှီရရှိအောင် စီမံထားမှုများ၊ ကလေးသူငယ် အိမ်အကူအလုပ်သမားများ အလုပ်လုပ်နေသည့်နေရာများသို့ သွားရောက်ပြီး အလုပ်သမားစုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်မည့် စွမ်းဆောင်ရည်များ၊ သဘောတူစာချုပ်ချုပ်ဆိုခြင်း ဆိုင်ရာအစီအစဉ်များ အစရှိသည်တို့ကို ပြန်လည်သုံးသပ်ခြင်းများအပါအဝင် အမျိုးသားအဆင့် အခြေအနေများကို ခွဲခြမ်းလေ့လာသုံးသပ်ခြင်းများ
- ကလေးအိမ်အကူအလုပ်အကိုင်များမှ ကလေးသူငယ်များ မူလလာရောက်ရာဒေသများနှင့် ရပ်ရွာလူထုများကို ခွဲခြား သတ်မှတ်ခြင်းနှင့် လုပ်သားစုဆောင်းရေးလုပ်ငန်းစဉ်များကို လေ့လာသတ်မှတ်ခြင်းများ
- ဤသို့သောဖြစ်ရပ်များကို ရပ်ရွာလူထုအဆင့်၊ အိမ်ထောင်စုနှင့် တစ်ဦးခြင်းအဆင့်များတွင် ဖြစ်ပေါ်စေသည့် အဓိကဖစ်မြစ်အကြောင်းအရာများနှင့် မည်သည့်အချက်က "တွန်းပို့သည်၊ ဆွဲခေါ်သည်" ဟူသော အချက်များကို ကွဲပြားအောင်လေ့လာခြင်းများ
- ကလေးအိမ်အကူအလုပ်သမားများ၏ လူမှုရေးရာများနှင့် လူမှုပထဝီဝင်ဆိုင်ရာ သွင်ပြင်လက္ခဏာများကို စနစ်တကျလေ့လာမှုများထူထောင်ခြင်း
- ကလေးသူငယ်အိမ်အကူလုပ်သားများလုပ်ရသည့်အလုပ်များ၏ စရိုက်လက္ခဏာများကို နက်နက်နဲနဲ ဆန်းစစ်လေ့လာမှုများပြုလုပ်ခြင်းနှင့်
- ကလေးအိမ်အကူအလုပ်သမားများရင်ဆိုင်ရသည့်ဘေးအန္တရာယ်များဆိုင်ရာ ဆန်းစစ်လေ့လာမှုများ

နည်းစနစ်

ဤလေ့လာမှုတွင်အသုံးပြုခဲ့သည့် နည်းစနစ်များနှင့် ကိရိယာများမှာ အရည်အသွေးအခြေပြု မြန်ဆန်စွာ ဆန်းစစ် လေ့လာမှုပြုလုပ်ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိပါသည်။ ၎င်းတို့တွင် 'အထူးကြပ်မတ် လေ့လာမှု၊ သုံးဦးသုံးဖလှယ်တိုက်ဆိုင်စစ်ဆေးမှုများဖြင့် အဖွဲ့လိုက် အရည်အသွေးအခြေပြုပုံစံ မေးမြန်းစုံစမ်းခြင်းများ၊ အချက်အလက်များကိုထပ်ခါတလဲလဲ ခွဲခြမ်းလေ့လာခြင်းများနှင့် အတွင်းဘက်မှသူများ၏ အမြင်ရှုထောင့်ကို ပဏာမကြိုတင်သိရှိနားလည်နိုင်ရန်အတွက် ဖြည့်စွက်အချက်အလက်များ ကောက်ယူခြင်းများ' စသည်တို့ ကိုယ်စားပြုပါဝင်ပါသည်။[၅] ဆန်းစစ်လေ့လာမှုတွင် ဆင့်ပွားစာရွက်စာတမ်းများလေ့လာခြင်း (Desk review)နှင့် ပမာနကျသော သုတေသနနည်းလမ်းများကို ပေါင်းစပ်အသုံးပြုခြင်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဆင့်ပွားသုတေသနတွင် ပါဝင်သည်များမှာ -

- ကလေးအလုပ်သမား၊ ကလေးအိမ်အကူအလုပ်အကိုင်၊ အရွယ်ရောက်ပြီးသူများ အိမ်အကူအလုပ်အကိုင် စသည်တို့နှင့် ပတ်သက်၍ ထုတ်ဝေထားသည့် စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်လေ့လာခြင်းနှင့် ကလေးဗဟိုပြု သုတေသနနည်းလမ်းများနှင့် ကျင့်ဝတ်များ
- အထက်ပါအကြောင်းအရာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှိ အထောက်အထား စာရွက်စာတမ်းများကို ပြန်လည် သုံးသပ်ခြင်း
- အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ သဘောတရားဆိုင်ရာ အကြောင်းအရာများနှင့် ဥပဒေရေးရာ မူဘောင်များကို မှန်ကန်စွာ ရည်ညွှန်းမှုများ (နိုင်ငံတကာအဆင့်၊ အမျိုးသားအဆင့်) စသည်တို့ကို ရှင်းလင်းစွာသိရှိနိုင်ရန်အတွက် UN အေဂျင်စီများ၊ NGO များနှင့် အခြားသော ရင်းမြစ်နေရာများမှ သက်ဆိုင်ရာအစီရင်ခံစာများ၊ မီဒီယာမှထုတ်ကုန်များနှင့် စာရင်းအင်းဆိုင်ရာများကိုပြန်လည်လေ့လာသုံးသပ်ခြင်း

အဓိကသုတေသနတွင် ပါဝင်သည်များမှာ -

- အဓိကဖြေဆိုပေးမည့်သူများဖြစ်သည့် အလုပ်သမားစုံစမ်းစစ်ဆေးရေးအရာရှိများ၊ ဘာသာရေးခေါင်းဆောင်များ၊ ကျောင်းဆရာ/ဆရာမများ၊ ကျန်းမာရေးလုပ်သားများ၊ ရဲများ၊ ပွဲစားများ၊ အလုပ်ရှင်များ၊ အရွယ်ရောက်ပြီး အလုပ်သမားများနှင့် ကလေးအိမ်အကူအလုပ်သမားများ အစရှိသူတို့နှင့် (တစ်စိတ်တစ်ပိုင်းကြိုတင်ပြင်ဆင်ထားသော မေးခွန်းများအသုံးပြု၍) လူတွေ့မေးမြန်းခြင်း (Key Informant Interviews) များ
- အဖွဲ့ဝင်နှစ်ယောက်မှ ဦးဆောင်ပုံပိုးပြီး နှစ်ဖက်သော သုတေသနနေရာများတွင် ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်းများ (တဦးမှ ဆွေးနွေးမှုများကို ဦးဆောင်ပြီး ကျန်တဦးမှ မှတ်စုရေးယူသည်)
- ကလေးအိမ်အကူအလုပ်သမားများကို အပ်နှံခြင်း၊ စုဆောင်းခြင်းများပြုလုပ်ပေးသူများကို (ဥပမာ ပွဲစားများနှင့် ကြားခံလူများ) ခွဲခြားသတ်မှတ်နိုင်ရန်အတွက် "တက်ကြွသောစူးစမ်းရှာဖွေခြင်း၊ မှတ်သားခဲ့သည်များကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ခြင်း၊ အလွတ်သဘောမေးမြန်းခြင်း (နှင့်) ကွင်းဆင်းလေ့လာမှုများကို အသေးစိတ် ရေးသားမှတ်သားခြင်း"[၆] အစရှိသည့် လုပ်ဆောင်ချက်များ ပါဝင်သော လူမျိုးခွဲဗေဒ(ethnographic)ကွင်းဆင်းဆောင်ရွက်ခြင်းများကိုလည်းအသုံးချဆောင်ရွက်ခဲ့ပါသည်။ (RA နှင့် လိုက်လျောညီထွေရှိအောင်ပြုပြင်၍)

စံပြုကောက်ယူခြင်း

ဤဆန်းစစ်လေ့လာမှုအတွက် မေးမြန်းသူများ တစ်ဆင့်တစ်ဆင့်ညွှန်ပြမှုဖြင့် ပိုမိုများပြားလာသော အရင်းအမြစ်များထံသို့ရောက်ရှိစေသည့် သုတေသနနည်းလမ်း (Snow-balling) နှင့် စေတနာ့ဝန်ထမ်းပါဝင်မှုများကို စံပြုကောက်ယူခြင်း စသည့် ဖြစ်တန်စွမ်းကိုအခြေမခံသော (non-probability sampling) နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

- **အဓိကဖြေကြားပေးမည့်သူများနှင့် လူတွေ့မေးမြန်းခြင်း (KII)** များတွင် ပါဝင်ဖြေကြားပေးမည့် သူများကို သတ်မှတ်နိုင်ရန်အတွက် snow-ballig နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ ထိုနည်းလမ်းသည် ၎င်းတို့၏ ရပ်ရွာလူထုပြင်ပရှိ သက်ဆိုင်ရာပုဂ္ဂိုလ်များထံသို့ ရောက်ရှိနိုင်ရန်အတွက် အသုံးဝင်သော နည်းလမ်းတစ်ခု ဖြစ်သည်။ ထိုနည်းလမ်းသည် ပုံမှန်အားဖြင့် လူတွေ့မေးမြန်းမှုများကို ဖြေဆိုလိုခြင်း မရှိသူများနှင့်ပင် မေးမြန်းခွင့် ရရှိမှုများရစေသည်။ မြန်မာနိုင်ငံတွင် အဆက်အသွယ်တစ်ခုထူထောင်ရန်အတွက် အပြန်အလှန် ရင်းနှီးမှုရှိပြီး သူများအကြား ပုဂ္ဂိုလ်ရေးရင်းနှီးခင်မင်မှုနှင့် ထောက်ခံတိုက်တွန်းမှုလုပ်ဆောင်ပေးခြင်းများသည် အရေးကြီးသော ရှေ့ပြေးလုပ်ငန်းတစ်ခုဖြစ်သည်။ Snow-balling နည်းလမ်းဖြင့် ပါဝင်ဖြေဆိုပေးမည့်သူများကို အကျိုးရှိရှိ ခွဲခြားသတ်မှတ်နိုင်ပြီး ပါဝင်လာအောင်စည်းရုံးနိုင်သည်။ ဤစံပြုကောက်ယူသည့် နည်းလမ်းဖြင့် ဆက်စပ်နေသည့် ဘက်လိုက်မှုမှာ လူအများအနေဖြင့် ၎င်းတို့နှင့်အမြင်၊ အတွေးအခေါ် တူသည့် သူငယ်ချင်းများ၊ ရင်းနှီးသူများနှင့် လုပ်ဖော်ကိုင်ဘက်များကိုသာ ရည်ညွှန်းညွှန်ပြလေ့ရှိတတ်သဖြင့် ထပ်တူအချက်အလက်များ ဖောင်းပွစေတတ်သည်။
- **ဆန္ဒအလျောက်ပါဝင်သူများဖြင့် စံပြုကောက်ယူရာ (Volunteer sampling)** တွင် လေ့လာမှုအတွင်းသို့ ၎င်းတို့၏ သဘောဆန္ဒမပါဘဲ လူအများကို ဖိအားပေးပါဝင်ခိုင်းရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် ပါဝင်လိုသူများကို ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်း (FGD) များမှ ရွေးချယ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှလူများသည် အများပြည်သူရှေ့တွင် ပြောဆိုဆွေးနွေးမှုများ၌ အလွယ်တကူပါဝင်လေ့မရှိကြဘဲ ၎င်းတို့မသိသူများရှေ့တွင် ကိုယ်ပိုင်ထင်မြင်ယူဆချက်များကိုလည်းအလွယ်တကူ မဖော်ပြတတ်ကြပေ။ ဤသို့စံပြုကောက်ယူခြင်းဖြင့် ဦးတည်အုပ်စုများနှင့် ဆွေးနွေးရာတွင် ပါဝင်သူများကို လေ့လာသည့်အကြောင်းအရာနှင့် နည်းလမ်းများအားကောင်းစွာအသိပေး ပြောကြားနိုင်ပြီး ဆန္ဒအလျောက်ပါဝင်ဖြေဆိုနိုင်စေသည်။ ဤစံပြုကောက်ယူသည့် နည်းစနစ်နှင့် ပတ်သက်သည့် ဘက်လိုက်မှုဖြစ်ပေါ်နိုင်သည်များမှာ သုတေသနအကြောင်းအရာပေါ်တွင် ဆန္ဒအလျောက်ပါဝင်မည့်သူများမှ ကြိုတင်စဉ်းစားတွေးတောထားသည့် အကြံဉာဏ်များ သို့မဟုတ် အကျိုးစီးပွားများပါနိုင်ပြီး ၎င်းတို့မှ အများပြည်သူသိအောင်တင်ပြလိုခြင်းမျိုးဖြစ်နိုင်သည်။ ထိုသို့သော အမြင်များမှာ ဦးတည်အုပ်စုတွင် ပါဝင်ခြင်းမပြုသည့်သူများ၏ အမြင်များကို ကိုယ်စားပြုခြင်း သို့မဟုတ် ကိုက်ညီခြင်းဖြစ်ရန် မလိုပါ။ သို့သော်လည်း ထိုကဲ့သို့ဘက်လိုက်ခြင်းမျိုးသည် ကျယ်ပြန့်များပြားသော ထင်မြင်ယူဆချက်များကို ကောက်ယူလေ့လာမှုများ၌ အနှောက်အယှက်အဖြစ်စေဆုံးသော ကိစ္စရပ်များပင်ဖြစ်သည်။

သုတေသန ပြုလုပ်ခဲ့သည့်နေရာများ

အချက်အလက်ကောက်ယူခြင်းကို ၂၀၁၈၊ ဇွန်လအတွင်း စမ်းချောင်းနှင့် မြောင်းမြမြို့နယ်များအတွင်း (၁၅) ရက်တိတိ လုပ်ဆောင်ခဲ့သည်။ သုတေသနတည်နေရာများကိုရွေးချယ်မှုသည် ဤနေရာများတွင် ယခင် MyPEC လုပ်ငန်းများဆောင်ရွက်ခဲ့မှု၊ အချက်အလက်များအပေါ်တွင် အခြေမခံသည့်သက်သေများ (anecdotal evidence)နှင့် မြို့နယ်များ၏သွင်ပြင်လက္ခဏာများအပေါ် အခြေခံပြီး ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြောင်းမြခရိုင်မှ မြောင်းမြမြို့နယ်သည် ဗမာနှင့် ကရင်လူမျိုးများအဓိက နေထိုင်ကြပြီး ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့မှာ (ကက်သလစ်များအပါအဝင်) အဓိကဘာသာတရား များဖြစ်ကြသည်။ ဤခရိုင်ကို ၁၈၉၃ တွင်ဖော်ထုတ်ခဲ့သည်။ လူဦးရေ (၂၄၀,၀၀၀) သည်အဓိကအားဖြင့် ဆန်စိုက်ပျိုးခြင်းနှင့် ငါးဖမ်းခြင်းကို လုပ်ကိုင်ကြသည်။ ဖြစ်ရပ်များမှ ပြသည့်သက်သေများအရဤမြို့နယ်သည် ကလေးအိမ်အကူအလုပ်သမားများကို 'စေလွှတ်သည့် တည်နေရာ' တစ်ခုဖြစ်သည်။

သုတေသနအဖွဲ့သည် မြောင်းမြမြို့နယ်၊ အထူးသဖြင့် ခွေးလေးကြီးကျေးရွာအုပ်စုမှ လူအများနှင့် (၂) ရက် ခွဲခန့် လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ မြန်မာမျော်လင့်ခြင်း ဓမ္မတက္ကသိုလ် (Myanmar Union Adventist Seminary) အဖွဲ့ဝင်များမှ မိတ်ဆက်ပေးမှုဖြင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ကူညီသူများနှင့် ရိုးသားပွင့်လင်းသော ရွာသူရွာသားများမှ အကူအညီများပေးခဲ့ကြပါသည်။ သုတေသီများကိုလည်း ကြိုဆို ကြပြီး သတင်းအချက်အလက်များကိုလည်း သင့်တော်သည့်အရှိန်၊ သက်တောင့်သက်သာဖြင့် ကောက်ယူ နိုင်ခဲ့ကြပါသည်။ စမ်းချောင်းတွင် သုတေသီများအနေဖြင့် ပွင့်လင်းစွာ ပြောဆိုကြရန် တုံ့ဆိုင်းခြင်း၊ ဝန်လေး ခြင်းများကို များစွာကြုံတွေ့ကြရပြီး လူတွေ့မေးမြန်းရန် ချိန်းဆိုထားမှုကို ဖျက်သိမ်းသွားခြင်းများ ထပ်ခါထပ်ခါ ကြုံတွေ့ကြရပါသည်။ ထိုအခြေအနေအရ သုတေသီများသည် အချို့သော လူတွေ့မေးမြန်းမှုများကို ရန်ကုန်မြို့ ဆင်ခြေဖုံးရပ်ကွက်တွင်ရှိသော လှိုင်သာယာစက်မှုဇုန်နှင့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏ ကလေးများ နေထိုင်ရာ စမ်းချောင်းမြို့နယ်အနီးရှိ ရွှေ့ဂုံတိုင်ရပ်ကွက်အထိ တိုးချဲ့ပြီးမေးမြန်းမှုများပြုလုပ်ခဲ့ ကြရပါသည်။

စမ်းချောင်းမြို့နယ်သည် ရန်ကုန်မြို့မြောက်ပိုင်း ဗဟိုချက်တွင် တည်ရှိပြီး မူလတန်းကျောင်း (၁၉) ကျောင်း၊ အလယ်တန်းကျောင်း (၂) ကျောင်းနှင့် အထက်တန်းကျောင်း (၄) ကျောင်းရှိပါသည်။ လူဦးရေ (၆၅,၃၀၀) ရှိပြီး မတူကွဲပြားသည့် တိုင်းရင်းသားများ၊ ဘာသာတရားများ စုပေါင်းနေထိုင်ကြပါသည်။ ဝင်ငွေအလယ် အလတ်ရှိသော မြို့နယ်ဖြစ်ပြီး ကလေးများအပါအဝင် ရွှေ့ပြောင်းလုပ်သားများ၊ အထူးသဖြင့် အိမ်အကူအလုပ် အကိုင်များ၏ ခရီးလမ်းဆုံးတစ်ခုလည်း ဖြစ်ပါသည်။ မြို့နယ်သည် ကမာရွတ်၊ အလုံ၊ ဗဟန်း၊ ကြည့်မြင်တိုင်နှင့် ဒဂုံမြို့နယ်များဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိပြီး ကောင်းစွာဆက်စပ်တည်ရှိပါသည်။

ကျင့်ဝတ်များ

မြန်မာနိုင်ငံတွင် 'သုတေသန'များကို အယုံအကြည်မရှိသည့် အရိုးစွဲနေမှုများရှိပြီး ဆိုးဝါးစွာ နားလည်မှု လွဲခြင်းများ ဖြစ်ပါသည်။ သုတေသနအားလုံးနီးပါးသည် အထိအခိုက်မခံဟုဆိုသော်လည်း ကလေးအိမ်အကူ အလုပ်သမား အကြောင်းအရာသည် 'လူတကာသိသည့် လှို့ဝှက်ချက်' ဖြစ်နေသော်လည်း ထိုသို့အထိအခိုက် မခံသည့် အမျိုးအစားတွင် ပါဝင်သည်။ ၎င်းတို့ကို မြင်လဲမမြင်နိုင်သလို မမြင်လဲမမြင်သာပါ။ ကလေးအိမ်အကူ အလုပ်သမားများသည်တခါတရံ၎င်းတို့၏အလုပ်တာဝန်များကိုလုပ်နေခြင်းသို့မဟုတ်၎င်းတို့အလုပ်ရှင်များ၏ ကုမ္ပဏီတွင် အလုပ်လုပ်နေခြင်းများကို တွေ့ရသော်လည်း ချဉ်းကပ်ရန်ခက်ခဲပြီး သမားရိုးကျခွဲခြား သတ်မှတ်ရန် မလွယ်ကူပါ။

သုတေသနကြီးကြပ်ရေးမှူးများနှင့် သုတေသီများကိုလည်း သုတေသနကျင့်ဝတ်များအား လေ့ကျင့်သင်ကြား ပေးခဲ့ပြီး အထူးသဖြင့် နှုတ်လုံရန်၊ လှို့ဝှက်ထားရှိရန်၊ ပွင့်လင်းမြင်သာရန်နှင့် စေတနာ့ဝန်ထမ်း ပါဝင် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ အထူးသင်ကြားပေးခဲ့သည်။ လူတွေ့မေးမြန်းချိန်အတွင်း တွေ့ရှိရသည့် ရွှေ့လျားပြောင်းလဲမှုများကို အသေးစိတ်မှတ်တမ်းတင်ရန်အတွက် လူတွေ့မေးမြန်းရာတွင်လိုက်နာဆောင် ရွက်ရမည့်အချက်များမှတ်တမ်း (Interview protocol sheet) များကိုလည်း အသုံးပြုခဲ့သည်၊ ဥပမာ လူတွေ့

မေးမြန်းမှုတွင် ပါဝင်သည့် လူဦးရေစာရင်းစသဖြင့် ဖြစ်သည်။ ပွင့်လင်းမှုကို ပြသရန်အတွက် KII များနှင့် FGD များအားလုံးတွင် လက်ဖြင့်သာ ရေးသားမှတ်တမ်းတင်ခြင်းကို ပြုလုပ်ခဲ့သည်။
ကလေးသူငယ်များနှင့် အပြန်အလှန်ဆက်ဆံရာတွင်လည်း သုတေသီများအနေဖြင့် အထူးသတိပြုဆက်ဆံခဲ့ကြပါသည်။ သုတေသီများအနေဖြင့် ၎င်းတို့အလုပ်အတွင်း ကလေးသူငယ်များနှင့် အလုပ်လုပ်ရာ၌ လမ်းညွှန်မှုဖြစ်စေရန်အတွက် 'လူမှုရေးရာ သိတတ်သောကလေး' (Social Child) စံပုံစံကို အသုံးပြုလုပ်ဆောင်ခဲ့သည်။ ဤစံပုံစံသည် 'ကလေးသူငယ်များကို သုတေသနအကြောင်းအရာတစ်ခုအဖြစ် အရွယ်ရောက်သူများနှင့် နှိုင်းယှဉ်လုပ်ဆောင်သော်လည်း သုတေသီများအနေဖြင့် ကလေးဘဝ၏ မတူကွဲပြားမှုများကို ပိုမိုထိရောက်စွာ ချိတ်ဆက်လုပ်ဆောင်နိုင်စေရန်အတွက် ကလေးငယ်များတွင် မတူညီသော ကျွမ်းကျင်လိမ္မာမှုများ၊ အမြင်သဘောထားမတူညီမှုများ ပိုင်ဆိုင်ထားကြသည်ကို နားလည်စေခြင်း' ဖြစ်သည်။[၇] ဤနည်းလမ်းတွင် ကလေးသူငယ်များကို သုတေသနပြုလုပ်ရာ၌ အသုံးပြုသော နည်းလမ်းများလည်း သွယ်ဝိုက်ပါဝင်မှုရှိသည်။ ဥပမာအားဖြင့် ကလေးများ၏ တုံ့ပြန်မှုကို လှုံ့ဆော်ပေးရန်အတွက် သုတေသီများမှ မြင်သာသည့် ပစ္စည်းများကို အသုံးပြုပြီး ကလေးများကို ပုံဆွဲစေခြင်း သို့မဟုတ် ၎င်းတို့၏ အခြေအနေကို ရှင်းပြနိုင်ရန်အတွက် ပစ္စည်းများသုံး၍ ဖော်ပြခိုင်းခြင်းတို့ဖြစ်သည်။

သုတေသနဆိုင်ရာ အကန့်အသတ်များ

အရေးအကြီးဆုံး အကန့်အသတ်မှာ ကလေးသူငယ်အိမ်အကူလုပ်သားများထံသို့ လက်လှမ်းမှီရောက်ရှိရေးပင်ဖြစ်သည်။ နည်းစနစ်သည် သုတေသီများကို လူတွေ့မေးမြန်းမှုများ၊ အပြန်အလှန်စကားပိုင်းများ၊ လေ့လာမှုများ၊ အချက်အလက် မဟုတ်သော သက်သေများနှင့် အကြံပြုတိုက်တွန်းချက်များမှတဆင့် ကလေးအိမ်အကူအလုပ်သမားများထံသို့ ဦးတည်ရောက်ရှိစေရန် ပုံစံထုတ်ရေးဆွဲထားခြင်းဖြစ်သည်။ ဖြစ်ရပ်တော်တော်များများတွင် သုတေသီများသည် ကလေးအိမ်အကူအလုပ်သမားများနှင့် လူတွေ့မေးမြန်းမှုများကို လုံခြုံစွာ လုပ်ဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် တွေ့ဆုံရန် ဖျက်သိမ်းမှုများဖြစ်ပေါ်ခဲ့သည်။ အခြားသော အရေးကြီးသည့် အကန့်အသတ်မှာ အချိန်ဖြစ်ပြီး ကွင်းဆင်းလုပ်ငန်းအတွက် (၁၃) ရက်သာ အချိန်ရရှိခဲ့သည်။ ဤသုတေသန၏ သဘာဝအရ ရပ်ရွာလူထုများနှင့် လူမျိုးဗေဒခွဲခြားရာတွင် ရလဒ်ကောင်း များရစေရန်အတွက် ယခုထက်ပိုကြာသော ကွင်းဆင်းဆောင်ရွက်မှုလိုအပ်သည်။

အချို့သောဖြစ်ရပ်များတွင် သုတေသီများသည် အခွင့်အလမ်းရသည်နှင့် ကောက်ကာငင်ကာ မေးမြန်းရသည်များလည်း ရှိသည်။ ထိုသို့သော ဖြစ်ရပ်တစ်ခုတွင် စမ်းချောင်းမြို့နယ်၌ သုတေသီတစ်ဦးသည် ဆယ်ကျော်သက်အရွယ် ဆိုင်အလုပ်သမ/အိမ်အကူလုပ်သားတစ်ဦးကို မေးမြန်းနေစဉ် အန္တရာယ်ဖြစ်လုနီးနီးပင်ဖြစ်ခဲ့သည်။ သူမမှ မေးမြန်းနေစဉ် ထိုမေးမြန်းမှုသည် အန္တရာယ်ရှိသည်ဟု ယူဆပြီး ဆိုင်ပိုင်ရှင်မှကြားဖြတ်ရပ်တန့်ကာ အိမ်အကူမိန်းကလေးအား အဝေးသို့ ခေါ်ထုတ်သွားခဲ့သည်။ ထိုသုတေသီကို ဝေးလံသောနေရာထိလိုက်လံစောင့်ကြည့်ကာ အလုပ်ရှင်မှလည်း ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။ "ဒါကိုယ်ပိုင်စီးပွားရေးမို့လို့ ငါ့အိမ်နဲ့ငါ့ဆိုင်အတွက် အိမ်ဖော်ငှားထားတာ။ နင့်မေးခွန်းတွေ အကုန်လုံးတော့ ငါမဖြေနိုင်ဘူး" ဟု ဆိုင်ရှင်မှ ပြောကြားခဲ့သည် (အလုပ်ရှင်၊ စမ်းချောင်း၊ ဇွန်လ ၁၅၊ ၂၀၁၈)။ အလုပ်ရှင် သည်လည်း နောက်ဆက်တွဲ လူတွေ့မေးမြန်းမှုကို ဖြေဆိုခဲ့သည်။ သို့သော် မေးခွန်းအားလုံး၏ သုံးပုံတပုံကိုသာဖြေဆိုခဲ့ပြီး သူမတွင် အိမ်အကူများစွာရှိကြောင်း၊ အများစုမှာပညာမတတ်ကြကြောင်းနှင့် ၎င်းတို့ကို အလုပ်မှနားချိန် မပေးနိုင်သော်လည်း သူမမှအားလုံးကို ကောင်းစွာဆက်ဆံကြောင်းများ ပြောကြားခဲ့သည်။

သုတေသီအများစုမှာ အမျိုးသမီးများဖြစ်ကြပြီး ကွင်းဆင်းသုတေသနပြုလုပ်သည့်အဆင့်တွင် ခြိမ်းခြောက်မှုများကို အတိုင်းအတာတစ်ခုအထိ အတွေ့အကြုံရှိပြီးကြသူများဖြစ်သည်။ ရက်တော်တော်များများတွင်

သုတေသီများသည် အတွဲလိုက်အလုပ်လုပ်ကြသည်။ အန္တရာယ်အများဆုံးနေရာမှာ ပွဲစားအများစု ၎င်းတို့၏ လုပ်ငန်းများကို လုပ်ကိုင်ကြသည့်နေရာဟု ဆိုက်ကားသမားများ၊ အလုပ်ရှင်များ၊ ဝန်ထမ်းများနှင့် ထိုနေရာတွင် နေထိုင်ကြသူများမှ ညွှန်ပြသော ကြည့်မြင်တိုင်ဘူတာရုံဖြစ်ပြီး အလုပ်အပ်လိုသူများ၊ ကလေးများနှင့် အရွယ်ရောက်ပြီးသူများနှစ်မျိုးလုံးပါဝင်သည့် အိမ်အကူလုပ်သားများ ကို လွှဲပြောင်းလက်ခံခြင်းများ၊ ရထားပေါ်မှ ကြိုဆိုခေါ်ဆောင်ခြင်းများပြုလုပ်ကြသည့် နေရာဖြစ်သည်။

ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားရသည့်အချက်များကြောင့် ကလေးအိမ်အကူအလုပ်သမား စုဆောင်းရေးလုပ်ငန်းစဉ်ဆိုင်ရာအချက်အလက်များကို သုတေသီများမှ ကောက်ယူနိုင်ရန် အကန့်အသတ်ရှိခဲ့ပါသည်။ အလုပ်ရှင်ဖြစ်လာနိုင်ခြေရှိသူများသည်လည်း ပွဲစားများနှင့် အနီးကပ်ဆက်သွယ်လုပ်ကိုင်ကြသည်။ သုတေသီများသည်လည်း ပွဲစားများနှင့် စကားပြောဆိုရန် အကြိမ်ပေါင်းများစွာကြိုးပမ်းခဲ့ကြပါသည်။ အချို့သောဖြစ်ရပ်များတွင် ၎င်းတို့သည် သုတေသနလုပ်ငန်း၏ သဘာဝကို ဖွင့်ဟမပြောဆိုခဲ့ကြသောကြောင့် ရွှေပြည်သာနှင့် လှိုင်သာယာမြို့နယ်များတွင် လုပ်သားစုဆောင်းရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အချက်အလက်အချို့ကို ရရှိခဲ့ကြပါသည်။ ထိုနေရာများသည် ရန်ကုန်မြို့ဆင်ခြေဖုံးနေရာများဖြစ်ပြီး ရုန်းကန်နေရသည့် ရွှေ့ပြောင်းလုပ်သားများနှင့် ၎င်းတို့၏မိသားစုများနေထိုင်ကြသောနေရာများဖြစ်ကာ လုပ်သားစုဆောင်းရေးကွန်ရက်များသည် တိုင်းရင်းသားလူမျိုးများနှင့် ဘာသာရေးဆိုင်ရာများ၊ ကော်မရှင်ခများနှင့် လုပ်ခလစာများအပေါ် တွင် အားထားရှာဖွေရသည်။ ကိစ္စရပ်တစ်ခုခြင်းစီတိုင်းတွင် သုတေသီများမှ ပြောဆိုနေသည့် အကြောင်းအရာများကို ပို၍နက်နက်နဲနဲမေးမြန်းလိုခြင်းနှင့် လေ့လာမှု၏ သဘောသဘာဝကို ရှင်းပြလိုက်သည်နှင့် ပွဲစားများသည် ပြောလက်စအကြောင်းအရာကိုဖြတ်ရုံသာမက ယခင်ပြောခဲ့သည့် သက်ဆိုင်ရာ သတင်း အချက်အလက်များကိုပါ ငြင်းဆိုခြင်း သို့မဟုတ် ပြောင်းပြောခြင်းများအထိတွေ့ကြုံရသည်။ သို့သော်လည်း သုတေသီများအနေဖြင့် စုဆောင်းခဲ့သည့် အချက်အလက်များကို အလုပ်ရှင်များ၊ ဝန်ထမ်းများ၊ ထိုနေရာတွင် နေထိုင်ကြသူများနှင့် လူတွေ့မေးမြန်းခြင်းများမှတဆင့် အတည်ပြုနိုင်ခဲ့ကြသည်။ ဤလေ့လာမှုတွင် တင်ပြထားသည့် တွေ့ရှိချက်များတွင် စစ်ဆေးအတည်မပြုထားသည့် အချက်အလက်များမပါဝင်ပါ။

သုတေသန အနေအထားသည် ခက်ခဲသောကြောင့် ထိုခက်ခဲမှုသည် မြန်မာနိုင်ငံအား နိုင်ငံတကာမှ စေ့စပ်စွာ စစ်ဆေးမှုများပင်ဖြစ်စေခဲ့သည်။ သုတေသီများသည် တရားဝင်လူတွေ့မေးမြန်းရန်အတွက် ရဲတပ်ဖွဲ့ဝင်များထံချဉ်းကပ်ခဲ့သော်လည်း ပြည်သူလူထုနှင့်သက်ဆိုင်သော အကြောင်းအရာများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ဝင်များကို မည်သူမဆို လူတွေ့မေးမြန်းခြင်းအား တားမြစ်ထားသည့် မူဝါဒအသစ်တရပ် ချမှတ်ထားသည်ဟု ပြန်လည်အသိပေးသည်။ ILO မှ ဤဆန်းစစ်လေ့လာမှုနှင့် ပတ်သက်၍ အကူအညီပေးရန် တရားဝင်စာတစောင်ထုတ်ပြန်ထားသလို ဤလေ့လာမှုကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုချက်ပေးထားသော်လည်း ရန်ကုန်မြို့ရှိ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များသည် လူတွေ့မေးမြန်းမှုကို ဖြေဆိုရန်တုံ့ဆိုင်းနေခဲ့ကြသည်။ သုတေသီများသည် နေပြည်တော်ရှိ ဝန်ကြီးဌာနမှ ကိုယ်စားပြုသူများနှင့် တရားဝင်လူတွေ့မေးမြန်းမှုမပြုမီ ပဏာမပြောဆိုဆွေးနွေးမှုပြုလုပ်ရန် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန (DSW) မှ ကိုယ်စားပြုပုဂ္ဂိုလ်များနှင့် ဆက်သွယ်ခဲ့ကြသည်။ အကြိမ်ပေါင်းများစွာ တောင်းခံခဲ့သော်လည်း DSW ၏ လုပ်ပိုင်ခွင့်အာဏာအောက်မှ ကလေးအိမ်အကူအလုပ်သမားများအား ညှင်းပန်းနှိပ်စက်ခြင်း ကိစ္စရပ်များတွင် ကလေးများအား အကာအကွယ်ပေး လုပ်ဆောင်ခဲ့သည်များကို မှတ်တမ်းတင်ထားသည့် အချက်အလက် မရရှိနိုင်ခဲ့ပါ။ ထိုသို့သော ကိစ္စရပ်များကို ဖိုင်တွဲထားရှိသည်ဟု DSW မှဆိုခဲ့သော်ငြားလည်း ဝန်ထမ်းအနေဖြင့် အသေးစိတ်ထုတ်ဖော်ပြောကြားမှု မပြုလုပ်ရမည့် လျှို့ဝှက်ချက်တစ်ရပ်အနေဖြင့်ရှုမြင်သည်ဟု ယူဆကာ မရရှိနိုင်ခဲ့ပါ။

မြောင်းမြမြို့နယ်တွင် သုတေသီများသည် ဒေသခံအာဏာပိုင်များထံမှ ကွေ့လဲကြီးကျေးရွာအုပ်စုတွင် လူတွေ့မေးမြန်းမှုများပြုလုပ်ရန် တရားဝင်ခွင့်ပြုချက်များ ရယူနိုင်ခဲ့ကြပါသည်။ လုပ်ငန်းစဉ်မှာ ခက်ခဲကြမ်းတမ်းခဲ့ပြီး အချက်အလက်ကောက်ယူမှုတွင် အာဏာပိုင်ပုဂ္ဂိုလ်များမှ သုတေသီများနှင့်အတူတက္ကလိုက်ပါလိုကြောင်း ညွှန်ပြမှုများလည်း ရှိခဲ့သည်။ သို့သော်လည်း ထိုသို့မဖြစ်ခဲ့ပါ။ သို့သော်လည်း သုတေသီများအနေဖြင့် ဖိအားများရှိခဲ့ပြီး ကျေးရွာအုပ်စုများမှ ပါဝင်ဆွေးနွေးသူများကို လှို့ဝှက်ထိန်းသိမ်းမှုနှင့် အမည်မဖော်ပြရန် တတ်အားသရွေ့ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ သုတေသီများအနေဖြင့် တရားဥပဒေထိန်းသိမ်းရေးမှ ပုဂ္ဂိုလ်အချို့နှင့် ပြောဆိုဆွေးနွေးခွင့်ရခဲ့သော်လည်း ၎င်းတို့၏ တစ်ဦးခြင်းတတ်နိုင်သမျှအတိုင်းအတာနှင့် အလုပ်နားချိန်များတွင်သာ ရနိုင်သမျှမေးမြန်းခဲ့ရပါသည်။

ခြံ၍ဆိုရပါက ၎င်းတို့၏ တရားဝင်စွမ်းဆောင်နိုင်မှုအရ သုတေသနအဖွဲ့သည် ပါဝင်ဆွေးနွေးမည့်သူများကို ရှာဖွေရန်၊ ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည့် မတူကွဲပြားသော ကိစ္စရပ်များကိုသိရှိနိုင်ရန်နှင့် လူတွေ့ မေးမြန်းမှုများ ပြုလုပ်နိုင်ရန် မှတ်သားဖွယ်ရာပင်ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့ကြရပါသည်။ ၎င်းတို့၏ တရားဝင်မဟုတ်သော စွမ်းဆောင်မှုများအရ သုတေသီများသည် သုတေသနပြုရန် ရွေးချယ်ထားသည့်နေရာမှမိသားစုများ၊ မိတ်ဆွေများ၊ အခြေချနေထိုင်သူများနှင့် များစွာဆက်သွယ်နိုင်ခဲ့ပြီး အချက်အလက်ကောက်ယူရာတွင် အကူအညီဖြစ်စေသော ဦးတည်လမ်းကြောင်းများ၊ ဖြစ်ရပ်ဇာတ်လမ်းများ များစွာကိုရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြပါသည်။[၈]

စောင့်ကြည့်လေ့လာခြင်း

သုတေသနအဖွဲ့သည် အကျဉ်းရုံးဆွေးနွေးရန်အတွက် မနက်တိုင်းတွေ့ဆုံကြပြီး တနေ့တာအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းများကို စီစဉ်ပါသည်။ နေ့ခင်းပိုင်းတွင်လည်း (ဖြစ်နိုင်ပါက) ဆောင်ရွက်ချက်များ ပြန်လည်ဆွေးနွေးခြင်းကို လုပ်ဆောင်ခဲ့ကြပါသည်။ သုတေသနကြီးကြပ်ရေးမှူးနှင့် အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ကောက်ယူခဲ့သည့် အချက်အလက်များကို ပြန်လည်သုံးသပ်ကြပြီး ရရှိလာသော အချက်အလက်များကို သုတေသနအခြေပြု လမ်းညွှန်မှုများပေးကာ (ဥပမာ အထူးတလည် တွေ့ဆုံမေးမြန်းရမည့် အကျိုးသက်ဆိုင်ပတ်သက်သူအား မေးမြန်းရန်ညွှန်ကြားခြင်း) အထိခိုက်မခံသော ဖော်ပြချက်များအတွက် မေးမြန်းတောင်းခံမှုများကို အတည်ပြုစစ်ဆေးပေးပါသည်။

သုတေသီများသည် လူတွေ့မေးမြန်းမှုများကို ၎င်းတို့နှစ်သက်သည့်ပုံစံနှင့် အရည်အချင်းများအလိုက် အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာများဖြင့် ရေးသားမှတ်တမ်းတင်ကြပြီး ၎င်းတို့၏ ဘာသာပြန်မှုများအတွက် ကိုယ်တိုင်တာဝန်ယူကြရသည်။ သုတေသီများအနေဖြင့် မေးမြန်းခဲ့သည်များအသေးစိတ်ကိုလည်း မှတ်တမ်းတင်ကြရသည်။ (ဥပမာ လာရောက်သည့် လူအရေအတွက်၊ တည်နေရာ၊ ရက်စွဲနှင့် မေးမြန်းသည့်အချိန်)

သုတေသနအဖွဲ့သည် Facebook messenger မှတဆင့် အဆက်အသွယ်မပြတ်ပြုလုပ်ကြသည်။ ဆက်သွယ်မှုသည် တနေ့လုံးမပြတ်ရှိနေပြီး အထူးသဖြင့် သုတေသီများအနေဖြင့် လမ်းကြောင်းပြောင်းခြင်း သို့မဟုတ် လက်ရှိနေရာတွင် ထပ်မံအချိန်ယူရန်လိုအပ်သည်များရှိပါက အထူးအဆင်ပြေစွာဖြင့် အသိပေးနိုင်ကြသည်။ သုတေသနအဖွဲ့သည် သုတေသနဆိုင်ရာလေ့လာချက်များအပါအဝင် အသေးစိတ်အချိန်ဇယားများကိုလည်း ဆောင်ထားကြသည်။

တွေ့ရှိချက်များ

ယခုလက်ရှိမြန်မာနိုင်ငံရှိ ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည့် အရည်အသွေးအခြေပြု မြန်ဆန်စွာ ဆန်းစစ်လေ့လာခြင်းမှ တွေ့ရှိရသည်မှာ ဤလုပ်ငန်းသည် မြန်မာတနိုင်ငံလုံးရှိ မြို့ကြီးများတွင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည် ဟူသည့်အချက်ဖြစ်သည်။ ထိုသို့တည်ရှိနေရခြင်းနှင့် ဖြစ်ပေါ် စေရန် စေ့ဆော်သည့် အချက်များမှာ အချက်ပေါင်းများစွာပေါင်းစပ်ပါဝင်သည်။ အဓိကအကျဆုံးအချက်မှာ ဆင်းရဲနွမ်းပါးမှုဖြစ်သည်။ တရားဥပဒေအရ စနစ်တကျအရေးယူခြင်းဖြင့် ကလေးသူငယ်များကို အကာအကွယ်ပေးရေးမူဝါဒများ မရှိခြင်း၊ ပညာရေးအခွင့်အလမ်းများ၊ တရားဝင် အလုပ်လုပ်နိုင်သော အသက်ရှိသည့် လူငယ်များအတွက် အလုပ်အကိုင်လမ်းကြောင်းများ မရှိခြင်းနှင့် လက်လှမ်းမှီရရှိရန် ခက်ခဲခြင်းများ၊ နိုင်ငံရှိတချို့သောအပိုင်းများတွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် လုံခြုံမှုများမရှိခြင်းနှင့် လူမှုရေးအရ ကလေးအိမ်အကူ အလုပ်သမားများကို လက်ခံခြင်း စသည့်အချက်များလည်းပါဝင်သည်။ လူငယ်များအတွက် အလုပ်အကိုင်လမ်းကြောင်းများမရှိခြင်း သို့မဟုတ် ထိရောက်သော မွေးစားသည့် နည်းစနစ်များမရှိခြင်းကြောင့် ကလေးအိမ်အကူအလုပ်အကိုင်သည် တခါတရံမိဘများမှ ၎င်းတို့၏သားသမီးများကို ခက်ခဲကြမ်းတမ်းသော သို့မဟုတ် အန္တရာယ်ရှိသောဘဝမှ ကယ်တင်ရန်အတွက် လက်ခံရွေးချယ်ရခြင်းတစ်ခုဖြစ်လာသည်။ ထိုနည်းတူစွာ အိမ်တွင်းလုပ်ငန်းများကို ကူညီခိုင်းရန်အတွက် အချို့သောကလေးမရှိသည့် အလုပ်ရှင်များသည် ကလေးအိမ်အကူများကို ပုံစံတစ်မျိုးအဖြစ်ဖြင့် မွေးစားကြပြီး ကလေးများကိုကျောင်းများမှ (အစိုးရကျောင်း၊ ဘာသာရေးကျောင်း) နုတ်ပြီး ဆင်းရဲနွမ်းပါးမှုမှ ကယ်တင်မွေးစားကြသည်လည်းရှိသည်။ လက်ရှိမြန်ဆန်စွာဆန်းစစ်လေ့လာမှုအရ ဆရာ/ဆရာများသည် ထိုကဲ့သို့သော 'မွေးစားမှုများ' ဖြစ်စေလွယ်သည့် အနေအထားများပြီး အထူးသဖြင့် လူနည်းစုတိုင်းရင်းသား ကလေးငယ်များတွင်ဖြစ်သည်။ အိမ်အကူ ကလေးအလုပ်သမားသည် အမိန့်နာခံခြင်း၊ စျေးပေါခြင်းနှင့် ရိုးသားသောလုပ်သားများကို ရလိုသည့် အချက်များကြောင့်လည်း ဖြစ်စေသည်။

ကျွန်မထင်တာသူတို့က စျေးပိုချိုတယ်။ တခါတရံဆို အိမ်ဖော်ကလေးတွေက ၂၀၀၀၀ - ၃၀၀၀၀ လောက်ဘဲရတာ၊ အရွယ်ရောက်ပြီးသူတွေအဲ့စျေးနဲ့ ဘယ်ရမလဲ။ ဒါ့အပြင်သူတို့က ခြိမ်းခြောက်ပြီး ထိန်းဖို့ အရမ်းလွယ်တယ်။ သူတို့က အပြင်ကလူတွေနဲ့ လည်းမဆက်ဆံရတော့ လုယက်မှာတွေဘာတွေအတွက် လုံခြုံတယ်။ အရမ်းလည်းနာခံကြတယ်။ ကလေးတွေက အရွယ်ရောက်ပြီးသူတွေထက်ပိုပြီး သစ္စာရှိကြတယ်။ (မူလတန်းကျောင်းဆရာမ၊ FGD၊ ဖွန် ၁၄၊ ၂၀၁၈၊ စမ်းချောင်း)

မူဝါဒရေးရာမြင်ကွင်းနှင့် အဖွဲ့အစည်း (Institutions) များ

၁၉၉၃ ကလေးသူငယ်ဥပဒေကို ပြန်လည်သုံးသပ်ထားသည့် မူကြမ်းသည် လွှတ်တော်တွင် ဆွေးနွေးဆဲသာရှိသေးသည်။ ယင်းသည် ကလေးသူငယ်များအား ရိုက်နှက်ပြစ်ဒဏ်ပေးခြင်းကို တားမြစ်ထားပြီး ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်အောင်ပြုလုပ်သူများအတွက် ပြစ်ဒဏ်များလည်း ပါဝင်သည်။ သို့သော်လည်း ဥပဒေကြမ်းသည် ကလေးသူငယ်များ အလုပ်အကိုင်ခန့်အပ်မှုနှင့် တရားဝင်အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက် သတ်မှတ်ချက်များအကြား လက်ရှိပြည်တွင်းဥပဒေများတွင် ကိုက်ညီမှုမရှိသည်များကို လိပ်မူဆောင်ရွက်ထားခြင်း မရှိပေ။ ယင်းသည် အိမ်အကူအလုပ်အကိုင်ကဲ့သို့သော အလုပ်သမားဥပဒေဖြင့် ထိန်းသိမ်းထားခြင်းမရှိသည့် ကဏ္ဍများတွင် ကလေးသူငယ်များအား အလုပ်အကိုင်ခန့်အပ်ခြင်းနှင့်စပ်လျဉ်း၍ ကိုင်တွယ်ရန်လိုအပ်သည့်နေရာများအတွက် ဆောင်ရွက်ထားခြင်းများမပါရှိပေ။ ဥပဒေမူကြမ်း အခန်း ၄၉ (ခ) တွင် အသက် (၁၄) နှစ်အောက်ရှိကလေးများ အလုပ်လုပ်ခွင့် မပြုကြောင်းကို

ပြဋ္ဌာန်းထားသော်လည်း အခန်း ၄၉ (၈) တွင် အသက် (၁၂) နှစ်မှ (၁၄) နှစ်အတွင်း ကလေးများသည် ၎င်းတို့၏ ဘေးကင်းလုံခြုံရေးနှင့် ကျန်းမာရေးကို မထိခိုက်စေသော၊ ပညာရေး၊ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မထိခိုက်စေသော "ပေါ့ပါးသည့်အလုပ်" များကို လုပ်ကိုင်နိုင်သည်ဟု ပြဋ္ဌာန်းထားသည်။[၉] ထိုအခန်းနှစ်ခန်းလုံးသည် မြန်မာနိုင်ငံ၌ အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသေးသော ILO ၏ အနိမ့်ဆုံးအသက်ဆိုင်ရာပြဋ္ဌာန်းချက် အမှတ် (၁၃၈) ကို ထင်ဟပ်ပြီး ပေါ့ပါးသည့်အလုပ်တွင် မည်သည်တို့ပါဝင်သည်ကို ပိုမိုရှင်းလင်းတိကျစွာ အဓိပ္ပာယ်ဖွင့်ဆိုရန်လိုအပ်သည်။

မြန်မာနိုင်ငံတွင် အိမ်အကူအလုပ်အကိုင်ဆိုင်ရာဥပဒေမရှိသေးပါ။ ကလေးအလုပ်သမားများနှင့်ပတ်သက်၍ အမျိုးသားအဆင့် အလုပ်သမားဥပဒေတွင် ပြဋ္ဌာန်းထားသည်မှာ ၁၉၅၁ အလုပ်ရုံများအက်ဥပဒေ (၂၀၁၆တွင် ပြန်လည် ပြင်ဆင်) နှင့် ၂၀၁၆ ခုနှစ် ဆိုင်များနှင့် အလုပ်ဌာနများဥပဒေများတွင်သာဖြစ်သည်။ အလုပ်ရုံများအက်ဥပဒေ အခန်း(၇၅) တွင် မည်သည့် အကြောင်းကြောင့်ဖြစ်စေ အသက် (၁၄) နှစ်အောက်ကလေးများကို အလုပ်လုပ်ခြင်းအား တားမြစ်ထားသော်လည်း ၂၀၁၆ ဆိုင်များနှင့် အလုပ်ဌာနများဥပဒေများ အခန်း ၁၃(က) တွင်မူ အသက် (၁၄) နှစ်အောက်ကလေးများအား ဈေးဆိုင် သို့မဟုတ် အလုပ်ရုံများတွင်သာ အလုပ်မလုပ်ရန် တားမြစ်ထားသည်။ ဥပဒေသည် အလုပ်လုပ်ရမည့်အချိန်နာရီများ၊ အလုပ်လုပ်မည့်ကလေးအတွက် အထူးတလည်ပြဋ္ဌာန်းချက်များ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းမှုအတွက် ဆေးဘက်ဆိုင်ရာအထောက်အထားများ လိုအပ်ချက်ကိုပါပြဋ္ဌာန်းထားသည်။[၁၀] ထိုဥပဒေများသည် ကလေးအိမ်အကူအလုပ်အကိုင်အတွက် ထိန်းသိမ်းဆောင်ရွက်မှုပြုလုပ်ရန် ပြဋ္ဌာန်းမထားသောကြောင့် အလုပ်သမား စုံစမ်းစစ်ဆေးရေးအရာရှိများကို အိမ်ထောင်စုများအတွင်းဝင်ရောက်စစ်ဆေးရန်နှင့် အိမ်အကူအလုပ်အကိုင်တွင် ကလေးများရှိမရှိစစ်ဆေးရန် အတားအဆီးဖြစ်စေသည်။ အမှန်တကယ်အားဖြင့် လက်ရှိဆန်းစစ် လေ့လာမှုမှဖော်ထုတ်တွေ့ရှိရသည်မှာ ဤလေ့လာမှုတွင်ပါဝင်ရန်အတွက် ဆက်သွယ်ခဲ့သော အလုပ်သမား စုံစမ်းစစ်ဆေးရေးအရာရှိများအနေဖြင့် လူတွေ့မေးမြန်းမှုများတွင်မပါဝင်လိုကြသည်မှာ ကလေးအိမ်အကူအလုပ်အကိုင် သို့မဟုတ် အိမ်အကူအလုပ်အကိုင်ရှိကလေးအလုပ်သမားများသည် ၎င်းတို့နှင့် မသက်ဆိုင်သောကိစ္စဖြစ်သည်ဟု ထင်မြင်ယူဆကြခြင်းကြောင့်ဖြစ်သည်။ စုံစမ်းစစ်ဆေးရေးမှူးတစ်ဦးမှ သုတေသနမေးခွန်းများကို စာဖြင့်ရေးသားဖြေဆိုခဲ့သော်လည်း ထိုမေးခွန်းများကို ကလေးအိမ်အကူအလုပ်အကိုင်အတွက် လုပ်ပိုင်ခွင့်ရှိသောလူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ရည်ညွှန်းကိုးကားရန် သုတေသီများအား တိုက်တွန်းခဲ့သည်။ ထို့ကြောင့် အလုပ်သမားစုံစမ်းစစ်ဆေးရေးမှူးများအနေဖြင့် ကလေးအိမ်အကူ အလုပ်သမားများ၏ အခြေအနေကို စောင့်ကြည့်လေ့လာရန်အတွက် လုပ်ပိုင်ခွင့်အာဏာမရှိကြပေ။ နောက်ဆုံးအရေးကြီးသည့် အချက်တချက်မှာ မြန်မာနိုင်ငံသည် ILO ကလေးအလုပ်သမား၏ အိမ်အကူအလုပ်သမားများဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၁၊ (အမှတ် ၁၈၉) ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် အချက်ဖြစ်သည်။

UNICEF မြန်မာမှ နိုင်ငံအတွင်းရှိကလေးသူငယ်များကို အကာအကွယ်ပေးရေးအတွက် အဓိကကျသော အချက်တချက်မှာ 'ကလေးအလုပ်သမားပျံနှံ့ဖြစ်ပွားမှု' အဖြစ်စာရင်းသွင်းဖော်ပြခဲ့ပြီး အစိုးရမှလည်း အသိအမှတ်ပြုလက်ခံခဲ့သည်။[၁၁] ၂၀၁၄ ခုနှစ် အမျိုးသားလူမှုရေးရာအကာအကွယ်ပေးရေး မဟာဗျူဟာအရ လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဦးဆောင်သွားရမည့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များတွင် လူမှုရေးရာအလုပ်နှင့် သက်ဆိုင်သည့် စီမံခန့်ခွဲမှုများပါဝင်ပြီး ကလေးသူငယ်အကာအကွယ်ပေးရေးအတွက် အဓိကဒေါက်တိုင်တစ်ခုအဖြစ် နိုင်ငံတော်အဆင့် ပြန်လည်တုံ့ပြန်လုပ်ဆောင်သွားမည့် အစိတ်အပိုင်းတရပ်လည်းဖြစ်သည်။[၁၂] ယင်းအချက်သည် လူမှုဝန်ထမ်းဦးစီးဌာန(DSW)ကို မြို့နယ်အဆင့်တွင် ကလေးသူငယ်အကာအကွယ်ပေးရေး ဖြစ်စဉ်များဆိုင်ရာ မန်နေဂျာများဖြင့် စည်းရုံးမှုပြုလုပ်ပြီး လူမှုရေးရာလုပ်ငန်းများနှင့် သက်ဆိုင်သည့်ဖြစ်ရပ်များအား စီမံခန့်ခွဲခြင်းများကို ကတိကဝတ်ပြုဆောင်ရွက်မှုဖြစ်စေသည်။

ယခုလေ့လာမှုမှ တွေ့ရှိရသည်မှာ ကလေးများကို အိမ်အကူအလုပ်အကိုင်ရှိ ကလေးအလုပ်သမားများအပါအဝင် ညှင်းပန်းနှိပ်စက်မှုများကို DSW သို့ သတင်းပေးတိုင်ကြားနိုင်သော ယန္တရားစနစ်တစ်ခု လည်ပတ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ထိုသို့သော ကိစ္စရပ်များတွင် ဌာနသည် ထိုသို့သောဖြစ်ရပ်များကို ဖြေရှင်းပေးရန်အတွက် သက်ဆိုင်ရာမြို့နယ်များတွင် ဖြစ်ရပ်ကိုင်တွယ်သည့် မန်နေဂျာများကို သတ်မှတ်ထားသည်။ အလွန်အမင်း ဆိုးဝါးသော အခြေအနေများတွင် ကလေးများကို ၎င်းတို့၏ အလုပ်ရှင်များထံမှ ခေါ်ထုတ်သွားမည်ဖြစ်သည်။ DSW သည် ကလေးသူငယ်အကာအကွယ်ပေးရေးအတွက်လည်း လက်ကမ်းစာစောင်များ ထုတ်ဝေထားကာ ကလေးသူငယ်များ ညှင်းပန်းနှိပ်စက်ခံရပါက ဆက်သွယ်ရန် (၂၄) နာရီအရေးပေါ်ခေါ်ဆိုနိုင်သည့် နံပါတ်များကို ထည့်သွင်းဖော်ပြထားပါသည်။

သဘောတူခွင့်ပြုချက်မကျသေးသည့် ကလေးသူငယ်ဥပဒေမူကြမ်းသည် ကလေးအိမ်အကူအလုပ်အကိုင်နှင့် အိမ်အကူ အလုပ်အကိုင်ရှိကလေးအလုပ်သမားများအတွက် လုံလောက်အောင် လိပ်ပူဆောင်ရွက်ပေးနိုင်မည်မဟုတ်ပါ။ DSW မှ ဒုတိယညွှန်ကြားရေးမှူးချုပ်၏ အဆိုအရ 'အလုပ်လုပ်နေသည့်ကလေးများ'နှင့် 'ကလေးအလုပ်သမားများ' အကြား ကျူးလွန်သူများနှင့် ဓားစာခံဖြစ်ရသူများအတွက် ပိုမိုရှင်းလင်းတိကျသော အဓိပ္ပာယ်ဖွင့်ဆိုချက်များဖွင့်ဆိုရန်လိုအပ်ပြီး ဖြစ်ရပ်များနှင့် ပတ်သက်၍ အလုံးစုံချဉ်းကပ်ဆောင်ရွက်နိုင်ရန်အတွက် အသိပညာပေးမြှင့်တင်မှုများလည်း ထပ်မံလိုအပ်သည်ဟု ဆိုသည်။

အိမ်အကူအလုပ်အကိုင်ကို တရားဝင်လုပ်ငန်းအဖြစ် လက်ခံသတ်မှတ်ပြီးပါပြီလား? ကျွန်တော်ထင်တာကတော့ ကျေးကျွန်ပြုခြင်းတမျိုးပါဘဲ။ အိမ်အကူလုပ်သားဖြစ်ရပ်တွေဟာ ပြည်တွင်းပြည်ပ လူကုန်ကူးမှုတွေနဲ့ ဆက်စပ်ပြီး ဘာသာရေး ခေါင်းဆောင်များအပါအဝင် လူပေါင်းများစွာပါဝင်ပတ်သက်နေပါတယ်။ ဒါကြောင့် မိလို့ အရေးယူရခက်ခဲပြီး နိုင်ငံတကာစံနှုန်းတွေနဲ့ ညီစွန်းယုံသာမက လူမှုရေးရာစံနှုန်းများ၊ ယုံကြည်ချက်များကိုပါထည့်သွင်းစဉ်းစားပြီး အဓိပ္ပာယ်ဖွင့်ဆိုချက် များသတ်မှတ်ထားဖို့လိုပါတယ်။ အနိမ့်ဆုံးစံသတ်မှတ်ချက်တွေလဲလိုပါတယ်။ ဥပမာပြောရရင် အသက် (၁၄) နှစ် (၁၆) နှစ်ရှိတဲ့ ကလေးများ ဘယ်လိုအလုပ်တွေလုပ်နိုင်တယ် စသဖြင့်ဖြစ်ပါတယ်။ မိဘများက ဗဟုသုတမရှိရင် ကလေးတွေကို အိမ်အကူအလုပ်အကိုင်ပို့ပြီး ကလေးများရဲ့အခွင့်အရေးတွေဆုံးရှုံးပါတယ်။ အဲ့လိုမိဘတွေကပို့တာကော တရားဝင်သလား၊ မဝင်ဘူးလား? အလုပ်သမားဝန်ကြီးဌာနသည်လည်း ကလေးအလုပ်သမားနဲ့ အလုပ်သမားဥပဒေများအရ အလုပ်အမျိုးအစားများကို အတိအကျသတ်မှတ်ရာမှာ အတူတကွ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်။
(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဇွန် ၂၈၊ ၂၀၁၈၊ နေပြည်တော်)

ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အောက်တွင် ကလေးအိမ်အကူအလုပ်အကိုင်ကို ကလေးသူငယ်များ ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်းတွင် ထည့်သွင်းသွားရန် အစီအစဉ်ရှိပြီး ၂၀၁၇ ILO ၏ ကလေးအလုပ်သမားများအဆုံးသတ်ရေးနှင့် အိမ်အကူအလုပ်အကိုင်တွင်ရှိသည့် လူငယ်များကို အကာအကွယ်ပေးရေး အကြံပြုချက်များနှင့်ကိုက်ညီအောင် အဓိကကျသည့် မူဝါဒများအား ချမှတ်သွားရန်လည်းဖြစ်သည်။ ထိုပဓာနကျသည့် မူဝါဒများထဲမှ ကလေးသူငယ်အိမ်အကူလုပ်သားများကို အကာအကွယ်ပေးရေးနှင့် သက်ဆိုင်သည့် အကြောင်းအရာများမှာ -

- အရည်အသွေးရှိသော ပညာရေးသို့ မည်သူမဆိုလက်လှမ်းမှီရရှိရေး - လက်လှမ်းမှီမှု၊ အကုန်အကျခံနိုင်မှု၊ အရည်အသွေးမြင့်မားမှု၊ အခမဲ့၊ မသင်မနေရ
- အလုပ်အကိုင်ခန့်အပ်မှုနှင့် အလုပ်သမားများကို အကာအကွယ်ပေးရေး
- တရားဝင်အလုပ်လုပ်နိုင်သည့် ငယ်ရွယ်သည့် အလုပ်သမားများနှင့် အရွယ်ရောက်ပြီးသူများအတွက် အလုပ်အကိုင်များဖန်တီးရေး
- အနိမ့်ဆုံးလုပ်ခလစာများ၊ အလုပ်ချိန်အကန့်အသတ်များ

- အလုပ်သမားစုံစမ်းစစ်ဆေးရေး
- တရားဝင် အလုပ်အကိုင်ခန့်အပ်ခြင်းဆိုင်ရာ ကျင့်သုံးမှုများ
- အလုပ်အကိုင်ခန့်အပ်နိုင်သည့် အနိမ့်ဆုံးအသက်နှင့် အိမ်အကူအလုပ်အကိုင်တွင် အလုပ်လုပ်ခွင့်
- ပေါ့ပါးသောအလုပ် အဓိပ္ပာယ်ဖွင့်ဆိုချက်
- ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်း
- လုပ်သားစုဆောင်းရေးအေဂျင်စီများ၏ လုပ်ငန်းလုပ်ဆောင်ပုံများ
- အခြေခံဝင်ငွေတည်မြဲရေး၊ လူမှုရေးရာ အကာအကွယ်ပေးရေး
- ကလေးအလုပ်သမားများအတွက် စာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းများ (ဥပမာ - သတ်မှတ်ချက်ဖြင့် သုံးစွဲရသော ငွေကြေးပေးအပ်ခြင်းစီမံကိန်းများ)

မြန်မာနိုင်ငံ၏ပညာရေးစနစ်သည် လက်ရှိပညာရေးလိုအပ်ချက်များအရ တုံ့ပြန်ဆောင်ရွက်သွားရန် အပြောင်းအလဲများ လုပ်ဆောင်လျက်ရှိသည်။ လက်ရှိပညာရေးကဏ္ဍတွင် ပါဝင်သည်များမှာ - ရှေးဦးအရွယ် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး (ECCD)၊ အခြေခံပညာရေး၊ ကျောင်းပြင်ပ ပညာရေး၊ အဆင့်မြင့်ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်သင်ကြားရေး (TVET) တို့ပါဝင်သည်။ လက်ရှိအခြေခံပညာရေးစနစ်တွင် မူလတန်းပညာရေး (သူငယ်တန်းမှ လေးတန်းအထိ) ငါးနှစ်၊ အလယ်တန်းလေးနှစ်နှင့် အထက်တန်းနှစ်နှစ်ပါဝင်သည်။ ကျောင်းပြင်ပပညာရေးသည် ကျောင်းထွက်သွားသည့် ကလေးများနှင့် (၃၇၂) ကျောင်းရှိသည့် TVET ကျောင်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကတို့မှ ပေးနေသည့် TVET များတွင် တက်ရောက်နေသည့် အရွယ်ရောက်သူများနှစ်ခုစလုံးအတွက် ရည်ရွယ်သည်။ ၂၀၁၆-၂၀၂၁ ပညာရေးကဏ္ဍအစီအစဉ်၏ ပန်းတိုင်မှာ "သင်ကြားရေးနှင့် လေ့လာသင်ယူရေး၊ သက်မွေးပညာနှင့် သင်တန်းများ ပိုမိုတိုးတက်လာရေး၊ သုတေသနများနှင့် ဆန်းသစ်တီထွင်မှုများမှတဆင့် စာသင်ကျောင်းအားလုံးနှင့် ပညာရေးအဖွဲ့အစည်းများအားလုံးရှိ ကျောင်းသူကျောင်းသားများ၏ ရရှိအောင်မြင်မှုများကို သိသာထင်ရှားစွာ ပိုမိုတိုးတက်သွားစေရန်ဖြစ်သည်။"[၁၃]

၂၀၁၆ ခုနှစ်အစိုးရ၏ အချက်အလက်များအရ စာရင်းသွင်းထားသည့် ကျောင်းသူကျောင်းသား (၉,၂၅၇,၉၇၀) ယောက်မှ (၅,၁၈၄,၀၄၁)မှာ အခြေခံပညာတွင်ဖြစ်ပြီး (၂,၇၉၅,၆၀၇)ယောက်မှာ အလယ်တန်းတွင်ဖြစ်သည်။[၁၄] ကျေးလက်နှင့် မြို့ပြပညာရေးစနစ်များအတွင်း လက်လှမ်းမှီမှု၊ အရည်အသွေးနှင့် ပညာရေးအတွက် ကုန်ကျစရိတ်များမှာများစွာ ကွာဟမှုရှိသည်။ ရနိုင်သမျှသောစာရင်းအင်းများအရ ၂၀၁၆ ခုနှစ်အတွင်း ကျေးလက်ဒေသများတွင် မူလတန်းအဆင့်ကျောင်းထွက်သည့်နှုန်းမှာ ၁၃.၉၀%ရှိပြီး မြို့ပြတွင် ၁.၉၀% ရှိသည်။[၁၅] ထို့ထက်ပို၍ ကလေးများ မူလတန်းအဆင့်တွင် ကျောင်းထွက်ရခြင်း ပိုများလာသည့်အကြောင်းကိုလည်း လေ့လာခဲ့ပါသည်။ ထိုသို့ဖြစ်ရခြင်းမှာ ကျောင်းတူညီဝတ်စုံဖိုးနှင့် အပိုကျူရှင်ယူရခြင်းကဲ့သို့သော ပညာရေးဆိုင်ရာတိုက်ရိုက်သို့မဟုတ် သွယ်ဝိုက် အပိုကုန်ကျစရိတ်များကြောင့်ဖြစ်သည်။ အခြေခံပညာရေးသည် တရားဝင်သတ်မှတ်ထားချက်အရ အခမဲ့ဖြစ်သော်လည်း ဆင်းရဲသော၊ ဝေးလံခေါင်းပါးသောနေရာများမှ မိသားစုများသည် ၎င်းတို့၏ ကလေးများအတွက် လေ့ကျင့်ခန်းစာအုပ်၊ စာရေးကိရိယာ၊ တူညီဝတ်စုံနှင့် ကလေးများ နေ့စဉ်ကျောင်းတက်ချိန်တွင် မမျော်လင့်ဘဲကုန်ကျရသည့် စရိတ်များကို မတတ်နိုင်ကြပေ။ အတော်အတန် ပမာဏများပြားသော ကလေးသူငယ်များသည် အလယ်တန်းသို့အကူးအပြောင်းအချိန်တွင် ကျောင်းမှထွက်ကြသည်။ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် လုပ်ဆောင်ချက်အစီအစဉ် နောက်ခံအကြောင်းအရာပြအစီရင်ခံစာ[၁၆]အရ မိန်းကလေးများနှင့် ယောကျ်ားလေးများ၏ အသက်အရွယ်အလိုက် ကျောင်းတက်နှုန်းများ အကြီးအကျယ်ကျဆင်းသည်ကို ပြသသည်။ အသက် (၅) နှစ်မှ (၁၁) နှစ်အတွင်းရှိ ကလေးများ ကျောင်းတက်နှုန်းသည် ၈၈.၉% ရှိသော်လည်း အသက် (၁၂) နှစ်မှ (၁၄) နှစ်အကြား ကလေးများတွင် ၇၉.၈% အထိကျဆင်းသွားပြီး အသက် (၁၅) နှစ်မှ (၁၇) နှစ်များတွင် ၄၇.၇% အထိကျဆင်းသွားသည်။

မိသားစုများ၏ပညာရေးစရိတ်မတတ်နိုင်မှုသည် ကျောင်းသားကျောင်းသူများ ကျောင်းနေမပျော်တော့ခြင်းနှင့် စာသင်ယူမှု ညံ့ဖျင်းခြင်းရလဒ်များလည်း ပေါင်းစည်းဖြစ်ပေါ်စေသည်။ ဆင်းရဲနွမ်းပါးသည့်ကလေးများ၊ ဗမာစကားပြောဆိုရန် ခက်ခဲသည့် ဝေးလံသောနေရာများမှ လာသည့်ကလေးများ၊ ပဋိပက္ခဖြစ်နေသည့် နေရာများမှ ကလေးများနှင့် မသန်စွမ်းသည့် ကလေးများသည် စာသင်ကျောင်းများတွင် အခက်အခဲများစွာ တွေ့ရသည်။ ဆရာ/ဆရာမများသည်လည်း နိုင်ငံရှိ အမျိုးသားစံနှုန်းများနှင့် မကိုက်သောကလေးများအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ထားမှုများလည်း နည်းပါးပြီး အိမ်အကူ ကလေးတယောက်ပြောသည်မှာ "ဘဝက ခက်ခဲလာတော့ ကျောင်းထွက်လိုက်တယ်"ဟူ၍ဖြစ်သည်။[၁၇] မြန်မာနိုင်ငံရှိ အသိုက်အဝန်းနှင့် မိဘများသည် ပညာရေးကို တန်ဖိုးထားသော်လည်း လက်ရှိအခြေအနေများအရ ကလေးများကို စာသင်ကျောင်းတွင် အနည်းငယ်သာ ထိန်းသိမ်းထားနိုင်သည်။ ဆင်းရဲသည့်ကလေးများအတွက် စီးပွားရေးအရ ပြန်လည်ရရှိမှုနှင့် ဆင်းရဲတွင်းမှလွတ်မြောက်မှုများကို မျှော်လင့်ချက်ရေးရေးသာပေးနိုင်သည့် ပညာရေးစနစ်တွင် ဆက်လက်သင်ယူမည့်အစား ကျောင်းထွက်ပြီးငွေရှာခြင်း၊ ပိုမိုကောင်းမွန်သော ဘဝကို ရှာဖွေခြင်း၊ ခက်ခဲပင်ပန်းသည့် ကျေးလက်ဘဝကို ချန်ထားခဲ့ခြင်းများကပို၍ ကောင်းမွန်သည့် ရွေးချယ်မှုဖြစ်စေသည်။
နောက်ဆုံးအရေးကြီးသည့်အချက်တချက်မှာ မြန်မာနိုင်ငံသည် လူမှု-ဓလေ့ စံနှုန်းများအရ မိန်းကလေးများကို ပညာရေး သို့မဟုတ် လူထုအတွင်းပါဝင်ဆောင်ရွက်မှုများကို ခွင့်မပြုခြင်းကဲ့သို့သော ကျားမကွဲပြားမှုအခြေခံသည့် ခွဲခြားဆက်ဆံခြင်း များအပါအဝင် ကလေးသူငယ်များနှင့် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်မည့် ပြဋ္ဌာန်းချက်များပါဝင်သော ILO ပြဋ္ဌာန်းချက်အမှတ် (၁၈၂) အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေမှု၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာပြဋ္ဌာန်းချက် (CRC) နှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာပြဋ္ဌာန်းချက် (CEDAW) တို့ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အစိုးရလုပ်ဆောင်ပေးနိုင်သည်များထက်ကျော်လွန်၍

DSW အပြင် ဖြစ်ရပ်ဆိုင်ရာများစီမံခန့်ခွဲရေး၌ save the children မှ ရပ်ရွာလူထုအထောက်အကူပေးရေး အုပ်စုများကို ကူညီပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကလေးသူငယ်အကာအကွယ်ပေးရေး အသိပညာပေးမြှင့်တင်မှုများကို ပြုလုပ်ကာ World Vision မှ မြန်ဆန်စွာ ဆန်းစစ်လေ့လာမှုပြုလုပ်ခဲ့သည့် ခွေးလေးကြီးကျေးရွာအုပ်စုတွင် အသေးစား ငွေရေးကြေးရေးအကူအညီများကို ပေးအပ်ခဲ့သည်။

ထိုကြိုးပမ်းမှုများကို ပြည်တွင်း NGO အဖွဲ့များမှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ရတနာ့မေတ္တာအဖွဲ့အစည်း (RMO) သည် ကလေးသူငယ်အကာအကွယ်ပေးရေး ဖြစ်ရပ်များစီမံခန့်ခွဲမှုကို (CPMP) ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ညောင်ဦး၊ မကွေး၊ မွန္တလေး၊ မဟာအောင်မြေ၊ ချမ်းအေးသာဇံ၊ မြောင်းမြ၊ ပုသိမ်၊ တောင်ကြီး၊ ပြည်၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့နယ်များတွင် အကောင်အထည်ဖော်ခဲ့ပြီး[၁၈] ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗန်းရှင်းအဖွဲ့မှလည်း အမျိုးသမီးများစောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေးစီမံချက်ကို ဆောင်ရွက်ခဲ့သည်။ ယင်းမှာ နိုင်ငံတဝှမ်းရှိ အိမ်အကူအလုပ်သမားများကို အကူအညီပေးသည့် စီမံချက်ဖြစ်သည်။

ရတနာ့မေတ္တာအဖွဲ့အစည်းသည် DSW မှ ပြဋ္ဌာန်းဥပဒေနှင့် လုပ်ဆောင်၍မရသည့် ကိစ္စရပ်များကို လုပ်ဆောင်ပြီး အိမ်တွင်းအကြမ်းဖက်မှုဖြစ်ရပ်များ၊ ရုပ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများ၊ ကလေးအလုပ်သမားနှင့် လျစ်လျူရှုပစ်ထားခံရသည့်ဖြစ်ရပ်များပါဝင်သည်။ အဖွဲ့အစည်းသည် ကလေးသူငယ် အကာအကွယ်ပေးရေး ရည်ညွှန်းလွှဲပို့ပေးနိုင်သည့် ဝန်ဆောင်မှုပေးသူများနှင့် ကွန်ရက်ဖွဲ့ထားပြီး DSW နှင့် မတူညီသော CSO/NGO များပါဝင်သည်။ ထိုသို့လွှဲပို့ပေးနိုင်သော ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ စာရင်းနှင့် ကလေးသူငယ်အကာအကွယ်ပေးရေးအတွက် အဓိကတာဝန်ရှိသည့် ၎င်းတို့အဖွဲ့မှ ဆက်သွယ်နိုင်မည့်

လူများစာရင်းစာအုပ်ကိုလည်း ပြင်ဆင်ထုတ်ဝေထားသည်။ ၂၀၁၈ ဇွန်လတွင် အဖွဲ့အစည်းမှ ထိုရည်ညွှန်းစာအုပ်ကို မြို့နယ်ရှစ်မြို့နယ်တွင် စတင်ဖြန့်ဝေနိုင်ခဲ့သည်။ ထို့အပြင် ရတနာ့မေတ္တာသည် DSW မှ ဖြစ်ရပ်ဆိုင်ရာများစီမံခန့်ခွဲနိုင်ရန် လိုအပ်သည့် အချက်အလက်များကိုလည်း ကောက်ယူပေးသည်။[၁၉]

ရန်ကုန်အခြေစိုက် ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗင်းရှင်း၏ အမျိုးသမီး စောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေး စီမံချက်သည် အိမ်အကူလုပ်သားများ၏ လိုအပ်ချက်များကို အထူးတလည် စီမံစောင့်ရှောက်မှုများပေးလျက်ရှိသည်။[၂၀] အဖွဲ့အစည်းအနေဖြင့် အရွယ်ရောက်ပြီးအိမ်အကူလုပ်သားများကို ဝန်ဆောင်မှုများပေးလျက်ရှိပြီး ပေးရသည့်ဝန်ဆောင်မှုများမှာ အမျိုးသမီးအလုပ်သမားများ၏ လစာညှိနှိုင်းပေးရခြင်းများ၊ အလုပ်မှ ထွက်လာသူများအတွက် ခိုနားရန်နေရာပေးရခြင်းများ သို့မဟုတ်ထိုသူများကို သက်မွေးပညာ သင်တန်းပေးရခြင်းများ၊ အခြားသောကျွမ်းကျင်မှုများနှင့် အလုပ်အလားအလာများရှာပေးရခြင်းများ စသဖြင့် အမျိုးစုံအောင်ပါဝင်သည်။ အဖွဲ့အစည်းအနေဖြင့် ညှင်းပန်းနှိပ်စက်မှုများ ပါဝင်သည့်ဖြစ်ရပ်များကို ကရင် အမျိုးသမီးများ၏ လုပ်ပိုင်ခွင့်ရေးရာအဖွဲ့အစည်း (Karen Women's Empowerment Group) သို့လွှဲပို့သည်။ ထိုအဖွဲ့အစည်းတွင် အများစုမှာ ဇရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ကရင်အမျိုးသမီးများဖြင့် ပါဝင်ဖွဲ့စည်းထားသည်။ ထိုအဖွဲ့အစည်းသို့ရောက်ရှိလာသည့် ကလေးအိမ်အကူအလုပ်သမားများကို အိမ်သို့ပြန်လည်ပို့ပေးသည်။

ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗင်းရှင်းသည် ကရင်လူဦးရေများရှိသည့် နေရာနှစ်ဆယ်တွင် စောင့်ကြည့်ရေးလုပ်ငန်းကို လုပ်ဆောင်သည်။[၂၁] ဒေသခံ ခရစ်ယာန်သင်းအုပ်ဆရာမှ ကြီးကြပ်ကွပ်ကဲပြီး ထိခိုက်လွယ်သည့် ကလေးသူငယ်များ အထူးသဖြင့် ကလေးသူငယ်အိမ်အကူအဖြစ်မှပြန်လာသူများ သို့မဟုတ် အိမ်အကူအလုပ်အကိုင်မှ ကလေးငယ်များကို လေ့လာစောင့်ကြည့်ခြင်းပြုလုပ်သည်။ အကယ်၍ စိုးရိမ်ဖွယ်ရာ အခြေအနေများ ထွက်ပေါ်လာပါက သင်းအုပ်ဆရာသည် ကလေးငယ်၏မိသားစုနှင့် ဆက်သွယ်ပြီး ကလေးငယ်ကို အိမ်အကူအလုပ်အကိုင်သို့ ပြန်လည်စေလွှတ်ခြင်းမခံရစေရန် တားဆီးကာကွယ်သည်။

ထို့အပြင် ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗင်းရှင်း၏ အမျိုးသမီးရေးရာဌာနသည် နေရာရှစ်နေရာတွင် လုပ်ငန်းလည်ပတ် လျက်ရှိပြီး အမျိုးသမီးစောင့်ရှောက်ရေးကော်မတီကို ၂၀၁၂ တွင် ဖွဲ့စည်းခဲ့သည်။ ကော်မတီသည် ဇရာဝတီတိုင်းရှိ ကရင်ကျေးရွာများတွင် ဒေသဆိုင်ရာအသင်းပေါင်း (၈၀) ကို ဖွဲ့စည်းပြီးဖြစ်သည်။ ထိုဒေသဆိုင်ရာအသင်းများတွင် ပုံမှန်အားဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ အမျိုးသမီးခေါင်းဆောင်တယောက်နှင့် သင်းအုပ်ဆရာတဦးပါဝင်သည်။ ကော်မတီသည် ပြန်လည်ထူထောင်ရေးတွင် ထိခိုက်လွယ်အမျိုးသမီးများနှင့် ၎င်းတို့၏ကလေးသူငယ်များကို အကာအကွယ်ပေးရန်ဖြစ်သည်။

ပန်းတိုင်သို့ရောက်ရှိရန် လှေကားထစ်တစ်ခု

အိမ်အကူအလုပ်အကိုင်သည် မြို့ထဲရှိ အခြားသောအလုပ်အကိုင်များထံသို့ရောက်ရှိရန် လှေကားထစ်တစ်ခုလည်း ဖြစ်နိုင်သည်။ အိမ်အကူအလုပ်အကိုင်သို့ဝင်လာသောကလေးများနှင့် အခြားသော ကျွမ်းကျင်မှုအတွေ့အကြုံများ ရှိမထားသည့်သူများသည် မြို့ထဲရှိအခြားသောအလုပ်များသို့ ရွှေ့ပြောင်းရန် အခက်အခဲရှိကြသည်။ အိမ်အကူအလုပ်အကိုင်သည် အလုပ်စျေးကွက်အတွင်းသို့ စတင်ဝင်ရောက်ရန်အခွင့်အရေးရှိပြီး ဘေးကင်းလုံခြုံမှုလည်းရှိသည်ဟု ယူဆရသည်။

ကလေးအိမ်အကူအလုပ်သမားများနှင့် ကလေးအိမ်အကူအလုပ်သမားဖြစ်ခဲ့ဖူးသူများကလည်း အိမ်အကူအလုပ်သည် မြို့ထဲရှိ ပိုမို ကောင်းသောအလုပ်များရရှိရန်နှင့် အနာဂတ်တွင် လစာပိုမိုရသောအလုပ်များသို့ပြောင်းရွှေ့နိုင်ရန် အခွင့်အရေးရှိသည် ဟု ဆိုကြသည်။ လက်ရှိလေ့လာမှုတွင် မည်သည့်ကလေးသို့မဟုတ်

အမျိုးသမီးများ ထိုကဲ့သို့အလုပ်ကူးပြောင်းသွားခြင်း ကို မတွေ့ခဲ့ရသော်လည်း အိမ်အကူအလုပ်အကိုင်သည် အခြားသောအလုပ်အမျိုးအစားများကိုရှာတွေ့စေသည်မှာဖြစ်ကောင်းဖြစ်နိုင်ပါသည်။ကလေးသူငယ်များနှင့် အမျိုးသမီးများသည် အခြားလုပ်ငန်းကဏ္ဍတွင် အလုပ်ရှာဖွေသည်ထက် အိမ်ကိုပြန်ကြသည်က ပိုများသည်ဟန်ရှိပါသည်။ ထိုဖော်ပြခဲ့သည့် ချွင်းချက်နှင့် ပတ်သက်၍ ပြောကြားခဲ့သည်မှာ ယခင်အိမ်ဖော် တယောက်ကို ငှားရမ်းခဲ့ဖူးသည့် အလုပ်ရှင်တဦးဖြစ်သည်။ ထိုအိမ်အကူသည် ပွဲစားထံတွင် တင်ရှိနေသည့် သူမ၏ အကြွေးများကြေသည်အထိစားသောက်ဆိုင်တွင်ကူခဲ့ရပြီးသူမကိုအိမ်ပြန်ခွင့်မပြုမီအလုပ်ရှင်ထံအကြွေးကြေအောင် ဆပ်ရသည် ဟုဆိုသည်။

အရေအတွက်မည်မျှရှိသော ကလေးသူငယ်အိမ်အကူလုပ်သားများသည် ၎င်းတို့အရွယ်ရောက်လာချိန်တွင် ပိုမိုကောင်း သောအလုပ်အကိုင်များရရှိကြသည်ကို သတ်မှတ်သိရှိနိုင်ရန်မှာ ခဲယဉ်းသည် အခြေခံမူလတန်းပညာရေးကို ပြီးမြောက်ခဲ့ကြသည့် ကလေးသူငယ်အိမ်အကူလုပ်သားများမှာ စာရေးသားနိုင်စွမ်းနှင့် ဂဏန်းတွက်ချက်နိုင်စွမ်းများရှိကြသည်။ ဤလေ့လာဆန်းစစ်မှုအတွက် လူတွေ့မေးမြန်းခဲ့သည့် အနည်းငယ်မျှသော ကလေးအိမ်အကူအလုပ်သမားများမှာ ဆယ်ကျော်သက် အရွယ်နောင်းပိုင်းသို့ပင် ရောက်ရှိနေကြပြီဖြစ်သော်လည်း ၎င်းတို့မှာ စာရေးတတ်ဖတ်တတ်ခြင်း မရှိကြပေ။ ထိုမေးမြန်းခဲ့သူအများစုမှာ အိမ်အကူအလုပ်အကိုင်သို့ဝင်ရောက်လိုက်ပြီးကတည်းက စာဆက်လက်သင်ကြားရန် မဖြစ်နိုင်တော့ဟုဆိုကြပြီး အနာဂတ်တွင် ကျွမ်းကျင်မှုနည်းပါးသည့်အလုပ်များမှလွဲ၍ အခြားအလုပ်များရရှိရန် အကန့်အသတ်ရှိသွားပြီဖြစ်သည်။

ကလေးသူငယ် အိမ်အကူလုပ်သားများ၏ လူမှုရေးရာနှင့် လူမှုရေးပထဝီဝင် လက္ခဏာများ

ကလေးသူငယ်အိမ်အကူအလုပ်သမားများမှာ လူနည်းစုတိုင်းရင်းသားများရှိသည့်နေရာများမှ ကလေးများ အပါအဝင် အများအားဖြင့် ကျေးလက်ဒေသမှကလေးငယ်များဖြစ်ကြသည်။ ထိုအလုပ်သမားများမှ အများစုမှာအမျိုးသမီးများဖြစ်ကြပြီးဓလေ့ထုံးစံစံနှုန်းများအရအိမ်တွင်းအလုပ်ဆိုသည်မှာအမျိုးသမီးများအလုပ်ဖြစ်သောကြောင့်ဖြစ်သည်။ စမ်းချောင်း မြို့နယ်တွင် ဗမာလူမျိုးအလုပ်ရှင်တဦး၏ ပြောကြားချက်အရ သူသည် ဝ၊ ပအိုဝ်နှင့် ရှမ်းပြည်နယ်မှ ကလေးများကို ပို၍ နှစ်ခြိုက်သည်ဟု ဆိုသည်။ အရွယ်ရောက်ပြီးသူများ၏ ပြောကြားချက်အရ ကလေးများကို ပို၍ နှစ်ခြိုက်ကြခြင်းမှာ ကလေးများသည် အမိန့်နာခံပြီး ပုံစံသွင်းရန်နှင့် ထိန်းချုပ်ရန် လွယ်ကူကာ ရိုးလည်းရိုးသားကြသည်။ တိုင်းရင်းသားဒေသမှလာသော ကလေးများသည် ကြင်နာတတ်ကြပြီး အပြစ်ကင်းကာ အလုပ်လည်းကြိုးစားကြသည်။ ထိုသို့သော ပုံသေကားကျ စဉ်းစားမှုများကြောင့် တိုင်းရင်းသားလူနည်းစုများရှိသည့်နေရာများမှ ကလေးများသည် ဗမာလူမျိုးများအကြား ကြောက်ရွံ့မှုကို ဖြစ်စေပြီး ၎င်းတို့၏အလုပ်ရှင်များကိုလည်း စိတ်တွင်းမှ သိမ်ငယ်စေသည်။

တိုင်းရင်းသားကလေးငယ်များအပြင် ဤလေ့လာမှုတွင် မေးမြန်းခဲ့သည် ကလေးအများစုတွင် အနည်းဆုံးမွေးချင်းသုံးယောက်ရှိကြပြီး မိဘများ၊ မွေးချင်းညီအစ်ကိုမောင်နမများနှင့် အဘိုးအဘွားကဲ့သို့သော အခြားမိသားစုဝင်များဖြင့် နေထိုင်ကြသည့် အိမ်ထောင်စုများမှ လာရောက်ကြခြင်းများ များသည်။ အိမ်အကူအလုပ်အကိုင်သို့ဝင်ရောက်ကြသည့် ကလေးများမှာ မိသားစုတွင် အရေးပေါ်အခြေအနေတစုံတရာဖြစ်ပေါ်ခြင်းကြောင့် ဝင်ရောက်ကြရသည်။ မိသားစုဝင်တဦးဦး နာမကျန်းဖြစ်ခြင်း သို့မဟုတ် မိဘတဦးဦးသေဆုံးခြင်းကဲ့သို့သော အခြေအနေများကြောင့်ဖြစ်သည်။ မိဘများအများစုမှာ ဝင်ငွေခိုင်မာမှုမရှိဘဲ အကြွေးတင်နေကြသော တပိုင်တနိုင်လယ်သမားများ သို့မဟုတ် နေ့စား အလုပ်သမားများဖြစ်ကြသည်။ မြောင်းမြို့နယ်ရှိ နေ့စားအလုပ်သမားတဦးသည် အကယ်၍ အလုပ်ရှိခဲ့ပါက တနေ့လျှင် မြန်မာငွေ ၃၀၀၀ မှ ၅၀၀၀ ကျပ် အထိသာ ရကြသည်။

ကျွန်မမိဘတွေက နေ့စားလုပ်သားတွေဖြစ်ပြီး တခါတရံ တခြားသူတွေရဲ့ စိုက်ခင်းမှာ လုပ်ကြပါတယ်။ တခါတရံ အမေက ဈေးဆိုင်ငယ်လေးတွေမှာ တခြားသူတွေကို ကူတယ်။ အရင်က အမေက အိမ်ဖော်လုပ်ခဲ့ဖူးတယ်လေ။ အဖေကဆုံးသွား တာကြာပြီ။ (ကလေးသူငယ်အိမ်အကူလုပ်သား၊ ဇွန် ၂၆၊ ၂၀၁၈၊ လှိုင်သာယာ၊ ရန်ကုန်)

ကျွန်မမိဘတွေက နေ့စားတွေ၊ တခါတရံ ဧရာဝတီတိုင်း မြောင်းမြမှာရှိတဲ့ တခြားသူတွေရဲ့စိုက်ခင်းမှာ အလုပ်လုပ်ကြရ တယ်။ (ကလေးသူငယ်အိမ်အကူလုပ်သား၊ ဇွန် ၂၆၊ ၂၀၁၈၊ လှိုင်သာယာ၊ ရန်ကုန်)

အကြွေးသည် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများတွင် အတွေ့ရများသော အကြောင်းအရာတစ်ခုဖြစ်သည်။ ငွေချေးသူများသည် ဆင်းရဲသောမိသားစုများကို အနိုင်ကျင့်အမြတ်ထုတ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဦးဆောင်ကြိုးပမ်းလျက်ရှိသည့် ဒေသတွင်းအကူအညီများနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း အနှောက်အယှက်ဖြစ်စေသည်။ ခွေးလေးကြီးကျေးရွာအုပ်စုတွင် ပါဝင်ဖြေကြားသူအချို့မှ အိမ်ထောင်စုများ ဆင်းရဲနွမ်းပါးလာကြခြင်းမှာ အသေးစားချေးငွေများကြောင့်ဖြစ်သူဟု အပြစ်တင်ကြပြီး တဖြည်းဖြည်းတက်လာသည့် အကြွေးများကြောင့် မိဘများအနေဖြင့် ၎င်းတို့၏ကလေးများကို မြို့များတွင် အလုပ်လုပ်ရန် စေလွှတ်ကြရသည်။ ထိုအဆိုအရ သုတေသီများကို ထိုဒေသတွင် အသေးစားချေးငွေများ ထုတ်ပေးနေသည့် World Vision ရုံးသို့ ရောက်သွားစေခဲ့သည်။ World Vision ၏ အသေးစား ချေးငွေစီမံချက်ပြန်လည်သုံးသပ်ချက်နှင့် အဓိကတာဝန်ယူထားသည့် အရာရှိများနှင့် နှစ်ကြိမ်ခန့်လူတွေ့မေးမြန်းသည့်အခါ ထိုရွာသူရွာသား ပြောသည့်အတိုင်း အကြွေးများတက်လာခြင်းမှာ အဖွဲ့အစည်းမှ ပေးသည့် အသေးစားချေးငွေကြောင့်မဖြစ်နိုင်ကြောင်း ထွက်ပေါ်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရွာသူရွာသားများသည် ချေးငွေများကို အတိုင်းအဆမရှိ ချေးခွင့်မရှိဘဲ ၎င်းတို့ဆိုခဲ့သည့် အတိုးနှုန်းမှာလည်း အဖွဲ့အစည်းမှပေးနေသည့် ပမာဏထက်များစွာ ကွာခြားသည်။ ထိုကိစ္စကိုအတည်ပြုရန် ထပ်မံသုတေသနပြုလုပ်ရန်လိုသည်။ ဒေသတွင်းငွေချေးသူများမှ အကြွေးပေးရာတွင် အတိုးနှုန်း ၅၀% အထိသတ်မှတ်ပြီး ထိုသို့ချေးငှားခြင်းကို 'အသေးစားချေးငွေလုပ်ငန်း'ဟု ခေါင်းစဉ်တပ်ခြင်းဖြစ်သည်။ အသေးစားချေးငွေလုပ်ငန်းအစစ်အမှန်မှာ အချိန်ယူရပြီး ပြန်လည် စောင့်ကြည့်စစ်ဆေးခြင်းများလည်း လာရောက်ကာ၊ အကြံပေးဆွေးနွေးခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ပညာပေးသည့် အကူအညီများလည်း ပါဝင်သည်။ ငွေချေးသူများသည် ရွာသူရွာသားများအား အကြွေးကို လွယ်လွယ်ကူကူ မြန်ဆန်သက်သာစွာဖြင့် ချေးကြပြီး အသေးစားချေးငွေလုပ်ငန်းမှ အကြွေးများကို ပဟျောက်စေရေးလုပ်ဆောင်နေစဉ်တွင် သူတို့က ရွာသူရွာသားများကို အကြွေးသံသရာတွင် ပိတ်မိစေသည်။

ကျေးလက်ဒေသများမှ ကလေးအိမ်အကူအလုပ်သမားများမှာ ဓလေ့ထုံးစံအရ ၎င်းတို့၏မိဘများကို လယ်ယာလုပ်ငန်းတွင် ကူညီလုပ်ကိုင်ပေးဖူးကြပြီး ၎င်းတို့ကျောင်းတက်နေစဉ် အထူးသဖြင့် မူလတန်းတက်နေစဉ် အချိန်အတွင်း အိမ်အကူလုပ်သားများအဖြစ် စတင်လုပ်ကိုင်ပေးဖူးကြသည်။ လူတွေ့မေးမြန်းခဲ့သည့် ကလေးတဦး၏အဆိုအရ မိခင်၏အမိန့်အရ အိမ်အကူအလုပ်အကိုင်များကို စတင်လုပ်ကိုင်ခဲ့ကြရခြင်းဖြစ်ပြီး ၎င်း၏မိခင်သည်လည်း ယခင်က သို့မဟုတ် လက်ရှိတွင် အိမ်အကူလုပ်ငန်းများ လုပ်နေသူဖြစ်သည်။ အိမ်အကူအလုပ်အကိုင်သို့ဝင်ရောက်လုပ်ကိုင်သော ကလေးများသည် မိသားစုနှင့် လည်းအဆက်အသွယ်ပြုလုပ်နိုင်ပြီး ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်တည်မြဲမှုကိုရရှိကာ ၎င်းတို့ချစ်ခင်သူများနှင့် အဆက်အသွယ်မပြတ်ဘဲ ပိုမိုကောင်းမွန်သောလစာကိုလည်းရရှိကြသည်။

ကျောင်းစားရိတ်နဲ့ ကျောင်းကတခြားကုန်ကျတာတွေရဖို့ နွေကျောင်းပိတ်မှာ အလုပ်လုပ်ရတယ်။ အမေက လည်း ကျွန်မ ကျောင်းစားရိတ်အတွက် လောက်အောင်ရှာမပေးနိုင်ဘူး။ ကျွန်မ ၁၃ နှစ် ခြောက်တန်းမှာ နွေကျောင်းပိတ် အိမ်ဖော်အဖြစ် စလုပ်ခဲ့တယ်။ ခုနှစ်တန်းကျောင်းပိတ်တော့လည်း ဆက်လုပ်ဖြစ်ခဲ့တယ်။ နှစ်နွေလုံးလုပ်ခဲ့တာ ၆ လကြာတယ်။ အမေက အိမ်ဖော်လုပ်ခဲ့ဖူးတော့ သူ့မှာ အဆက်အသွယ်တွေရှိတယ်။ သူ့အဆက်အသွယ်နဲ့ ဒီအလုပ်ကိုရခဲ့တာ။ (ကလေးသူငယ်အိမ်အကူလုပ်သား၊ ဖွန် ၁၉၊ ၂၀၁၈၊ မြောင်းမြ)

အလုပ်ရှင်များ

ကလေးသူငယ်အိမ်အကူလုပ်သားများ၏ အလုပ်ရှင်များမှာ ဆိုင်ရှင်များ၊ ဆရာ/ဆရာမများ၊ အိမ်ရှင်မများ၊ ဆရာဝန်များမှချမ်းသာသည့်စီးပွားရေးလုပ်ငန်းပိုင်ရှင်များအထိအမျိုးစုံပါဝင်သည်။ ဤဆန်းစစ်လေ့လာမှုတွင် တွေ့ရှိခဲ့ရသမျှ အလုပ်ရှင်အများစုမှာ မြို့ပြနေလူလတ်တန်းစားများဖြစ်ကြပြီး သုံးစွဲနိုင်သည့် ဝင်ငွေ အကန့်အသတ်ရှိကြသူများဖြစ်သည်။ ဤလေ့လာမှုတွင် မေးမြန်းခဲ့သည့် အလုပ်ရှင်အများစုမှာ အမျိုးသမီးများဖြစ်သည်။ ၎င်းတို့အတွက် အိမ်အကူများလိုအပ်ရခြင်းမှာ ဓလေ့ထုံးစံအရ လူမှုရေးရာဝန်ဆောင်မှုများပေးရန် တတ်နိုင်လောက်သည့် ကလေးများလိုအပ်ခြင်း၊ အသက်အရွယ်အိုမင်းသူများအား စောင့်ရှောက်ရန် သို့မဟုတ် ၎င်းတို့ကိုယ်တိုင် နာရီပေါင်းများစွာ အလုပ်လုပ်နေချိန် တွင် လိုင်ကွဲပြားမှုအရ သတ်မှတ်ထားသော ၎င်းတို့လုပ်ကိုင်ပေးရန် လိုအပ်သည့်အိမ်မှုကိစ္စများကို လုပ်ခိုင်းရန်စသည့် အချက်များပါဝင်သည်။ အလုပ်ရှင်တွင် ကျောင်းနေအရွယ်ကလေးများရှိခဲ့ပါက နောက်ပိုင်း၌ အိမ်မှုကိစ္စများကို မကူညီနိုင်ကြတော့ပေ။

အချို့သောကိစ္စရပ်များတွင် ကလေးအိမ်အကူအလုပ်သမားကို မွေးစားသည်ဆိုသည့် ကိစ္စရပ်မှာ ဝေဝေဝါးဝါးသာဖြစ်သည်။ ကလေးသူငယ်များကို မိသားစုအတွင်းခေါ်သွင်းပြီး အလဲအလှယ်အနေဖြင့် အိမ်မှုကိစ္စများ လုပ်ခိုင်းကာ၊ ပြုစုပျိုးထောင်ပြီး ပညာသင်ကြားပေးခြင်းများ ရှိကောင်းရှိပါမည်။ စမ်းချောင်းရှိ စတိုးဆိုင်ပိုင်ရှင် တဦး၏ဖြစ်ရပ်တွင် သူမ၏အိမ်ကို လူလွတ်အမျိုးသမီးလေးဦးနှင့် ဝေမျှနေထိုင်ပြီး နှစ်ပေါင်းများစွာ ကလေးများကို ငှားရမ်းခိုင်းစေခဲ့သူဖြစ်သည်။ သူမက ပအို့ဝ်ကလေးများကို ပို၍နှစ်သက်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ လူတွေ့မေးမြန်းသည့် အချိန်တွင် အသက်(၉)နှစ် အရွယ်ရှိ ပအို့ဝ်ကလေးတယောက် သူမအိမ်တွင် နေထိုင်လျက်ရှိသည်။ သူမ၏ ပြောကြားချက်အရ ထိုကလေး၏မိသားစုသည် သူမတို့နှင့် ဆက်သွယ်မှုမရှိဘဲ ထိုကလေးကို အောင်မင်္ဂလာဘတ်စ်ကားဂိတ်တွင် သူမ၏ ညီမဖြစ်သူက ဘုန်းကြီးတပါးထံမှ ရရှိခဲ့ခြင်းဖြစ်သည်။

ဝင်းနိုင်၏ ဇာတ်လမ်း

ကျွန်တော်က (၉) နှစ်ရှိပါပြီ။ ကျွန်တော်က ရှမ်းပြည်နယ်၊ တွံပူးကျေးရွာက ဖြစ်ပါတယ်။ ကျွန်တော်အခုလက်ရှိ အလုပ်ရှင်နဲ့နေတာ နှစ်လရှိပါပြီ (မေ ၂၀၁၈) ဒါပေမယ့် ဒီကိုဘယ်လိုရောက်လာလဲ မသိပါဘူး။ ကျွန်တော်က မရမ်းကုန်းမြို့နယ်က ဘုန်းတော်ကြီးကျောင်းမှာနေခဲ့ပြီး နှစ်တန်းအထိတက်ခဲ့ပါတယ်။ အခုနှစ်တန်းကို အစိုးရကျောင်းမှာ ပြန်တက်နေပါတယ်။ မနက်ကို ၆ နာရီကနေ ၇ နာရီ၊ ညနေဆို ၉ နာရီကနေ ၁၀ နာရီအထိ အလုပ်လုပ်ရပါတယ်။ ပန်းကန်နဲ့ အိမ်သာတွေ ဆေးတယ်။ တံမြက်စည်းလဲ့၊ သန့်ရှင်းရေးလုပ်ပါတယ်။ ပိုက်ဆံတော့မရပေမယ့် အလုပ်ရှင်က ကျောင်းကို နေ့လည်စာထမင်းဘူးနဲ့ မုန့်တွေထည့်ပေးပါတယ်။ အိမ်မှာ ဆိုရင် မနက်စာ၊ နေ့လည်စာနဲ့ ညစာတွေ စားရပါတယ်။ ဒါပေမယ့် ပိုက်ဆံတော့မရပါဘူး။ အိမ်အလုပ်တွေ ကူပြီးရင် ကျွန်တော့်ပုံဆွဲစာအုပ်မှာ ရောင်စုံခဲတံတွေနဲ့ ပုံတွေ ဆွဲလို့ရပါတယ်။ အရိုက်လည်းမခံရပါဘူး၊

ကျောင်းမှာလည်း သူငယ်ချင်းတွေရှိပါတယ်။ ကျွန်တော်နေမကောင်းမဖြစ်ပါဘူး။ ကျွန်တော့်မိဘများနဲ့ အဆက်အသွယ်မရသလို ကျွန်တော့်အစ်မလည်း ဘယ်ရောက်နေမှန်းမသိပါဘူး။ သူလည်း ဘုန်းတော်ကြီးကျောင်းမှာပါဘဲ။ ရွာတုန်းကကျောင်းမှာ ပျော်ခဲ့ပါတယ်၊ ဒါပေမယ့် လက်ရှိအိမ်မှာ ပိုပျော်ပါတယ်။ ဒီကို မရောက်ခင် ဘုန်းတော်ကြီးစာသင်ကျောင်းမှာ ပန်းကန်ပြားတွေဆေးတယ်၊ သန့်ရှင်းရေးလုပ်၊ တံမြက်စည်းလှဲပါတယ်။ အခဲ့ဒီမှာတုန်းက ဆန်ထဲမှာ ပိုးကောင်တွေတွေ့လို့ စားရတာဒုက္ခရောက်ပါတယ်။ အခဲ့ဒီမှာ လက်တွေ၊ လက်မောင်းတွေ၊ တင်ပါး၊ ပေါင်၊ ခြေထောက်နဲ့ မျက်နှာတွေ အရိုက်ခံရပါတယ်။ ဘုန်းတော်ကြီးကျောင်းမှာ မပျော်ပါဘူး။ (ဝင်းနိုင်၊၂၂ ဖွန် ၁၈၊ ၂၀၁၈၊ စမ်းချောင်း)

ဝင်းနိုင်၏ မွေးစားမိဘ/အလုပ်ရှင်

ကျွန်မတို့အိမ်က လူလွတ်အမျိုးသမီးလေးယောက်ဆိုတော့ အိမ်မှာယောကျ်ားသားမရှိဘူး။ အခဲ့ဒါကြောင့် ယောကျ်ားလေး လိုတယ်။ အခဲ့ဒါကြောင့် ယောကျ်ားလေးတယောက်ကိုရှာပြီး အရွယ်ရောက်တဲ့အထိ ကျွန်မတို့နဲ့ ပြုစုပျိုးထောင်သွားဖို့ ကြိုးစားတယ်။ ဒါပေမယ့် မိဘတွေက ကလေးတွေအရွယ်ရောက် ပညာတတ်လာပြီဆိုလို့ရှိရင် ခိုင်းစားရအောင် ကလေးတွေကို ပြန်လာခေါ်ကြတယ်။ ဝင်းနိုင်က ကျွန်မတို့နဲ့နေတာ တလရှိပါပြီ။ သူက မရမ်းကုန်းမြို့နယ်မှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတကျောင်းကလာတာ၊ ဒါပေမယ့် ဘယ်ကျောင်းမှန်းတော့မသိဘူး။ကလေးကအခဲ့ဒီကျောင်းနာမည်ကိုမမှတ်မိဘူး၊ သူ့ကိုကျွန်မညီမကအောင်မင်္ဂလာကားဝင်းကနေ ခေါ်လာတာ။ ဝင်းနိုင်က စည်းကမ်းရှိတယ်။ သူက ပန်းကန်တွေဆေး၊ အိမ်သာတွေဆိုလည်း ကောင်းကောင်းဆေးတယ်။ ကျွန်မတို့က သူ့ကိုအများကြီးမခိုင်းဘူး၊ ဒါပေမယ့် ဘုန်းကြီးကျောင်းမှာ စည်းကမ်းနဲ့ နေခဲ့ရတော့ သူဘာသာ ဆန္ဒအလျောက်လုပ်ပေးတာ။ သူက ကျွန်မတို့မိသားစုမှာ ပထမဆုံးရောက်လာသူမဟုတ်ဘူး။ အရင်တုန်းကလည်း ကျွန်မတို့ဆီမှာ ရှမ်းပြည်ကလာကြတဲ့ ဝ၊ ပအို၀်၊ ပလောင်၀် ကလေးလေးယောက်ရှိခဲ့ဖူးတယ်။ ကျွန်မညီမက အထက်တန်းပြဆိုတော့ သူ့အဆက်အသွယ်တွေကတဆင့် ကလေးတွေ ရှာပေးနိုင်တယ်။ ကလေးတွေကို ဘုန်းကြီးတွေက တောင်ကြီး ဒါမှမဟုတ် မန္တလေးကနေခေါ်လာကြတာ၊ ပြီးရင်ကျွန်မတို့ဆီကိုပေးနိုင်မယ့်တယောက်ယောက်ကိုလွှဲပေးလိုက်တာ။ဘုန်းကြီးကကလေးဆယ်ယောက်လောက်ကိုခေါ်လာပြီး ဗုဒ္ဓဘာသာအချင်းချင်း တာဝန်ယူနိုင်မယ့်လူတွေအကြား ခွဲပေးလိုက်တာ။ ကျွန်မတို့မိသားစုကတော့ ကလေးအားလုံးကို ကျောင်းကို ပို့တယ်။ ဝင်းနိုင်မတိုင်ခင်အခြား ပအို၀်ကလေးတယောက်လည်းရှိတယ်။ သူကျွန်မတို့ဆီရောက်တော့ နှစ်တန်း၊ ပြီးတော့ ကျွန်မတို့နဲ့ လေးနှစ်နေသွားတယ်။ သူက ကျွန်မတို့နဲ့ပျော်တယ်။ သူကတော်တယ်ပြီးတော့ အမျိုက်ကူ ပစ်ပေးတာတို့၊ သန့်ရှင်းရေးလုပ်ပေးတာတို့ အကူအညီတအားရတယ်။ သူ့ကို တနေ့ မုန့်ဖိုး (၅၀) ပေးတယ်။ လေးနှစ်လည်းပြည့်ရော သူ့မိသားစုက ပြန်ခေါ်လို့ ပြန်သွားတယ်။

ကျွန်မတို့မှာ အိမ်ဖော်တွေလည်းရှိတယ်။ အခုဆို အိမ်ဖော်နှစ်ယောက်ရှိတယ်။ တယောက်က ၁၈၊ တယောက်က ၁၄ နှစ်ပါ။ ကြီးတဲ့တယောက်က ဆိုင်မှာကူပြီး အငယ်က အိမ်ကကိစ္စတွေ ကူပါတယ်။ အငယ်တယောက်က ရောက်ခါစကဆို အိမ်အလုပ်တွေ ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး။ ပထမဆုံးလုပ်ဖူးတာဆိုတော့ ကျွန်မတို့က သင်ပေးရတယ်။ သူတို့ နှစ်ယောက်လုံး မနက်ခြောက်နာရီလောက်ထပြီး ည (၁၁) လောက်မှာ အိပ်ကြတယ်။ သူတို့ တယောက်ကို လခ ၈၀၀၀၀ စီရတယ်။ သူတို့တခါတရံမှာ အိမ်ပြန်ချင်ပြန်လည်လို့ရတယ်၊ ဒါပေမယ့်အရင်က အိမ်ဖော်တွေတချို့က အိမ်ကိုအလည်ပြန်သွားပြီးရင် ပြန်မလာကြတော့ဘူး။ ကောင်မလေး တွေက ကျောင်းမတက်ဘူး၊ ဝင်းနိုင်ဘဲတက်တာ။ ကျွန်မတို့နဲ့ အကြာဆုံးနေသွားတာက '၀' တိုင်းရင်းသား ကောင်မလေး။ အသက်က (၁၄) နှစ်ရှိပြီ အစိုးရကျောင်းတခါမှမနေဖူးဘူး၊ ရှမ်းကျောင်းဘဲနေဘူးတာ။ အခဲ့ဒီကောင်မလေးက အတွက်အချက်တော်တယ်၊ ဂဏန်းကောင်းကောင်းတတ်တယ်။ သူက အတော်ဆုံးနဲ့ အလုပ်လုပ်ဆုံးဘဲ။ မနက်ဆိုအစောကြီး ၅ နာရီလောက်ဆိုထပြီး ညဆို စောစော ဆယ်နာရီ

လောက် အိပ်ယာဝင်တယ်။ သူ့အကျင့်နေမှာပေါ့။ သူ့ဇာတိကို ၂၀၁၇ ဒီဇင်ဘာက အပြီးပြန်သွားတယ်၊ သူနဲ့ သူ့မိသားစုက ဘိန်းစိုက်ဖို့တဲ့၊ အိမ်ဖော်ထက်ငွေပိုရတာပေါ့။ အခုဆို အိမ်အကူအဖြစ်ခိုင်းဖို့ စိတ်ချရပြီး တော်တဲ့လူရှာဖို့ တော်တော်ခက်သွားပြီ။ မြန်မာနိုင်ငံအောက်ပိုင်းက ကလေးတွေနဲ့ လူငယ်တွေက ထိုင်းတို့၊ မလေးရှားတို့ကိုထွက်တယ်၊ မြန်မာနိုင်ငံအထက်ပိုင်းရှမ်းပြည်နယ်က လူငယ်တွေက တရုတ်ကို အလုပ်ရှာထွက်တယ်။ အဲ့ဒီအလုပ်တွေက အိမ်ဖော်အလုပ်ထက် လစာပိုကောင်းပြီး မက်စရာဖြစ်တာကိုး။ (စတိုးဆိုင်ပိုင်ရှင်၊ အမျိုးသမီး၊ ၃၈ နှစ်၊ ဇွန် ၁၈၊ ၂၀၁၈)

လုပ်သားစုဆောင်းခြင်း

အိမ်အကူလုပ်သားများကို တောင်းဆိုမှုသည် အလွန်မြင့်မားပြီး အထူးသဖြင့် ကလေးသူငယ်အိမ်အကူလုပ်သားများကို သီးသန့်တိုင်းရင်းသားလူမျိုးများထဲမှ တောင်းဆိုကြပြီး အထူးသဖြင့် ကရင်၊ ရှမ်း၊ ပအို့ဝ်နှင့် ဝ တိုင်းရင်းသားများ ဖြစ်သည်။ တိုင်းရင်းသားဖြစ်ခြင်းနှင့် ကျားမကွဲပြားမှု ပုံသေကားကျယူဆမှုများမှာ အလုပ်ရှင်များသည် အလုပ်ရှင်၏ နှစ်သက်သဘောကျမှုနှင့် စိုးရိမ်သည့် အချက်များကို လွှမ်းမိုးသည်။ ဥပမာအားဖြင့် အလုပ်ရှင်တဦး၏ ပြောကြားချက်အရ ရှမ်းပြည်နယ်မြောက်ပိုင်းမှ '၀' ကလေးငယ်များကိုရရှိရန်ပိုမိုခက်ခဲလာပြီး တရုတ်သို့ပို့ကြဟန်ရှိသည်ဟု ဆိုသည်။[၂၃] အမေရိကန်နိုင်ငံရေးရာဌာနမှဆိုသည်မှာ မြန်မာအမျိုးသမီးများ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများမှ အမျိုးသမီးများကို တရုတ်နိုင်ငံသို့ တိုးတက်ပို့လွှတ် လျက်ရှိပြီး လိင်လုပ်ငန်းတွင်သုံးရန် ကုန်ကူးခြင်း၊ တရုတ်အမျိုးသားများဖြင့် အတင်းအကျပ်ပေးစားပြီး အိမ်တွင်းလုပ်ငန်းများတွင် ခိုင်းစေရန်အတွက်ဖြစ်သည်ဟုဆိုသည်။[၂၄] အမှန်တကယ်အားဖြင့် အမေရိကန်နိုင်ငံရေးရာဌာနမှ လူကုန်ကူးမှုရုံး (TIP) ထုတ်ပြန်သည့် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံကို နံပါတ် (၃) အဆင့်ရှိနိုင်ငံအဖြစ်သတ်မှတ်ထားပြီး တရုတ်အမျိုးသားများဖြင့် အတင်းအကျပ်ပေးစားပြီး အိမ်တွင်းလုပ်ငန်းများတွင် ခိုင်းစေရန်များအပါအဝင် အမျိုးသမီးများနှင့် ကလေးငယ်များကို အိမ်အကူလုပ်သားအဖြစ် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်ဟု ဖော်ပြပါရှိသည်။[၂၅]

ကလေးသူငယ်အိမ်အကူအလုပ်အကိုင်ကို မိသားစုအဆက်အသွယ်များ၊ ခင်မင်ရင်းနှီးမှုများနှင့် ရင်းနှီးကျွမ်းဝင်သိရှိမှုများမှ တဆင့်လုပ်ဆောင်လျက်ရှိကြသည်။ အလုပ်ရှင်များအနေဖြင့် ၎င်းတို့သိရှိကျွမ်းဝင်သူ တစုံတယောက်ထံမှ တဆင့်သာ ဌားရမ်းလိုသလို ကလေးအိမ်အကူအလုပ်သမားများ၏ မိဘများသည်လည်း ၎င်းတို့ယုံကြည်စိတ်ချရသူများမှတဆင့် ဘေးကင်းလုံခြုံပြီး စိတ်ချရသောနေရာများတွင်သာ ၎င်းတို့၏ ကလေးကို ထားလိုကြသည်။ ကလေးသူငယ်အိမ်အကူ လုပ်သားများနှင့် မေးမြန်းမှုများမှတဆင့် လုပ်သားစုဆောင်းသည့် အဆင့်ဆင့်ကို ထုတ်ဖော်သိရှိခဲ့ရသည်။

အလုပ်ရှင်က ကျွန်မတို့ရွာကဘဲ၊ ကျွန်မတို့မိသားစုကိုလည်း ကောင်းကောင်းသိတယ်။ သူတို့မိသားစုကလည်း အကူအညီလိုနေသလို ကျွန်မမိသားစုမှာလည်း အခက်အခဲတွေရှိတယ်။ ဒါကြောင့် သူတို့အိမ်မှာ အလုပ်လုပ်ဖို့ ဆုံးဖြတ်လိုက်တာ။ (ကလေးသူငယ်အိမ်အကူလုပ်သား၊ ၁၆ နှစ်၊ ဇွန်လ ၁၆၊ စမ်းချောင်း)

ရန်ကုန်နဲ့ အဆက်အသွယ်ရှိတဲ့ ကျွန်မအမျိုးတွေက ရန်ကုန်ကိုခေါ်လာပြီး အလုပ်လုပ်ခိုင်းထားတာ။ ကျွန်မအမျိုးနဲ့ အလုပ်ရှင်နဲ့က အချင်းချင်းသိကြတယ်လေ။ (ကလေးသူငယ်အိမ်အကူလုပ်သား၊ ၁၇ နှစ်၊ ဇွန်လ ၁၈၊ စမ်းချောင်း)

ပွဲစားများ

ပွဲစားများသည် ဤလုပ်သားစျေးကွက်တွင် အသုံးအများဆုံးသော ဇာတ်ကောင်တဦးအဖြစ်ရှိနေဆဲဖြစ်ပြီး ၎င်းတို့၏ အရောင်းအဝယ်ကို ပြုလုပ်ရန်အတွက် လူမှုရေးမီဒီယာများဖက်သို့ လှည့်လာကြသည်။ စမ်းချောင်းရှိ အိမ်ထောင်စုတစ်စုတွင် သုတေသီများသည် 'အိမ်ဖော်များစာရင်း'တစ်ခုကို မြင်ခဲ့ကြရပြီး Viber မှတဆင့် ပို့လာပြီး အလုပ်ရှာနေကြသော အသက်အရွယ်စုံ အမျိုးသမီးများ၏ဓာတ်ပုံများကို တွေ့ခဲ့ကြရသည်။ တွေ့မြင်ရသည့်အချက်တချက်မှာ ဓာတ်ပုံတွင်ပါသည့် မိန်းကလေးများနှင့် အမျိုးသမီးများ၏ အသက်မှာ မှန်ကန်ပုံမရှိပေ။ အလွန်ငယ်သော ဆယ်ကျော်သက် အရွယ်ခန့်သာ အလွန်ဆုံးရှိမည့် မိန်းကလေးတယောက်ကို အသက် (၂၀) ဟုဖော်ပြထားပြီး လူလတ်ပိုင်းအမျိုးသမီးတဦးကိုမူ (၂၅) နှစ်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ဖော်ပြထားသည့် ဓာတ်ပုံနှင့် အသက်အရွယ်ကိုက်ညီမည့်ဟန်ရှိသူ ကိုစာရင်းတွင် နည်းနည်းပါးပါးသာ တွေ့ရသည်။ သုတေသီများကို ၎င်း၏ဖုန်းတွင်ရှိသည့် အိမ်ဖော်များစာရင်းကို ပြလိုက်သူ အလုပ်ရှင်မှာလည်း ပွဲစားများပြောသည့်အမျိုးသမီးများ၏အသက်အရွယ်ကို မယုံဟူ၍ပင် မှတ်ချက်ပြုသည်။ ဘဝမျိုးစုံမှ လာကြသောပွဲစားများတွင် ၎င်းတို့၏ ရပ်ရွာလူထု၌ အထူးတလည်အဆင့်တစ်ခုရှိသောသူများ ပါကောင်းပါနိုင်ပြီး ဘာသာရေးခေါင်းဆောင်များနှင့် ဆရာ/ဆရာမများလည်း ပါဝင်သည်။ ၎င်းတို့သည် အလွန်နိမ့်ချသဘောကောင်းသည့် အနေအထားမျိုးလည်းဖြစ်နိုင်ပြီး အလွယ်တကူခွဲခြားသိရှိရန်လည်း မလွယ်ကူပေ။ ပွဲစားများသည် ကလေးသူငယ်များအပါအဝင် အိမ်အကူလုပ်သားများကို စုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ အလုပ်အပ်ပေးခြင်းများမှ ပိုက်ဆံများရနေကြသော်လည်း ၎င်းတို့ကိုယ်ကိုအမှားပြုလုပ်နေကြသူများအဖြစ် မမြင်ကြပေ။ ၎င်းတို့သည် ကိုယ့်ကိုကိုယ် ဝန်ဆောင်မှုပေးသူများ၊ အခက်အခဲပြေလည်အောင် ကူညီကြသူများ၊ ညှိနှိုင်းပေးသူ၊ ကြားဝင်စေ့စပ်ပေးသူများ၊ နှစ်ဘက်လုံးမှ မိသားစုများကို အကူအညီပေးနေကြသူများအဖြစ်သာ မြင်ကြသည်။ ထိုစိတ်သဘောထားသည် ပွဲစားများကို ၎င်းတို့လုပ်ဆောင်နေသည့် အမှုအကျင့်များအား လူသိရှင်ကြားမေးခွန်းထုတ်ခံရခြင်းမှ အကာအကွယ်ပေးထားသည်။ ၎င်းတို့သည် ၎င်းတို့၏ သက်ဆိုင်ရာ ရပ်ရွာလူထုအတွင်း အထင်ကြီးစဖွယ်စရိုက်လက္ခဏာများ ရှိကြသော်လည်း နှစ်ဘက်သော ဌာနရမ်းအသုံးပြုသူများအပေါ်တွင် ကြောက်ရွံ့လေးစားဖွယ် အမိန့်သြဇာညောင်းကြသည်။

မြန်ဆန်စွာလေ့လာဆန်းစစ်မှုမှ တွေ့ရှိခဲ့သည်မှာ အလုပ်အပ်ထားသော ပွဲစားများအပြင် ဘုန်းတော်ကြီးသင်စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ[၂၆] သည် ကလေးအိမ်ကူလုပ်သားဖြစ်နိုင်ခြေရှိသူများနှင့် ဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးကြသည်။ အချို့သောဖြစ်ရပ်များတွင် ဘုန်းတော်ကြီးများသည် ပဋိပက္ခဖြစ်ပွားနေသော၊ အလွန်ဆင်းရဲခေါင်သီသောနေရာများမှ ကလေးများကို ရန်ကုန်သို့ ခေါ်လာပေးကြသည်။ မိဘများမှ ၎င်းတို့၏ ကလေးများကို အကာအကွယ်ပေးရန် မေတ္တာရပ်ခံချက်အရဖြစ်သည်။ ပဋိပက္ခဖြစ်နေသည့်နေရာများမှ ကလေးသူငယ်များသည် အားလုံး ဆင်းရဲနွမ်းပါးသည့် မိသားစုများမှ မဟုတ်သော်လည်း မိသားစုများအနေဖြင့် ၎င်းတို့ကို ဘေးကင်းလုံခြုံသည့် မြို့ပေါ်၌သာနေစေလိုပြီး ကလေးများကို ဗမာမိသားစုအိမ်များတွင်သာ ထားရန်တောင်းဆိုတတ်ကြသည်။ ထိုသို့ထားခြင်းဖြင့် ကလေးများသည်လည်း ဗမာစကားကို သင်ယူနိုင်ပြီး ဗမာစကားမပြောသူများကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် အခွင့်အရေးယူခြင်းများ ပြုလုပ်တတ်သည်ဟု သိရှိရသော ဗမာအာဏာပိုင်များ၏ ခြိမ်းခြောက်မှုနှင့် နှောက်ယှက်မှုများမှ ကယ်တင်နိုင်ရန်ဖြစ်သည်။ အခြားသောကိစ္စရပ်များတွင် ဘုန်းတော်ကြီးများသည် ကလေးများ အထူးသဖြင့်ယောကျ်ားလေးများကို ဘုန်းတော်ကြီးကျောင်းများသို့ ဘေးကင်းလုံခြုံစေရန် ခေါ်ယူထားကြပြီး ထိုသို့ထားခြင်းဖြင့် ကလေးများကောင်းမွန်သည့်ပညာရေးကို ရရှိလိမ့်မည်ဟုလည်း မိဘများက မျှော်လင့်ကြသည်။[၂၇]

ဗမာလူမျိုးများ အသိုက်အဝန်းတွင်ရှိသည့် ဘုန်းကြီးများ၏အခြေအနေအရ မိဘများသည် ၎င်းတို့၏ ကလေးများကို ဘေးကင်းလုံခြုံစေရန်အတွက် ဘုန်းကြီးများထံ ယုံကြည်စွာထည့်ကြခြင်းနှင့် အလားအလာရှိသော

အလုပ်ရှင်များအနေဖြင့်လည်း အလုပ်အကိုင်ပေးရန် ကောင်းမွန်စိတ်ချရသည့် ကလေးများကို ရှာဖွေကြခြင်းမှာ အခဲ့သြဖွယ်ရာတော့မဟုတ်ပေ။ ရန်ကုန်မြို့လယ်တွင်ရှိသော ဘုန်းကြီးကျောင်းတကျောင်းတွင် ဘုန်းကြီးထံသို့ အိမ်အကူများ မကြာခဏတောင်းခံနေကြပြီး တချို့တောင်းခံသူများမှာ ဘုန်းကြီးများ၏ ဒါကာ၊ ဒါကာမများပင် မဟုတ်ကြသည်ကို သုတေသီများတွေ့ရှိခဲ့ကြရသည်။ ဘုန်းကြီးကျောင်းမှ ဘုန်းကြီးများသည် ကလေးများကို ပေးအပ်ပြီး အလုပ်လုပ်ခိုင်းရန် ၎င်းတို့၏ အမြော်အမြင်၊ လွှမ်းမိုးနိုင်မှုများဖြင့် ဆုံးဖြတ်ပေးကြရသည်။ ထိုသို့ပြုလုပ်ရာတွင် ၎င်းတို့သည် "ကောင်းစွာယုံကြည်ရပြီး" "ကလေးများအတွက် အကောင်းဆုံးအကျိုးရှိနိုင်မည်" ဟုယူဆပြီး ဆုံးဖြတ်ပေးကြရသည်။ အမှန်အားဖြင့် မငြင်းနိုင်သည် မှာ ၎င်းတို့သည် ကလေးသူငယ်များကို မည်သည့်နေရာသို့ခေါ် သွားသည်ကို လိုက်လံစောင့်ကြည့်လေ့လာခြင်းမရှိသလို၊ ကလေးများကို မည်သူများကခေါ် သွားသည်ဟူသည့် အသေးစိတ်မှတ်တမ်းလည်းမရှိပေ။ ကလေးငယ်များ၏ အခြေအနေကို လိုက်လံကြည့်ရှုခြင်းမရှိကြသလို တခါတရံကလေးများ၏ မိဘများထံမှ ခွင့်ပြုချက်ရယူခြင်းပင်မရှိဘဲ ကလေးများ၏အနေအထားအသစ်ကိုလည်း အသိပေးကြခြင်းများမရှိပေ။ ကလေးများအနေဖြင့် ထိုအခြေအနေတွင် မည်သည့်ပြောပိုင်ခွင့်မှ မရှိကြချေ။

ခရစ်ယာန်အသင်းအဖွဲ့များနှင့် စင်တာများသည်လည်း အိမ်အကူအလုပ်အကိုင်စျေးကွက်သို့ ပို့ဆောင်ပေးသည့် နေရာများ အဖြစ်သတ်မှတ်နိုင်သည်။ ၎င်းတို့သည် ဆင်းရဲသည့် ကျေးလက်နေမိသားစုများ ကလေးများနှင့် အလားအလာရှိသည့်အလုပ်ရှင်များအကြား ဆက်သွယ်ပေးမှုများပြုလုပ်ကြပြီး ညှင်းပန်းနှိပ်စက်ခံရသော၊ ခက်ခဲသည့် အခြေအနေမှ ထွက်ပြေးလာသည့်ကလေးများအတွက် ခိုလှုံရာနှင့် အထောက်အပံ့များပေးခြင်းကိုလည်းလုပ်ဆောင်ကြသည်။ခရစ်ယာန်မိဘမဲ့ကလေးကျောင်းများသည်ကလေးသူငယ်အိမ်အကူလုပ်သားစုဆောင်းခြင်းကို မည်သည့်အတိုင်းအတာအထိ လုပ်ဆောင်နေကြသည်ကို ဆုံးဖြတ်ရန်အတွက် သုတေသနများ ထပ်မံပြုလုပ်ရန် လိုအပ်သည်။

ထိခိုက်နိုင်ခြေရှိသည်များ

ကလေးသူငယ်အိမ်အကူလုပ်သားများတွင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာနှင့် နှုတ်အားဖြင့် ညှင်းပန်းစော်ကားခြင်း ထို့အတူ မမြင်ကွယ်ရာတွင် ထားရှိခြင်းစသည့် ထိခိုက်နိုင်ခြေများရှိသည်။ ဦးတည်အုပ်စုများဖြင့် ဆွေးနွေးရာတွင် အရွယ်ရောက်ပြီးသူ အိမ်အကူလုပ်သားမှ မျက်မြင်တွေ့ခဲ့ရသည်ကို ပြောကြားသည်မှာ ကလေးအလုပ်သမားများကို စည်ကမ်းသေဝပ်စေရန်၊ အပြစ်ပေးရန် သို့မဟုတ် အရှက်ခွဲရန်ရည်ရွယ်ချက်ဖြင့် ၎င်းတို့၏အလုပ်ရှင်များမှ ရိုက်နှက်ခြင်း၊ လက်ဖြင့်ရိုက်ခြင်း၊ ဆွဲဆိတ်ခြင်း၊ အပူလောင်စေခြင်း၊ ကန်ကောက်ခြင်း များပြုလုပ်ခြင်းကို ခံကြရသည်ဟု ဆိုသည်။ ထိုသို့သော အပြုအမူများကို မည်သည့်အတိုင်းအတာအထိမှားယွင်းစွာလုပ်ဆောင်နေသည်၊ သို့မဟုတ် ထိုသို့ ရိုက်နှက် နှိပ်စက်နေသည်ကို မည်သည့်အတိုင်းအတာအထိသာယာနေကြသည်ကိုသိနိုင်ရန်မှာ မဖြစ်နိုင်ပေ။ ဖော်ပြခဲ့ သည့် ဖြစ်ရပ်အားလုံးတွင် ဆွေးနွေးကြသူများမှာ ၎င်းတို့ဝင်ရောက်စွက်ဖက်ခြင်းမပြုခဲ့ကြဟု ဆိုသည်။

ကျွန်မအသက် (၂၀) ၂၀၁၀ ခုနှစ်လောက်တုန်းက ကလေးအိမ်အကူတယောက်နဲ့တွေ့ဖူးတယ်။ သူ့ကို နေ့တိုင်း ကြည့်နေရတာ ကျွန်မစိတ်အရမ်းဆင်းရဲပေမယ့် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး။ တခါတရံသူ့အကြောင်းတွေ ကျွန်မကို လာလာပြောတယ်။ အခဲ့ဒီအိမ်မှာကျွန်မက ကလေးထိန်းလုပ်နေတာ။ တကယ်တမ်း အခဲ့ဒီကလေးက အသက် (၁၀) နှစ်ကတည်းက ရောက်တာ။ သူ့ခန္ဓာကိုယ်မှာ ထိခိုက်ဒဏ်ရာတွေအများကြီးတွေ့ပြီး ဝမ်းနည်းနေပုံဘဲ။ အလုပ်ရှင်မိန်းမက သူ့ကိုကန်တယ် အထူးသဖြင့် ရင်ဝကိုကန်တာ။ သူကမနက်စာမစားရဘူး ပြီးတော့ နေ့လည်စာကလည်း အမြဲတမ်း ညနေ (၃) နာရီ။ လခက ၄၀၀၀၀ ဘဲရတယ်။ အိပ်ဖို့အတွက်က မီးဖိုချောင်နဲ့ အိမ်သာကြားက လမ်းမှာအိပ်ရတယ်။ စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ခြင်ထောင်မရှိဘူး။

ကြမ်းပေါ်မှာ ဒီအတိုင်းအိပ်ရတယ်။ သူအသက် (၂၀)ရောက်လာတာတောင်မှ အိပ်တဲ့နေရာမှာ လွတ်လွတ်လပ်လပ်မရှိဘူး။ အဲ့ဒီအိမ်မှာ ယောကျ်ားနှစ်ယောက်၊ မိန်းမသုံးယောက်ရှိတယ်။ ကျွန်မ အဲ့ဒီကောင်မလေးအိပ်နေတာမြင်ရင် အရမ်းစိတ်မကောင်းဖြစ်တယ်။ တခါတရံယောကျ်ားတွေက အိမ်သာသွားရင် သူ့ကို တမင်ဆောင့်ကန် သွားတာမျိုးလုပ်တယ်။ မိန်းမတွေရောဘဲ။ အဲဒါအပြင် အလုပ်ရှင်က ကန်တာတို့ လူကြားထဲ အရှက်ခွဲတာတို့လုပ်သေးတယ်။ အထူးသဖြင့် ရွယ်တူကောင်လေးတွေရှေ့မှာ။ သူကအိမ်ပြန်ချင်ပေမယ့် သူ့အမေကနစ်တိုင်း တနှစ်စာကြိုယူထားတာဆိုတော့ ပြန်လို့မရဘူး။ သူ့အမေကလည်း အိမ်မှာနေရတာအဆင်ပြေသလား၊ ပျော်သလား ဘယ်တော့မှမမေးဘူး။ ကောင်မလေးကြည့်ရတာ စိတ်ဒဏ်ရာအကြီးအကျယ်ရနေပြီ။ (အရွယ်ရောက်ပြီးသူ အိမ်အကူ လုပ်သား၊ ၅၆ နှစ်၊ အမျိုးသမီး၊ FGD၊ ဖွန် ၁၅၊ ၂၀၁၈၊ ရန်ကုန်)

ထိုသို့ ဝင်ရောက်စွက်ဖက်မှုမပြုခြင်း ညှင်းပန်းနှိပ်စက်ခံရသည့် ကလေး သို့မဟုတ် လူငယ်အပေါ်တွင် ကူညီရန် ကြောက်ရွံ့မှုကလွှမ်းမိုးထားခြင်း၊ လုပ်ဆောင်ရန်ယုံကြည်မှုမရှိခြင်းတို့သည် ကလေးများအား ရေရှည်ညှင်းပန်းနှိပ်စက်ခံရ ခြင်းနှင့် နှိပ်စက်မှုများ တိုးလာစေခြင်းများ ဖြစ်နိုင်သည်။ ပါဝင်ဆွေးနွေးကြသူအားလုံးနီးပါးဖော်ပြသည်မှာ ကလေးသူငယ် အိမ်အကူအလုပ်အကိုင်သည် ပုဂ္ဂလိက ကိစ္စရပ်ဖြစ်ပြီး တစ်ဦးတစ်ယောက်၏ အိမ်တွင်းရေးကိစ္စတွင် ဝင်ရောက်စွက်ဖက်ရန်မှာ မယဉ်ကျေး သို့မဟုတ် ထုံးစံမဟုတ်သော ကိစ္စရပ် ဖြစ်သည်ဟုဆိုသည်။ ထိုအမြင်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကလေးသူငယ်အိမ်အကူလုပ်သားများကို အလုပ်သမားကိစ္စရပ်အဖြစ် ဆောင်ရွက်ရန်ငြင်းဆိုပြီး လူမှုဝန်ထမ်းဦးစီးဌာနရှိ ဖြစ်ရပ်ဆိုင်ရာများ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် လုပ်ဆောင်ရန် ညွှန်ပို့စေသောအချက်ဖြစ်သည်။

ကလေးအိမ်အကူအလုပ်သမားများ အထူးသဖြင့် အသက် (၁၅) နှစ်အောက်ကလေးများသည် အိမ်မှတဦးတည်းနေခြင်းကို ခွင့်ပြုခြင်းအလွန်ရှားပါးပြီး တခါတရံသူငယ်ချင်းဖွဲ့ခြင်းများကိုလည်း တားမြစ်ခြင်း ခံကြရသည်။ အလုပ်ရှင်များအနေဖြင့် ကလေးများ မကောင်းသည့် လွှမ်းမိုးမှုများခံစားကြရပြီး ခိုးယူခြင်း သို့မဟုတ် ထွက်ပြေးခြင်းများ ဖြစ်မည်ကို စိုးရိမ်သော ကြောင့်ဖြစ်သည်။ ထိုကဲ့သို့သော လူမမြင်သာသည့်နေရာများတွင် ထားခြင်းသည် အလုပ်ရှင်၏ အကျိုးစီးပွားနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်များကို ကာကွယ်နိုင်ရန်အတွက် ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာများကို ပုံစံတမျိုးဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်ဖွယ်ရှိသည်။ အချို့သော အိမ်အကူလုပ်သားများနှင့် မေးမြန်းရာ၌ ဖြေဆိုကြသည်မှာ သူတို့သည် မြို့သို့ရောက်ရှိပြီး လပေါင်းများစွာတိုင်အောင် ၎င်းတို့အလုပ်လုပ်နေသည့် ခြံဝင်းပရဝုဏ်ပြင်ပသို့ မထွက်ဖူးကြဟု ဆိုသည်။ ထိုအခြေအနေသည် ၎င်းတို့အား တယ်လီဖုန်း သို့မဟုတ် အင်တာနက်များ အသုံးပြု၍မရနိုင်စေဘဲ မိသားစုများ၊သူငယ်ချင်းများနှင့် အဆက်အဆံမပြုလုပ်နိုင်တော့ကာ ပိုမိုအထီးကျန်စေပြီး အလုပ်ရှင်များအပေါ် တွင် မှီခိုမှု များ ပိုမိုဖြစ်စေသည်။ ပါဝင်ဆွေးနွေးသူတဦးမှ ကလေးသူငယ်အိမ်အကူလုပ်သားများ၏ အခြေအနေကို အောက်ပါအတိုင်း ဖော်ပြခဲ့သည်။ *ကလေးသူငယ်အိမ်အကူလုပ်သားတွေရဲ့အခြေအနေဟာ အလုပ်ရှင်တွေအပေါ်မှာဘဲ လုံးလုံးလျားလျားမူတည်ပါတယ်။ တကယ်လို့ အလုပ်ရှင်ကကောင်းတယ်ဆိုရင် သူတို့ဘဝလည်းကောင်းပြီးလုံခြုံမှုရှိတာဘဲ။ တကယ်လို့အလုပ်ရှင်က မကောင်းလို့ ရှိရင်သူတို့လည်းမလုံခြုံဘူး။* (ခရစ်ယာန်ဘာသာရေးခေါင်းဆောင်၊ ဖွန် ၂၂၊ ၂၀၁၈၊ စမ်းချောင်း) ယင်းအချက်ကို အခြားသောကလေးများ၊ မိဘများ၊ အလုပ်ရှင်များနှင့် ပါဝင်ဆွေးနွေးသူများကလည်း အတည်ပြုသည်။ ဤကိစ္စရပ်တွင် ကလေးအိမ်အကူအလုပ်သမားသည် အခြားသောအလုပ်များကဲ့သို့ပင် အလုပ်ရှင်၏ ကောင်းမွန်မှုသည် လုပ်ရသည့် အလုပ်ပေါ်တွင်သာမကဘဲ အလုပ်ရှင်များမှ မည်သို့ဆက်ဆံသည်ဟူသည့် အချက်ပေါ်တွင်လည်း မူတည်သည်။ ထို့ထက်ပိုသည့်အချက်မှာ ကလေးသူငယ်အိမ်အကူအလုပ်သည် လုပ်သား၏တကိုယ်ရေပုဂ္ဂလိကအပိုင်းနှင့် အလုပ်လုပ်ရသည့်အပိုင်းအတွင်း ကွဲကွဲပြားပြားမရှိဘဲ ကလေးများသည် အလုပ်အတွက်သာမဟုတ် အရာအားလုံး အစားအသောက်၊

နေထိုင်စရာ၊ အဝတ်အစားအားလုံးကို အလုပ်ရှင်များပေါ်တွင်သာ မှီခိုကြရသည့် အချက်ဖြစ်သည်။ အထောက်အထားမပြနိုင်သည့် သက်သေများနှင့် မီဒီယာများတွင်ဖော်ပြချက်များအရ ကလေးသူငယ်အိမ်အကူလုပ်သားများသည် လိင်ပိုင်းဆိုင်ရာစော်ကားမှုများကိုလည်း ထိခိုက်လွယ်သည်။ လက်ရှိဆန်းစစ်လေ့လာမှုတွင် ထိုကဲ့သို့သောဖြစ်ရပ်များကို မတွေ့ခဲ့ရသော်လည်း ပါဝင်ဆွေးနွေးသူများကို လိင်ပိုင်းဆိုင်ရာစော်ကားမှုများရှိမရှိ မေးမြန်းသည့်အခါ ဖြေဆိုရန်ရှက်ရွံ့ကြသည်။ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို သုတေသနပြုလုပ်ရန်လိုအပ်သည့် နည်းလမ်းများမှာ ပိုမိုရှုပ်ထွေးပြီး မြန်မာနိုင်ငံ၏ အနေအထားအရ ယုံကြည်မှုများ ကြိုတင်တည်ဆောက်ထားရန် လိုအပ်ပြီး ဆီလျော်ပြေပြစ်သည့် စကားလုံးအသုံးအနှုန်းများကိုလည်း ကြိုတင်စီစဉ်ထားရန်လိုသည်။

နော်အဲ၏ ဇာတ်လမ်း

နော်အဲ၂၈ သည်အသက် (၂၁) နှစ်ရှိပြီး ယခုအချိန်တွင် ကျောင်းသူတဦးဖြစ်သည်။ မြောင်းမြမြို့အနီးရှိ သူမ၏ကျေးလက်နေအိမ်မှ အသက်(၁၇)နှစ်တွင် ထွက်ခွာခဲ့သည်။ သူမ၏သူငယ်ချင်းတဦးဖြင့် အိမ်ဖော်အလုပ်ရှာဖွေရန် ရန်ကုန်မြို့သို့ထွက်ခွာခဲ့ပြီး ပိုက်ဆံစု၍ မလေးရှားတွင်ရှိသော အစ်ကိုဖြစ်သူထံသို့ သွားရန်စီစဉ်ခဲ့သည်။ ရန်ကုန် ရောက်သည့်အခါ သူမ၏သူငယ်ချင်းမှ စက််ပူသို့သွား၍ အိမ်ဖော်အဖြစ်အလုပ်လုပ်မည်ဖြစ်ကြောင်း နော်အဲအနေဖြင့် လိုက်လိုခြင်းရှိမရှိကို မေးမြန်းခဲ့သည်။ နော်အဲအနေဖြင့် ထိုအကြံကောင်းသည်ဟု ယူဆပြီး လက်ခံခဲ့သည်။ သူမ သူငယ်ချင်း၏ သူငယ်ချင်းတဦးမှ ပတ်စ်ပို့၊ ဗီဇာနှင့် ခရီးသွားလက်မှတ်များစီစဉ်ပေးခဲ့ပြီး စင်ကာပူသို့ရောက်သည့်အခါ ကင်ဆာရောဂါဖြစ်နေသည့် အသက် (၆၀) အရွယ်အမျိုးသမီးကြီးကို ပြုစုရန်ဖြစ်နေခဲ့သည်။ သူမသည် ထိုသို့နေရသည် ကိုမကျော်ရွှင်တော့ဘဲ အိမ်ကိုလွမ်းစိတ်လဲဖြစ်လာခဲ့သည်။ သူမကို ခေါ်လာခဲ့သည့် အေးဂျင့်သည် သူမကိုပြန်ခေါ်သွားပြီး ခေတ္တစောင့်ဆိုင်းရန်အိမ်တအိမ်တွင်နေရာချထားခဲ့သည်။ ထိုအိမ်တွင်မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှမှ အမျိုးသမီးများစွာ၊ တချို့မှာ ကလေးငယ်များအလုပ်ရရန် စောင့်ဆိုင်းနေသည်ကို တွေ့ခဲ့ရသည်။ နော်အဲ အနေဖြင့် ထိုသို့စောင့်ခဲ့ရသည်မှာ နှစ်ပတ်ခန့်ကြာသည်ဟုဆိုသည်။ အကယ်၍ ထိုနှစ်ပတ်အတွင်းတွင် အမျိုးသမီးများ အလုပ်မရရှိခဲ့ပါက ၎င်းတို့၏လာရင်းနိုင်ငံများသို့ ပြန်ပို့သည်။ နော်အဲကို (၃) နှစ်သားကလေးအားထိန်းရန် ခရစ်ယာန် တရုတ်အိမ်တအိမ်တွင် အလုပ်ပေးခဲ့သည်။ သူမအဆိုအရ အလုပ်သည် ပေါ့ပါးပြီး ထိုမိသားစုနှင့် နှစ်နှစ်နေခဲ့သည်။ သူမအနေဖြင့် မနက် (၆) နာရီထပြီး ကိုယ်ကိုတိုင်နှင့် ကလေးအတွက် ပြင်ဆင်ရသည်။ ထို့နောက်ကလေးကို အဘွားဖြစ်သူ၏ အိမ်သို့ ခေါ်သွား ရပြီးတနေကုန်ထိုအိမ်တွင်နေရသည်။ သူမအနေဖြင့် ထမင်းဟင်းချက်ပြုတ်ရန်မလိုဘဲ ပို့ပေးသည်။ သူမမှ ကလေး၏ အဘွားကို "အဘွား" ဟု ခေါ်သည်။ သူမသည် သူမမှ "အမေ" ဟုခေါ်သော အလုပ်ရှင်နှင့်အတူ သန့်ရှင်းရေးလုပ်ပေးပြီး သူမမှ "အဖေ" ဟု ရည်ညွှန်းပြောဆိုသော အလုပ်ရှင်၏ အမျိုးသားကိုမူ တွေ့ရခဲသည်ဟုဆိုသည်။ နော်အဲအဆိုအရ သူမ၏မိဘများသည် သူမကို အလုပ်လုပ်ရန် အတွက် စင်ကာပူသို့ မသွားစေလိုဟု ဆိုသော်လည်း သူမအနေဖြင့် မြန်မာနိုင်ငံသို့ပြန်လာပြီး စာသင်ရန် ကတိပေးခဲ့သည်။ ယခုလက်ရှိအခြေအနေဖြစ်သည်။ သူမအနေဖြင့် တလလျှင် အမေရိကန်ဒေါ်လာ (၄၀၀) ခန့်ရပြီး ၃-၄ လတကြိမ် Western Union မှတဆင့် မိဘများဆီသို့ တလုံးတခဲငွေလှမ်းပို့သည်။ သူမ၏ အေးဂျင့်မှ သူမ၏ လခအပေါ်တွင် မည်မျှရယူသည်ကို သူမ မသိရပါ။ သူမသည် စင်ကာပူတွင် ပျော်ပြီး အလုပ်ရှင်များကိုလည်း ချစ်ခင်ကာ ပြန်လာရသည့်အတွက် ဝမ်းနည်းသည်။ သူမသည် တရက်မှ အလုပ်နားရက်မယူခဲ့ပေ။ သူမ၏ အလုပ်ရှင်မှ သုံးစွဲသမျှအားလုံးအတွက် ပိုက်ဆံရှင်းပေးသောကြောင့် စင်ကာပူတွင် သူမလုံးဝပိုက်ဆံမသုံးခဲ့ရပေ။ မိသားစုထံသို့ ပြန်ခေါ်ရန် အိမ်တွင်ရှိသည့်ဖုန်းကို တပတ်တခါသုံးခွင့်ပေးပြီး ပြန်လာသည့်အချိန်တွင် မိဘိုင်းဖုန်းတလုံးကို လက်ဆောင်အဖြစ်ပေးခဲ့သေးသည်။ သူမ၏အလုပ်ရှင်မှ အပြန်ခရီးအတွက် လေယာဉ်စရိတ်ပေးလိုက်သည်ဟု သူမထင်သည်။ သူမနေရာတွင် အစားထိုးသည့် ချင်းအမျိုးသမီးသည် အေးဂျင့်ဆီသို့ ပြန်ပို့ခံရပြီး အင်္ဂလိပ်စကားမပြောတတ်ခြင်းကြောင့်ဖြစ်ကာ မိသားစုမှလည်း

အမြဲဆူနေရသည်ဟု ဆိုသည်။ အားလုံးအထဲတွင် နော်အဲ၏ အတွေ့အကြုံသည် အကောင်းဆုံးဖြစ်ခဲ့သော်လည်း မျက်မြင်တွေ့ခဲ့ရသည့် အခြားသောအမျိုးသမီးများနှင့် မိန်းကလေးများ အခြေအနေအရ သူမအနေဖြင့် ထိုအလုပ်မျိုးကို လုပ်ရန်မည်သူကိုမှ မတိုက်တွန်းလိုကြောင်း ပြောသည်။ အဘယ်ကြောင့်ဆိုသော် အလုပ်ရှင်သည် သဘောကောင်းမည် သို့မဟုတ် ရက်စက်မည်ဆိုသည့်အချက်သည် ကံတရားအပေါ်သာ မူတည်သည့် အချက်ဖြစ်သောကြောင့်ဖြစ်သည်ဟု သူမကဆိုသည်။

နော်အဲ၏ဇာတ်လမ်းအရ အပြုသဘောကောင်းသည်ဟု ဆိုသော်ငြားလည်း စိုးရိမ်ဖွယ်ရာအချက်များ ထွက်ပေါ်လာခဲ့သည်။ အရေးအကြီးဆုံးအချက်မှာ သူမ၏ စင်ကာပူသို့သွားခဲ့၊ ပြန်ခဲ့သည့်ခရီးစဉ်တွင် သူမနှင့် သက်ဆိုင်သည့်အပိုင်းကို မည်သူကစီစဉ်ပေးပြီး ဆုံးဖြတ်ချက်များကို မည်သူကချနေသည်ကို သူမ မသိသည့် အချက်ဖြစ်သည်။ ၂၀၁၂ တွင် အစိုးရသည် ပတ်စ်ပို့များလျှောက်ထားသည့် လုပ်ထုံးလုပ်နည်းများကို ပိုမိုလွယ်ကူ ရှင်းလင်းအောင်ပြုလုပ်ပြီး ပတ်စ်ပို့ရုံးများကို နိုင်ငံအတွင်း ပိုမိုဖွင့်လှစ်ခဲ့သော်လည်း[၂၉] လုပ်ငန်းစဉ်များမှာ ခက်ခဲပြီး ခွဲခြားဆက်ဆံခြင်းများ၊ ငွေညှစ်ခြင်းများရှိနေဆဲသာဖြစ်သည်။[၃၀] ထို့ထက်ပိုသည်မှာ ပွဲစားများသည် ဤလုပ်ငန်းစဉ်အတွင်း အဓိကကျသည့်ကဏ္ဍမှ ပါဝင်လုပ်ဆောင်ပေးခြင်းဖြစ်သည်။[၃၁] နော်အဲအဆို အရသူမ၏သူငယ်ချင်းမှသူမအစားပတ်စ်ပို့ယူပေးသည်ဟုဆိုသည်။ သူမအနေဖြင့်ထိုလုပ်ငန်းစဉ်နောက်တွင် မည်သူတို့လုပ်ပေးသည်ကို အတိအကျမသိဘဲ သူမအနေဖြင့် ဘာမှမလုပ်ခဲ့ရ ဟုဆိုသည်။ ဥပမာ - သူမအနေဖြင့် မည်သည့်စာရွက်စာတမ်းမှ မပေးခဲ့ရ။ သူမ၏ ပတ်စ်ပို့ကို သူမ၏ ပါဝင်မှုမရှိဘဲ ကိုယ်စားရယူပေးခဲ့သည်ဟူသည့် အချက်သည် နိုင်ငံရပ်ခြားတွင် အိမ်အကူလုပ်နေသည့် မြန်မာလူငယ်များအတွက် အလွယ်တကူ လူကုန်ကူးခံရစေနိုင်သည့် အချက်ဖြစ်ကြောင်းညွှန်ပြနေသည်။

နော်အဲမှ ပြောသည်မှာ သူမသည် စင်ကာပူနိုင်ငံမှ နေရာများအတွင်း "ခေါ်ယူသည်၊ အလုပ်ပေးသည်၊ ပို့သည်၊ ရွှေ့သည်" တို့ကိုသာလုပ်ရသည်ဟု ဆိုသည်။ သူမအနေဖြင့် သူမ၏ အေးဂျင့်သည် အလုပ်ရှင်ကို မည်မျှအဖိုးအခတောင်းခဲ့သည်ကိုလည်းမသိခဲ့ပေ။ သူမအိမ်အပြန်ခရီးအတွက် လေယာဉ်လက်မှတ်ဖိုးမည်သူပေးသည်ကိုလည်းမသိခဲ့ပါ။ အခြားတဘက်မှဆိုလျှင် သူမ မမေးမြန်းခဲ့သောကြောင့် ထိုအသေးစိတ်အချက်များကို မသိခဲ့ရခြင်းဖြစ်ကြောင်း ယခုအချိန်တွင် သိကောင်းသိမည်ဖြစ်သော်လည်း အခြေအနေကို သတိမမူမိခြင်းနှင့် မေးခွန်းများမေးမြန်းရန်လိုသည်ဟူသည့်အချက်များသည် ပြဿနာဖြစ်စေသည့် အချက်များဖြစ်သည်။ ပို၍ဖြစ်နိုင်သည်မှာ လူငယ်များ၏ အသက်ကို ကိုင်တွယ်ဆောင်ရွက်ပေးနေသည့်အရွယ်ရောက်ပြီးသူများကို မေးခွန်းများမေးနိုင်ခြင်းမရှိသည်လည်း ဖြစ်နိုင်ပါသည်။ နော်အဲကဲ့သို့သော သနားဖွယ်ရာဆယ်ကျော်သက်မိန်းကလေးသည် သူမကို အကူအညီပေးနေသည့် အရွယ်ရောက်သူများကို မေးခွန်းများမေးခြင်းသည် သူမ၏ အခွင့်အရေးဖြစ်ကြောင်း ခံစားမိခဲ့ပုံမပေါ်ပါ။

နော်အဲ၏ ဇာတ်လမ်းမှ ပြဿသည်မှာ သူမသည် စင်ကာပူသို့သွားခြင်း၊ ပြန်ခြင်း ခရီးစဉ်အစအဆုံး တလျှောက်လုံး ထိခိုက်လွယ်သူ ဖြစ်နေခဲ့သည်ဟူသည့် အချက်ဖြစ်သည်။ သူမအနေဖြင့် သူမ၏အတွေ့အကြုံကို အပြုသဘောပြောဆို နေသော်လည်း သူမအနေဖြင့် အိမ်အကူအလုပ်အကိုင်ကို၊ အထူးသဖြင့် နိုင်ငံရပ်ခြားရှိ အိမ်အကူအလုပ်အကိုင်ကို မည်သူတဦးတယောက်ကိုမှ အားပေးတိုက်တွန်းခြင်း မပြုသလို သူမ၏ ကံတရားကိုလည်း သတိပြုမိခဲ့သည်။ နော်အဲ မပြောခဲ့သည့် အကြောင်းအရာများလည်း ကျန်ကောင်းကျန်ပါဦးမည်။

အလုပ်လုပ်ရသည့် အခြေအနေများ

ကလေးသူငယ်အိမ်အကူလုပ်သားများသည် ချက်ပြုတ်ခြင်း၊ သန့်ရှင်းခြင်း၊ အဝတ်လျှော်ခြင်း၊ ကလေးငယ်များကို ထိန်းခြင်း၊ အသက်အရွယ်အိုမင်းသူများကို ပြုစုစောင့်ရှောက်ခြင်း၊ ကလေးများကို ကျောင်းသို့ကြိုပို့ခြင်း၊

ကုန်စိမ်းစျေးသို့ သွားရခြင်း သို့မဟုတ် အလုပ်ရှင်များနှင့် စူပါမားကတ်များသို့ လိုက်ရခြင်းများ လုပ်ကြရသည်။ ၎င်းတို့လုပ်ရသည့် အလုပ် များတွင် အလေးအပင်များမရခြင်း၊ စျေးဝယ်ခြင်းများနှင့် အိတ်များ 'မ'ရခြင်း၊ ကလေးငယ်များ ချီပိုးရခြင်း၊ အသက်အရွယ် အိုမင်းသော မိသားစုဝင်များကဲ့သို့ အရွယ်ရောက်ပြီးသူများကို သယ်မရခြင်းများလည်း ပါဝင်သည်။ ချက်ပြုတ်ရေးလုပ်ရသည့်ကလေးများမှာ မီးများ၊ ပူလောင်နေသည့် ဒယ်အိုးများ၊ ဓားများ၊ သားလှီးဓားများကို ထိတွေ့ကိုင်တွယ်ကြရသည်။

ကလေးသူငယ်အိမ်အကူလုပ်သားများသည် မနက် ၄ နာရီ ၅ နာရီမှ ညအထိအလုပ်လုပ်ကြရပြီး အပို အလုပ်တာဝန်များ ကိုလည်း လုပ်ကြရသည်။ သို့သော်လည်း မေးမြန်းခဲ့သည့်အလုပ်ရှင်များမှ အလုပ်ချိန်နာရီများနှင့် ပတ်သက်၍ အရေးကြီး ကိစ္စအဖြစ်မမြင်ကြဘဲ ကလေးများအနေဖြင့် နေ့ခင်းအလုပ်ချိန်တွင် ကလေးများနှင့် တီဗီကြည့်ခြင်း၊အသက်အရွယ်အိုမင်းသူများကိုအဖော်လုပ်ပေးခြင်းဖြင့်မကြာခဏအားလပ်ချိန်ရကြသည်ဟု ဆိုသည်။ကလေးများအနေဖြင့်ခြံဝန်းပြင်ပသို့ထွက်ခြင်းသို့မဟုတ်ကိုယ်ပိုင်အချိန်တွင်လွတ်လပ်စွာနေနိုင်ခွင့် မရှိခြင်းတို့ကို ကလေးများအတွက် အတားအဆီးအဖြစ်မမြင်ကြပါ။ ရှည်ကြာသည့် အလုပ်ချိန်များတွင် အလုပ် လုပ်နေရသည်ဖြစ်စေ သို့မဟုတ် ရှိနေရသည်ဖြစ်စေ ထိုအချက်သည် ကလေးများကို ငှားရမ်းရာတွင် အလုပ်ရှင်များ၏ နှစ်သက်မှုကိုဖော်ပြသည်။ လေ့လာမှုတွင် တွေ့ရှိရသည်မှာ အရွယ်ရောက်ပြီးသော အိမ်အကူများသည် ကြိုတင်သတိပေးခြင်းမရှိဘဲထွက်ခြင်း သို့မဟုတ် ထွက်ပြေးခြင်းများကို ပြုလုပ်လေ့ရှိကြသည်။ အလုပ်ရှင်ထံမှထွက်လာသည့် အရွယ်ရောက်ပြီး အိမ်အကူများနှင့် မေးမြန်းရာတွင် ၎င်းတို့ဖြေဆိုသည်မှာ ရှည်ကြာစွာ မပြတ်တမ်းအလုပ်လုပ်ရခြင်းနှင့် အခြားတချက်မှာ အိမ်ထောင်ပြုခြင်း သို့မဟုတ် ကလေးမွေးခြင်းတို့ကြောင့် ထွက်ကြသည်ဟုဆိုသည်။ ကလေးများအနေဖြင့် ထွက်ပြေးရန် ပိုမိုခက်ခဲခြင်းမှာ မြို့တွင်းတွင် ၎င်းတို့ကို အထောက်အကူပေးမည့် အဆက်အသွယ်မရှိဘဲ၊ လမ်းပေါ်တွင်သာနေကြရပြီး ခေါင်းပုံဖြတ် အမြတ်ထုတ်ခိုင်းစေသူများ၏ သားကောင်ဖြစ်သွားနိုင်ခြေရှိခြင်းတို့ကြောင့်ဖြစ်သည်။

လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က ၉ နှစ် ၁၀ နှစ်လောက်ရှိတဲ့ကလေးတွေကို ရွာကနေအိမ်ရှင်ဆီခေါ်လာတာ မြင်ဖူးတယ်။ အဲ့ဒီကလေးတွေက အမြဲတမ်းခေါင်းကို အကာန်ခံရပြီး တချိန်လုံးအရိုက်ခံနေရတာ။ သူတို့က တလမှ ၂၀၀၀၀ ဘဲရတယ်။ အလုပ်ရှင်ကသူတို့ကို ဘယ်တော့မှကောင်းကောင်းမကျွေးတော့ သူတို့ကြည့်ရင် အမြဲဆာနေတဲ့ပုံ။ သူတို့က မနက်ဆို ၅ နာရီထရပြီး တခါတရံ ည ၁ နာရီလောက်မှ အိပ်ရတယ်။ အလုပ်ရှင်ကို အမြဲနှိပ်ပေးနေရတာ။ (အရွယ်ရောက်ပြီး အိမ်အကူလုပ်သား၊ ၅၉ နှစ်၊ အမျိုးသမီး၊ FGD၊ ဇွန်လ ၁၅၊ ၂၀၁၈၊ ရန်ကုန်)

ကိစ္စရပ်အတော်များများတွင် ကလေးသူငယ်အိမ်အကူလုပ်သား တော်တော်များများသည် အလုပ်ရှင်များနှင့် အတူနေကြရသော်လည်း အလုပ်ရှင်များနေထိုင်သကဲ့သို့ အရည်အသွေးပြည့်ဝဝကို နေထိုင်ခွင့်မရကြပေ။ အကောင်းဆုံးသော ကိစ္စရပ်များတွင် ကလေးအိမ်အကူအလုပ်သမားများအနေဖြင့် သနားဂရုဏာဖြင့် ဆက်ဆံခံရပြီး အဆိုးဆုံး အခြေအနေတွင် ရက်စက်စွာချိုးနှိမ်ဆက်ဆံခံရသည်။ သူတို့အနေဖြင့် မီးဖိုချောင်ထဲ၊ ရေချိုးခန်းဘေး စသည်တို့တွင်သာ အိပ်စက်ရပြီး အချို့သောဖြစ်ရပ်များတွင် မိသားစုထဲမှ ကလေးငယ်များနှင့် အတူအိပ်စက်ကြရသည်။ ထုံးစံအားဖြင့် ၎င်းတို့အိပ်စက်ရန် ဖျာတချပ်ပေးကောင်းပေးမည်ဖြစ်သည်။ ၎င်းတို့သည် မိသားစုတွင်းမှ အလုပ်ရှင်စားသောက်ပြီးချိန်တွင်မှ တယောက်တည်း စားသောက်ကြရလေ့ရှိသည်။ ကောင်းသည့် အိမ်ထောင်စုများတွင် အဓိက အစားအသောက်များအပြင် မုန့်များကိုပါ စားသောက်ခွင့်ရကြသည်။ အလုပ်ရှင်များအပေါ်တွင်သာ အပြည့်အဝမှီခိုနေကြရသောကြောင့် စားရသည့် အစားအသောက်၊ အဝတ်အစား၊ သန့်ရှင်းရေးသုံးပစ္စည်းများနှင့် အိပ်စက်ရသည့်အနေအထားထို့အတူ ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရခြင်းတို့ကို ၎င်းတို့၏ အလုပ်ရှင်များကသာ စီစဉ်ဆုံးဖြတ်သည်။

မြို့ပြအိမ်ထောင်စုများတွင် အလုပ်လုပ်ရသည့် ကျေးလက်ကလေးငယ်များမှာ အလုပ်ရှင်များအလိုရှိသည့် အိမ်တွင်း အလုပ်များကိုလုပ်ရန် အတွေ့အကြုံမရှိခြင်း သို့မဟုတ် နည်းနည်းသာရှိကြသည်။ အများစုမှာ အလိုအလျောက် ချက်ပြုတ်ရေးပစ္စည်းများဖြစ်သည့် Hot plate များ သို့မဟုတ် မီးပူများကို မသုံးတတ်ကြပေ။ ၎င်းတို့အမှားအယွင်းပြုလုပ် မိပါက ဆူပူကြိမ်းမောင်းခြင်း သို့မဟုတ် ကိုယ်ထိလက်ရောက်ရိုက်နှက်ခြင်းများ ခံကြရပြီး နာခံမှုမရှိပါကလည်း အလုပ်ရှင်များမှ စည်းကမ်းလိုက်နာစေရန် ကိုယ်ထိလက်ရောက်ဆုံးမကြသည်။ ကလေးများသည် ချက်ပြုတ်ရာတွင် မှားယွင်းမှု သို့မဟုတ် အဝတ်အထည်လျှော်ဖွတ်ရာတွင် ပျက်စီးမှုများကြောင့် ဦးခေါင်းများကို ထိုးခေါက်ခံကြရသည်။ အသက်အငယ်ဆုံး သို့မဟုတ် အသက် (၁၅) နှစ်အောက်သာရှိပြီး စတင်အလုပ်လုပ်သူများကို ၎င်းတို့၏မိသားစုများအပါအဝင် ပြင်ပမှ မည်သူတဦးတယောက်နှင့်မှ အဆက်အသွယ်ပြုလုပ်ခွင့်မပေးပေ။ ၎င်းတို့၏လစာများမှာ တလလျှင် အနည်းဆုံး ၁၀၀၀၀ မှ အများဆုံး ၈၀၀၀၀ အထိ အမျိုးမျိုးဖြစ်ကြသည်။ ကလေးအိမ်အကူတဦးမှ ပြောသည်မှာ တလလျှင် တသိန်းထိရသည်ဟု ဆိုသော်လည်း အတွေ့အကြုံရှိပြီး အိမ်တွင်အတူမနေသည့် အရွယ်ရောက်ပြီးသူ အိမ်အကူသည်ပင် ဤပမာဏမရသောကြောင့် ပြည်တွင်းအိမ်ထောင်စုများတွင် ဖြစ်နိုင်ခြေမရှိပါ (လခပိုပေးသော နိုင်ငံခြားသားများထံတွင် အလုပ်လုပ်လျှင် ထိုအချက်မှာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။)

ကလေးသူငယ်အိမ်အကူများမှာ ၎င်းတို့၏ လစာများကို ကိုယ်တိုင်လက်ခံရရှိမှုနည်းပါးသည်။ ကံကောင်းခဲ့ပါက ၎င်းတို့အနေဖြင့် အသက် (၁၆) နှစ်အထက်ကျော်ရှိန်တွင် မုန့်ဖိုးအနည်းငယ် ရကောင်းရနိုင်သည်။ ဖြစ်ရပ်တော်တော်များများတွင် မိဘများသည်ကလေးများ၏ လခများကို ကြိုတင်ထုတ်ယူသွားပြီး အနည်းဆုံး သုံးလစာခန့်ကြိုထုတ်ကာ အလွန်ဆုံးတနှစ်စာလစာအထိကို ကြိုတင်ထုတ်ယူတတ်ကြပြီး ကလေးများကို အကြွေးနောင်ကြိုးဖြင့် ထားခဲ့တတ်ကြသည်။ အချို့သောဖြစ်ရပ်များတွင်မူ မိဘများကလစာကို ကိုယ်တိုင်လာယူကြသည်လည်းရှိသည်။ အခြားသောဖြစ်ရပ်များတွင် ပွဲစားများသည် ကြားခံအနေဖြင့် ဆောင်ရွက်ပေးနေဆဲသာဖြစ်ပြီး ကလေးများ၏လစာများမှ ကော်မရှင်များရယူကြသည်။ မြန်မာနိုင်ငံရှိကလေးအလုပ်သမားဆိုင်ရာ အခြားကိစ္စရပ်များတွင် ကလေးများသည် သူတို့ရှာဖွေသည့်ငွေကြေးများကို ထိန်းချုပ်သုံးစွဲပိုင်ခွင့် သို့မဟုတ် ရယူပိုင်ခွင့် အနည်းငယ်မျှသာရှိပြီး ၎င်းတို့၏မိဘများ သို့မဟုတ် အလုပ်အကိုင် ခန့်အပ်မှုတွင် ပါဝင်သူများ၏ ပြုသမျှနုရသည့် ဘဝသာဖြစ်ပါသည်။

ဖြစ်ရပ်တော်တော်များများတွင် ကလေးသူငယ်အိမ်အကူအလုပ်သမားများမှာ ၎င်းတို့၏ အလုပ်ရှင်များနှင့် ရေးသားချုပ်ဆိုထားသည့် စာချုပ်များမရှိကြပါ။ ဤလေ့လာမှုမှ ထွက်ပေါ်လာသည်မှာ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းအချို့ရှိသည်။ အိမ်အကူအလုပ်အကိုင်တွင် စာဖြင့်ရေးသားထားသည့်စာချုပ်မှာသုံးလေ့မရှိဘဲ အလုပ်ရှင်များအနေဖြင့် ၎င်းတို့အလုပ်ပေးထားသည့်ကလေးနှင့်ပတ်သက်၍ မည်သို့သော တရားဝင်လိုက်နာဆောင်ရွက်မှုများကိုမှ မလုပ်လိုကြပေ။ ကလေးသူငယ်များနှင့် ၎င်းတို့၏မိဘများသည်လည်း အလုပ်အကိုင်ခန့်ထားသည့် အနေအထားတွင် ချုပ်နှောင်မိမည်ကို ကြောက်ရွံ့ကြသည်။ အမှန်တကယ် အားဖြင့် စာချုပ်များကို အဆိုးမြင်သာမြင်ကြပြီး စာချုပ်တွင် ပါဝင်သောသူများ၏ အခွင့်အရေးနှင့် လိုက်နာရမည့် အချက်များကိုဖော်ပြထားသော စာရွက်စာတမ်းအဖြစ်မမြင်ကြပေ။ ထို့အပြင်အလုပ်ရှင်များသည် စာချုပ်များကို ၎င်းတို့၏ အိမ်အကူလုပ်သားများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ကို လျော့ချသည့် စာရွက်စာတမ်းအဖြစ်မြင်သလို ကလေးအိမ်အကူအလုပ်သမားများနှင့် ၎င်းတို့၏မိဘများသည်လည်း စာချုပ်များကို ကလေးများအလုပ်မှ ထွက်ရန် ခက်ခဲစေမည့်အရာအဖြစ် ယုံကြည်ကာကြောက်ရွံ့ကြသည်။

[ကျွန်မဘဝမှာ ကလေးအိမ်အကူအလုပ်သမားနှစ်ခါတွေ့ဖူးတယ်] သူတို့ထဲမှာ တယောက်က ၁၇ နှစ်၊ သူက ချက်ပြုတ်ရတယ်၊ သန့်ရှင်းရေးနဲ့ အိမ်တွင်းအခြားလိုအပ်တာတွေကူရတယ်။ သူ့လခကိုတော့ မမှတ်မိတော့ဘူး ဒါပေမယ့် ကျွန်မထက်တော့နည်းတယ်။ သူက တနေ့လုံးအလုပ်လုပ်နေရပြီး ည ၁၂ လောက်ထိ လုပ်ရတယ်။ မနက်အစောပြန်ထရတယ်။ တခါတရံ အလုပ်ရှင်ဆီဇည့်သည်တွေလာတဲ့အခါ တချို့က အစားအသောက်တို့ လက်ဆောင်တို့ပေးချင်ကြပေမယ့် အလုပ်ရှင်က မကြိုက်ဘူး၊ ပေးလည်းမပေးခိုင်းဘူး။ အလုပ်ရှင်က သူ့ကို ကောင်းကောင်းမဆက်ဆံတော့ ကောင်မလေးကလည်း ပျော်ပုံမရှိဘူး။ တခြားတခုက အသက် ၁၀ နှစ်နဲ့ ၁၁ နှစ် ရှိတဲ့ ကလေးမလေးတွေ စျေးဆိုင်မှာလုပ်တယ်၊ ဆိုင်ပိတ်ပြီးရင် အလုပ်ရှင်အိမ်မှာ အလုပ်လုပ်ရတယ်။ အဲ့ဒီကလေးတွေ မြင်ရင် ကျွန်မစိတ်မကောင်းဘူး၊ ဘာလို့လဲဆိုတော့ သူတို့မနိုင်တဲ့အလုပ်တွေကို လုပ်ရပြီး တခါတရံအလုပ်ရှင်က သူတို့ကို ဆွဲဆိတ်တာ၊ ရိုက်တာတွေလုပ်သေးတယ်။ အလုပ်ရှင်က သူတို့ကို အမြဲတမ်းဆူပူနေပြီး ဘယ်တော့မှ စိတ်တိုင်းမကျဘူး။ ဒါပေမယ့် အလုပ်ရှင်ကကောင်းကောင်းတော့ကျွေးတော့ သူတို့ ဝဝလင်လင်တော့စားရတယ်။ အလုပ်ရှင်နဲ့ မိဘတွေက စာချုပ်မှာ လက်မှတ်ထိုးပြီး မိဘတွေက လစာတွေကြိုယူသွားတယ်။ တကယ်လို့ကလေးတွေက စာချုပ်မပြည့်ခင်ပြန်သွားရင် မိဘတွေက နှစ်ဆလျော်ရမှာဆိုတော့ ကလေးတွေကို အတင်းအဓမ္မအလုပ်လုပ်ခိုင်းပြီးနေခိုင်းတယ်။
(အရွယ်ရောက်ပြီးသူ အိမ်အကူလုပ်သား၊ ၅၆ နှစ်၊ အမျိုးသမီး၊ FGD၊ ဖွန်လ ၁၅၊ ၂၀၁၈၊ ရန်ကုန်)

အလုပ်ရှင်များသည် ကလေးများကို နှစ်သက်ကြသည့် အခြေခံကျသောအချက်နှစ်ချက်ရှိသည်။ ကလေးများသည် ပို၍စျေးချိုပြီး ကလေးများဖြစ်သည့်အတွက် ပို၍ ထိန်းချုပ်ရလွယ်ကူသည်။ အလုပ်ရှင်များသည် ပစ္စည်းခိုးခြင်း၊တကိုယ်ရေလုံခြုံရေးတို့အတွက်စိုးရိမ်ကြပြီးအရွယ်ရောက်ပြီးသားအိမ်အကူလုပ်သားများသည် လုယက်မှုများ၊ မသမာမှုများကို ပို၍လုပ်ဆောင်နိုင်သည့် အနေအထားရှိခြင်းကြောင့်ဖြစ်သည်။ ထိုယုံကြည်မှုများမှာ အတွေ့အကြုံများအရ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အိမ်အကူအလုပ်သည် ယေဘုယျအားဖြင့် အရွယ်ရောက်ပြီးအိမ်အကူများ အလုပ်ထွက်နှုန်းမြင့်မားပြီး ကြိုတင်အသိမပေးဘဲ အလုပ်ထွက်ခြင်း၊ တခါတရံ လစာများကြိုထုတ်ပြီးမှ ထွက်ခြင်းများရှိခြင်းကြောင့်ဖြစ်သည်။ ကလေးသူငယ်အိမ်အကူလုပ်သားများသည်လည်း အလုပ်ဝင်ခြင်း၊ ထွက်ခြင်းရှိသည်။ သို့သော်လည်း မိသားစုများမှာ အလွန်ဝေးသောနေရာများမှ ဖြစ်ခြင်း၊ တချို့မှာ မိသားစုများနှင့် အဆက်အသွယ်လုံးလုံးပြတ်နေခြင်းနှင့် အထူးသဖြင့် အလွန်ဆင်းရဲသောနေရာများမှ လာသည့်ကလေးငယ်များသည် အလွန်ငယ်သေးသည့်အချိန်တွင် လက်ရှိအနေအထားအတိုင်းသာနေရပြီး အလုပ်ရှိရာနေရာအိမ်မှလည်း မထွက်ခွာနိုင်ကြဘဲ ထွက်ခွာကြပါက ပြင်ပကမ္ဘာတွင် ပို၍ကြီးမားသည့် အန္တရာယ်များကိုသာ ရင်ဆိုင်ကြရဖွယ်ရှိသည်။

နိဒါန်း

ကလေးသူငယ်အိမ်အကူလုပ်သားနှင့် အိမ်အကူအလုပ်အကိုင်တွင်းမှ ကလေးအလုပ်သမားများမှာ မြန်မာနိုင်ငံအတွင်း ပျံ့နှံ့ဖြစ်ပွားလျက်ရှိသော ကိစ္စရပ်ဖြစ်သည်။ အိမ်အကူအလုပ်အကိုင်တွင်းသို့ ဝင်ရောက်လုပ်ကိုင်ကြသော ရွှေ့ပြောင်းလုပ်သား ကလေးများမှာ ကျေးလက် သို့မဟုတ် မြို့ပြအနီးအနားဝန်းကျင်များမှ ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှု၏ သက်ရောက်မှု၊ ဝင်ငွေတိုးလုပ်ငန်းများ သို့မဟုတ် အခွင့်အလမ်းများမရှိခြင်း၊ လက်နက်ကိုင်ပဋိပက္ခ၊ လူသားချင်းစာနာမှုဆိုင်ရာ အရေးပေါ်အခြေအနေများ သဘာဝဘေးအန္တရာယ်များကြောင့် လုပ်ကိုင်ကြရခြင်းဖြစ်သည်။ အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးသူငယ်အများစုမှာ မိန်းကလေးများဖြစ်ပြီး လူမှုရေးရာ ထုံးတမ်းဓလေ့အရ အမျိုးသမီးများကို အိမ်အကူအလုပ်အကိုင်နယ်ပယ်တွင်းသို့ သွတ်သွင်းခြင်းဖြစ်သည်။ အိမ်အကူအလုပ်အကိုင်တွင်းရှိ ကလေးအလုပ်သမားများမှာ အလွန်ရှည်ကြာသော အလုပ်ချိန်များ၊ မနက် ၄ နာရီ ၅ နာရီမှ ညအထိ၊ အကြွေးနှောင်ကြိုး၊ အသက်အငယ်ဆုံး ကလေးအိမ်အကူ၏အတွေ့အကြုံအရ လူမမြင်အောင်ထားခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် နှုတ်အားဖြင့် ညှင်းဆဲခြင်းများ ထို့အတူ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုများကို ခံစားကြရသည်။

မြန်မာနိုင်ငံအလုပ်သမားဥပဒေတွင် ကလေးသူငယ်အိမ်အကူအလုပ်အကိုင်ကို ပြဋ္ဌာန်းမထားသောကြောင့် အလုပ်သမားစုံစမ်းစစ်ဆေးရေးမှူးများသည်အိမ်ထောင်စုများနှင့်ကလေးသူငယ်လုပ်နေရာသောအလုပ်များ၊ လုပ်ငန်းခွင်အခြေအနေများကို စုံစမ်းစစ်ဆေးခွင့်မရှိကြပေ။ ကလေးသူငယ်အိမ်အကူလုပ်သားများကို အကာအကွယ်ပေးရေးမှာ လူမှုဖူလုံရေးဌာနအောက်တွင် ရှိသော်လည်း ရနိုင်သည့်အရင်းအမြစ်များနှင့် လုပ်ထုံးလုပ်နည်းများမှာ အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးများကို စောင့်ကြည့်လေ့လာရန်နှင့် ကလေးငယ်များတွေ့ကြုံနေရသော၊ တခါတရံတွင် ပြောခွင့်မရှိဘဲ အထီးကျန်နေရသော နိပ်စက်ညှင်းပန်းမှုများကို လိပ်မူဖြေရှင်းပေးရန်အတွက် လုံလောက်မှုမရှိပေ။ လူ့အသိုင်းအဝိုင်းမှ ကလေးအိမ်အကူလုပ်သားများကို လက်ခံအသုံးပြုလာခြင်းသည် နောက်ပိုင်းတွင်နိုင်ငံတော်အား ပိုမိုအခက်တွေ့လာစေမည်ဖြစ်ပြီး ပြည်သူလူထုလူ့အသိုက်အဝန်းများမှ ကလေးသူငယ်အိမ်အကူလုပ်သားများကို စောင့်ကြည့်လေ့လာရန်နှင့် အိမ်အကူလုပ်ငန်းတွင်းရှိ ကလေးအလုပ်သမားများကို တားဆီးကာကွယ်ရန်လည်း ပိုမိုခက်ခဲရှုပ်ထွေးလာမည်ဖြစ်သည်။ အလွန်အမင်းဆိုးဝါးသော ကလေးသူငယ်များခံစားရသည့်အဖြစ်များကိုသာ အာဏာပိုင်များကို တိုင်ကြားကြသည်ဖြစ်သောကြောင့် မတိုင်ကြားသော အခြားဖြစ်ရပ်များစွာလည်း ရှိနိုင်ပါသည်။

အိမ်အကူအလုပ်အကိုင်သည် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများမှ သတ်မှတ်ထားသော သမားရိုးကျပုံစံ ဝန်ထမ်း၊ အလုပ်ရှင်နှင့် အလုပ်သမားပုံစံမျိုးမှ ကွဲထွက်နေသောကြောင့် ၎င်းလုပ်ငန်းအမျိုးအစားကို လိပ်မူဆောင်ရွက်ပေးရန် ခက်ခဲသည်။ သို့သော်လည်း ကမ္ဘာအနှံ့ရှိနိုင်ငံများမှ နမူနာဖြစ်ရပ်များအရ လူမှုရေးရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကလေးအလုပ်သမားနှင့် အိမ်အကူအလုပ်အကိုင်များအတွက် အမျိုးသားအဆင့် သုံးဦးသုံးဖလှယ် အလုပ်သမားရေးရာ အကြံပေးခြင်း၊ မူဝါဒချမှတ်ခြင်း နှင့် ဥပဒေပြုခြင်းများတွင် မရှိမဖြစ်ပါဝင်ရမည့် အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း ပြသသည်။ အမှန်တကယ်တွင်လည်း ထိုအဖွဲ့များသည် လူမှုရေးအရ အပြန်အလှန်ဆွေးနွေးမှု၊ သဘောတူညီချက်ရယူခြင်း၊ ညှိနှိုင်း ဆောင်ရွက်ခြင်းများအတွက် အဓိကကျသောသူများဖြစ်သည်။ ကလေးသူငယ်အိမ်အကူလုပ်သားကိစ္စရပ်များ လိပ်မူ ဖြေရှင်းရာတွင် လူမှုရေးရာမိတ်ဖက်အဖွဲ့အစည်းများ မပါဝင်ဘဲ ထိရောက်အောင်ဆောင်ရွက်နိုင်မည် မဟုတ်ပါ။

မြန်မာနိုင်ငံရှိ ကလေးအိမ်အကူအလုပ်သမားကိစ္စရပ်များစွာအရ ကလေးသူငယ်အိမ်အကူအလုပ်အကိုင်သည် မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်ဖြစ်သော ILO ၏ပြဋ္ဌာန်းချက်အမှတ် (၁၈၂) ပါသတ်မှတ်ချက်များနှင့် ကိုက်ညီပြီး "အဆိုးဝါးဆုံးပုံစံဖြင့် ကလေးအလုပ်သမားများကို ခိုင်းစေမှု" မြောက်သည်။ ထိုပြဋ္ဌာန်းချက်တွင်

ပါဝင်သည်များမှာ ကျွန်ုပ်ခြိုင်းစေသည့် အခြေအနေများ၊ လိင်ပိုင်းဆိုင်ရာအရ စီးပွားရေးလုပ်ငန်းများတွင် ကလေးသူငယ်များကို အမြတ်ထုတ်ခိုင်းစေခြင်းများ၊ တရားမဝင်သောကိစ္စရပ်များတွင် ကလေးငယ်များကို ခိုင်းစေခြင်းများပါဝင်သည်။ ထို့အပြင် ဘေးအန္တရာယ်ရှိသော အလုပ်များတွင် ကလေးသူငယ်များအား လုပ်ကိုင်စေခြင်းများလည်းပါဝင်ပြီးဥပမာအားဖြင့်နာရီပေါင်းများစွာအလုပ်ခိုင်းခြင်း၊လေးလံသောအရာများကို မ ခိုင်းခြင်းနှင့် ညဉိုင်းအလုပ်လုပ်ခိုင်းခြင်းများ စသဖြင့် ကလေးသူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့် စိတ်ဓာတ်ရေးရာတို့ကို ဘေးဖြစ်စေသော အလုပ်များဖြစ်သည်။

အကြံပြုတိုက်တွန်းချက်များ

ILO ၏ ၂၀၁၇ ခုနှစ် ကလေးအလုပ်သမားပပျောက်ရေး လက်တွေ့လမ်းညွှန်ချက်များနှင့် အိမ်အကူအလုပ်အကိုင်မှ ငယ်ရွယ်သည့်အလုပ်သမားများကို အကာအကွယ်ပေးရေးတို့မှ အကြံပြုထားသည့် အဓိကမူဝါဒများထဲမှ ကလေးသူငယ်အိမ်အကူ လုပ်သားများ အကာအကွယ်ပေးခြင်းနှင့် သက်ဆိုင်သည့်အချက်များမှာ -

- အရည်အသွေးရှိသော ပညာရေးသို့ မည်သူမဆိုလက်လှမ်းမှီရရှိရေး - လက်လှမ်းမှီမှု၊ အကုန်အကျခံနိုင်မှု၊ အရည်အသွေးမြင့်မားမှု၊ အခမဲ့၊ မသင်မနေရပညာရေးစနစ်
- အလုပ်အကိုင်ခန့်အပ်မှုနှင့် အလုပ်သမားများကို အကာအကွယ်ပေးရေး
- တရားဝင်အလုပ်လုပ်နိုင်သည့် ငယ်ရွယ်သည့် အလုပ်သမားများနှင့် အရွယ်ရောက်ပြီးသူများအတွက် အလုပ်အကိုင်များဖန်တီးရေး
- အနိမ့်ဆုံးလုပ်ခလစာများ၊ အလုပ်ချိန်အကန့်အသတ်များ
- အလုပ်သမားစုံစမ်းစစ်ဆေးရေး
- တရားဝင် အလုပ်အကိုင်ခန့်အပ်ခြင်းဆိုင်ရာ ကျင့်သုံးမှုများ
- အလုပ်အကိုင်ခန့်အပ်နိုင်သည့် အနိမ့်ဆုံးအသက်နှင့် အိမ်အကူအလုပ်အကိုင်တွင် အလုပ်လုပ်ခွင့်
- ပေါ့ပါးသောအလုပ် အဓိပ္ပာယ်ဖွင့်ဆိုချက်
- ဘေးအန္တရာယ်ရှိသော အလုပ်များစာရင်း
- လုပ်သားစုဆောင်းရေးအေဂျင်စီများ၏ လုပ်ငန်းလုပ်ဆောင်ပုံများ
- အခြေခံဝင်ငွေတည်မြဲရေး၊ လူမှုရေးရာ အကာအကွယ်ပေးရေး
- ကလေးအလုပ်သမားများအတွက် စာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းများ (ဥပမာ - သတ်မှတ်ချက်ဖြင့် သုံးစွဲရသော ငွေကြေးပေးအပ်ခြင်းစီမံကိန်းများ)

အောက်ဖော်ပြပါအကြံပြုချက်များသည် မြန်မာနိုင်ငံရှိ အခြေအနေများနှင့် ဆီလျော်မှုရှိပါသည်။

ဤလေ့လာမှုမှ ပေးအပ်လိုသည့် အဓိကအကြံပြုချက်များသည် ဥပဒေပြုရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး ဗျူဟာများ၊ တရားဝင်အလုပ်လုပ်နိုင်သည့် အသက်ရှိသော ကျောင်းထွက်ထားသည့် လူငယ်များအတွက် အလုပ်အကိုင်လမ်းကြောင်း များ၊ ကလေးသူငယ်များအကာအကွယ်ပေးရေးနှင့် အသိပညာပေးမြှင့်တင်ခြင်းများဖြစ်သည်။

၁) လက်ရှိတွင် ဥပဒေရေးရာမူဘောင်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များမှာ ရှင်းလင်းမှုမရှိ။ မသင်မနေရ ပညာသင်ယူရသည့် အသက်အရွယ်သည် လုပ်ငန်းခွင်သို့ဝင်ရန် ယေဘုယျအသက်နှင့် ချိတ်ဆက်မှုမရှိပေ။ စက်ရုံများ အက်ဥပဒေကန့်သတ်ချက်အရ အသက်ငယ်သော (၁၄နှစ်-၁၆ နှစ်) များအတွက် အလုပ်ချိန်နာရီများမှာ မတူကွဲပြားသည့် အလုပ်အမျိုးအစားများ၏ သတ်မှတ်ချက်ဘောင်အတွင်း ပိုမိုရှုပ်ထွေးမှုများဖြစ်စေသည်။ သတ်မှတ်ချက်မူဘောင်အတွင်း ရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန်

လိုအပ်သည်များမှာ -

- လုပ်ငန်းခွင်သို့ ဝင်ခွင့်ပြုရန် ယေဘုယျအသက် - ဘေးအန္တရာယ်ရှိသောအလုပ်များကို ကန့်သတ်ရန်မှ လွဲ၍ မည်သည့်ကန့်သတ်ချက်မှမရှိဘဲ အလုပ်လုပ်ခွင့်ပြုသင့်သောအသက်
- မသင်မနေရ ပညာသင်ယူရသည့် အသက်အရွယ်သည် လုပ်ငန်းခွင်သို့ဝင်ရန် ယေဘုယျ အသက်နှင့် ချိတ်ဆက်မှုရှိသင့်သည်
- ပေါ့ပါးသောအလုပ်ကို ပြဋ္ဌာန်းသတ်မှတ်သင့်ပြီး အသက် (၁၂နှစ်-၁၃နှစ်)နှင့် လုပ်ငန်းခွင်သို့ ဝင်ရန် ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးအသက်ထက်ငယ်နေသေးသူများအတွက် သတ်မှတ်ပြဋ္ဌာန်း သင့်သည်

၂) မြန်မာနိုင်ငံအစိုးရအနေဖြင့်လုပ်ဆောင်သင့်သည်မှာ : i) ILO ပြဋ္ဌာန်းချက် (၁၈၂) အခန်း ၃(က) နှင့် အညီ သတ်မှတ်ထားသော ကျွန်ပြုခိုင်းစေသည့် အခြေအနေများမဖြစ်အောင် အိမ်အကူအလုပ် အကိုင်ရှိ ကလေးသူငယ်များ အားဂရုစိုက်အကာအကွယ်ပေးသင့်သည်၊ ii) အိမ်အကူအလုပ်အကိုင် အမျိုးအစားများကိုလည်း လုပ်ငန်းများ၏ သဘောသဘာဝ သို့မဟုတ် အလုပ်လုပ်နေရသည့် ပတ်ဝန်းကျင်၊ ကလေးများ၏ ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် စိတ်ဓာတ်များကို ဘေးဖြစ်စေနိုင် ခြေရှိမရှိ စသဖြင့်ခွဲခြားသတ်မှတ်သင့်ပြီး ထိုကဲ့သို့သော ကလေးအလုပ်သမားအမျိုးအစားများကို တားမြစ်ကာ ပပျောက်အောင်ဆောင်ရွက်သင့်သည်၊ iii) အိမ်အကူလုပ်သား များ၏ အလုပ်အကိုင်နှင့် နေထိုင်ရသည့်အခြေအနေများကို သတ်မှတ်ပြဋ္ဌာန်းသောအခါ အဖွဲ့ဝင်များအနေဖြင့် အမျိုးသား ဥပဒေ၊ နည်းဥပဒေများအရ ပြဋ္ဌာန်းသတ်မှတ်ထားသော အသက် (၁၈) နှစ်အောက်နှင့် အလုပ် လုပ်နိုင်သည့် အနိမ့်ဆုံးအသက်ထက်ကျော်လွန်သောအိမ်အကူလုပ်သားများ၏ လိုအပ်ချက်များကို အထူးတလည် သတိပြုလုပ်ဆောင်သင့်ပြီး ၎င်းတို့ကို အကာအကွယ်ပေးရန်လုပ်ဆောင်ချက်များချ မှတ်သင့်သည်၊ (က) အနားယူရန်၊ ပညာသင်ကြားရန်နှင့် လေ့ကျင့်သင်ကြားမှုများ၊ အပန်းဖြေရန်နှင့် မိသားစုများနှင့် ဆက်သွယ်ရန် လုံလောက်သည့် အချိန်ရရှိစေရန်အတွက် အလုပ်လုပ်ရသည့် အချိန် နာရီများကို တင်းကြပ်စွာကန့်သတ်မှပေးသင့်သည်၊ (ခ) ညပိုင်းအလုပ်များကိုလည်း တားမြစ်ရမည် (ဂ) ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာများကို အလွန်အကျွံတောင်းဆိုမှုဖြစ်စေသည့် တင်း ကျပ်ပြင်းထန်သောအလုပ်များခိုင်းစေခြင်း (ဃ) အလုပ်လုပ်ခြင်းနှင့် နေထိုင်ရသည့် အခြေအနေ များကို စောင့်ကြည့်လေ့လာနိုင်မည့် စနစ်များ ထူထောင်ခြင်း သို့မဟုတ် အားကောင်းစေခြင်း။

၃) မြန်မာနိုင်ငံအစိုးရအနေဖြင့် အလုပ်လုပ်ခွင့်ပြုသည့် အနိမ့်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက် (၁၃၈) ကို အတည်ပြုရေးထိုးရန်အတွက် အဆင့်လိုက်ဆောင်ရွက်သွားသင့်ပြီး အခန်း (၂) တွင် "ဤပြဋ္ဌာန်း ချက်ကို အတည်ပြုပါဝင်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤပြဋ္ဌာန်းချက်နှင့် ပူးတွဲပါ အချက်များကို ကြေငြာချက်တရပ်ထုတ်ပြန်ခြင်း၊ အလုပ်လုပ်ခွင့်ပြုသည့် သို့မဟုတ် အလုပ်အကိုင် ခန့်အပ်နိုင်သည့် အနိမ့်ဆုံးအသက် သတ်မှတ်ချက်ကို နိုင်ငံပိုင်နက်အတွင်းနှင့် ထိုပိုင်နက်အတွင်း မှတ်ပုံတင်ထားသည့် သယ်ယူပို့ဆောင်ရေး နည်းလမ်းအားလုံးတွင် ပြဋ္ဌာန်းသတ်မှတ်ရမည်ဖြစ်ပြီး" "မသင်မနေရပညာရေးစနစ်ဆုံးခန်းတိုင်သည့် အသက်ထက်မငယ်စေရဘဲ မည်သို့ပင်ဖြစ်စေ အသက် (၁၅) နှစ်ထက်မငယ်စေရ" ဟုပြဋ္ဌာန်းထားသည်။ ပြဋ္ဌာန်းချက် (၇) ခုအရ "အမျိုးသားဥပဒေ သို့မဟုတ် နည်းဥပဒေများသည် အသက် (၁၃) နှစ်မှ (၁၅) နှစ်အတွင်းရှိသူများကို ပေါ့ပါးသည့် အလုပ်များလုပ်ကိုင်ရန် ခွင့်ပြုပေးနိုင်ပြီး ထိုအလုပ်များမှာ (က) ကလေးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဘေးဖြစ်မည့်ဟန်မရှိသော (ခ) ကျောင်းတက်မှုကို အနှောက်အယှက် မဖြစ် စေသော၊ အသက်မွေးသင်တန်းကျောင်းများတက်ရောက်ခြင်း သို့မဟုတ် သက်ဆိုင်ရာ အာဏာပိုင် များမှ အတည်ပြုပေးထားသော သင်တန်းအစီအစဉ်များတွင် ပါဝင်ခြင်း၊ သို့မဟုတ် သင်ကြားပို့ချမှုမှ ရရှိမည့် ၎င်းတို့၏ စွမ်းဆောင်ရည်ဆိုင်ရာအကျိုးကျေးဇူးများကို ထိခိုက်မှုမရှိစေရ" ဟုပြဋ္ဌာန်းထား သည်။ အခြားသောအခန်းများ တွင်ပြဋ္ဌာန်းထားသည်မှာ အိမ်အကူဥပဒေများသည် "အသက်

အနည်းဆုံး (၁၅) နှစ်ရှိပြီးဖြစ်သော်လည်း ၎င်းတို့၏မသင့်မနေရ ပညာရေးမပြီးဆုံးသေးသူများကို အပိုဒ်ခွဲ (က) နှင့် (ခ) တို့၌ ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီလျှင် အလုပ်အကိုင်ခန့်အပ်ရန် သို့မဟုတ် အလုပ်လုပ်ခွင့်ပြုနိုင်သည်" ဟုဖော်ပြထားပြီး "သက်ဆိုင်ရာ တာဝန်ရှိသူမှ ဤအခန်းပါ အပိုဒ် (၁)နှင့် (၂)အောက်တွင်ပါရှိသည့် အချက်အများနှင့်အညီ မည်သို့သော အလုပ်အကိုင်ခန့်အပ်မှု သို့မဟုတ် အလုပ်အား ခွင့်ပြုရမည်ကို သတ်မှတ်သွားရမည်ဖြစ်ပြီး ထိုအလုပ်အကိုင်ခန့် အပ်မှု သို့မဟုတ် အလုပ်တွင်ရှိရမည့် အလုပ်ချိန်နာရီပေါင်းနှင့် အလုပ်အခြေအနေများကိုလည်း ပြဋ္ဌာန်း သွားရမည်" ဟူ၍ ဖြစ်သည်။

၄) မြန်မာနိုင်ငံတော်အစိုးရသည် ကလေးသူငယ်အိမ်အကူအလုပ်အကိုင်နှင့် ၎င်းတို့ကို အကာအကွယ်ပေးရေး နည်းစနစ်များကိုလည်း သတ်မှတ်ပြဋ္ဌာန်းသွားနိုင်ရန်ကြိုးပမ်းသင့်သည်။ ၎င်းကို အိမ်အကူ အလုပ်အကိုင်ဆိုင်ရာ ပြဋ္ဌာန်းချက် (၂၀၁၁၊ C ၁၈၉) အား အတည်ပြုလက်မှတ်ရေးထိုးခြင်းဖြင့် စတင်နိုင်ပြီး ကလေးငယ်များ၊ ကလေးသူငယ်အလုပ်နှင့် လုပ်သားဆိုင်ရာ ပြည်တွင်းဥပဒေများနှင့် ပြဋ္ဌာန်းချက်များအကြား တညီတညွတ်ဖြစ်သွားစေရန် ပြည်တွင်းဥပဒေများမှတဆင့် အကောင်အထည် ဖော်သွားနိုင်သည်။

၅) နိုင်ငံတော်အဆင့်နှင့် နိုင်ငံတော်အဆင့်မဟုတ်သော ကလေးသူငယ်အကာအကွယ်ပေးရေး နည်း စနစ်များကို ပိုမိုအားကောင်းစေရန်လိုအပ်ပြီး အကာအကွယ်ပေးရေးပြဋ္ဌာန်းချက်များကိုလည်း တရားဥပဒေအရ ရရှိနိုင်အောင် လုပ်ဆောင်ရန်လိုအပ်ပြီး ဥပဒေအရအရေးယူဆောင်ရွက်မှုများ လည်း အလွယ်တကူလုပ်ဆောင်နိုင်ရန်လိုသည်။ လူမှုဖူလုံရေးဌာနမှ ဝန်ထမ်းများ၏ စွမ်းဆောင်ရည် များကို လည်း မြှုပြန့် ကျေးလက်နှစ်နေရာလုံးတွင် တိုးမြှင့်ရန် လိုပြီး စီမံခန့်ခွဲရေးဝန်ထမ်းများ အနေဖြင့်မတူညီသော လိုအပ်ချက်များကို တုံ့ပြန်လုပ်ဆောင်ပေးရန်လိုသည်။ အဖွဲ့အစည်းများ အကြားတွင်လည်း မှတ်တမ်းမှတ်ရာများ၊ အထောက်အထားများ ထားရှိသည့်စနစ်များရှိသင့်ပြီး အဖွဲ့များအနေဖြင့်လည်း တဖွဲ့နှင့်တဖွဲ့ စောင့်ကြည့်လေ့လာရေး၊ အကာအကွယ်ပေးရေးနှင့် ကြားဝင်ကူညီမှုများကို နေရာအားလုံးတွင် ထောက်ပံ့လုပ်ဆောင်ရန်ခွင့်ပြုသင့်သည်။ ရနိုင်သမျှသော Hotline များသည်လည်း အလုပ်လုပ်မှုရှိပြီး ဝန်ထမ်းများအချိန်တိုင်းရှိသင့်သည်။ ပြည်သူလူထုများ ထံသို့ ကမ်းလှမ်းကူညီနိုင်သူများ၊ အထူးသဖြင့် အစိုးရဌာနမှမဟုတ်သူများကိုလည်း လေ့ကျင့် ပျိုးထောင်သင့်ပြီး အိမ်အကူအလုပ်အကိုင်တွင်းရှိ ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များကို ခွဲခြား သတ်မှတ်ရန်နှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များထံ ပြန်လည်လွှဲပြောင်းပေးနိုင်ရန်အတွက် အားကောင်း သောအရပ်ဘက်လူမှုအဖွဲ့အစည်းကွန်ရက်များမှ နောက်ခံပေးထားပြီး သက်ဆိုင်ရာအကူအညီများ ပေးနိုင်ရန် လုပ်ဆောင်ပေးသင့်သည်။

၆) ကလေးအိမ်အကူအလုပ်သမားလုပ်ငန်းများကို လိပ်မူဆောင်ရွက်လျက်ရှိသည့် အမျိုးမျိုးသော အေဂျင်စီများနှင့် အကျိုးသက်ဆိုင်ပတ်သက်သူများမှတဆင့် အချက်အလက်များကောက်ယူရန်၊ အေဂျင်စီများအကြားရှိ စာရွက်စာတမ်းအထောက်အထားစနစ်များမှတဆင့် အချက်အလက်များ ကောက်ယူခြင်းများကိုခွဲခြမ်းလေ့လာ၍ ကလေးအိမ်အကူအလုပ်အကိုင်ဆိုင်ရာများအား အထောက် အထားအခြေခံသော မူဝါဒချမှတ်မှုဖြစ်စေရန်နှင့် စောင့်ကြည့်လေ့လာရေး၊ အကာအကွယ်ပေးရေးနှင့် ပြန်လည်တုံ့ပြန်ရေးများအား ပိုမိုတိုးတက်စေရန် လုပ်ဆောင်သင့်သည်။

၇) ဆင်းရဲနွမ်းပါးမှုနှင့် ကလေးအိမ်အကူအလုပ်သမားများအကြားဆက်စပ်မှုမှာ ရှင်းလင်းပါသည်။ ကလေးများ၏ မိဘများမှာ ပုံမှန်လုံလောက်သောဝင်ငွေကို မရသမျှကာလပတ်လုံး အိမ်အကူ အလုပ်အကိုင်နှင့် အခြားသော အလုပ်အကိုင်များသို့ ကလေးငယ်များဆက်လက်ရောက်ရှိနေကြမ ည်သာဖြစ်သည်။ အလုပ်အကိုင်ခန့်အပ်ရေးကို ဖြစ်ထွန်းအောင်မြှင့်တင်ခြင်းသည် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေမည့် အကောင်းဆုံးလမ်းကြောင်းဖြစ်သည်ဟု ILO မှ ဆွဲကိုင်ခံယူပါသည်။ ထို့ကြောင့် ILO အနေဖြင့် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျော့ချရေး နည်းဗျူဟာအရလုပ်ငန်းစဉ်

များကို မိတ်ဆက်တင်ပြပေးသွားသင့်ပြီး ပိုမိုကောင်းမွန်သော အလုပ်အကိုင်ခန့်အပ်ရေးတွင် အစိုးရနှင့် လူမှုရေးရာမိတ်ဖက်အဖွဲ့များ ပေါင်းစည်းလုပ်ဆောင်ရန် လုပ်ပိုင်ခွင့်များလည်း ပေးအပ်သွားသင့်သည်။ အထူးသဖြင့် ဝင်ငွေနည်းပါးသည့်နိုင်ငံများမှ အမျိုးသားအဆင့် မူဘောင်များနှင့် ဆက်စပ်လွှမ်းခြုံနေသောကိစ္စရပ်များကို ဦးတည်ဆောင်ရွက်သင့်ပါသည်။

၈) မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေပြုစီးပွားရေးနိုင်ငံဖြစ်သောကြောင့် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အားကောင်းသော ရေရှည်တည်တံ့ခိုင်မြဲသည့် ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒများ ချမှတ်ပါက အကျိုးရှိနိုင်မည်ဖြစ်သည်။ ကျေးလက်ဒေသများနှင့် အနီးအပါးရှိမြို့ပြနေရာများ စီးပွားရေးအရ ပေါင်းစည်းဖော်ဆောင်ခြင်း၊ ကျေးလက်ဒေသ စိုက်ခင်းများတွင် မဟုတ်သော အလုပ်အကိုင်များကို ဖန်တီးခြင်းသည် ကျေးလက်နှင့်မြို့ပြ အကြားကွာဟမှုများကို လျော့ချသွားနိုင်မည်ဖြစ်ပြီး ကျေးလက်ဒေသမှ လူငယ်များအပါအဝင် ကျွမ်းကျင်မှုရှိသူ များကို အားပေးမြှင့်တင်ခြင်း၊ အခွင့်အလမ်းများတိုးချဲ့ခြင်းများကို ဖြစ်ပေါ်စေမည်ဖြစ်သည်။ ဆက်စပ်သော လုပ်ဆောင်ချက်များတွင် ပါဝင်နိုင်သည်များမှာ အခြေမခိုင်သော အစီအစဉ်ရေးဆွဲမှုနှင့် ရသုံးမှန်းခြေရေးဆွဲမှုကို အမျိုးသားအဆင့်နှင့် ပြည်တွင်းအဆင့်တွင် ပိုမိုကောင်းမွန်အောင်မြှင့်တင်ခြင်း၊ အမျိုးသမီးများ၊ လူငယ်များနှင့် ကျေးလက်ပြည်သူလူထုများအပါအဝင် ထိခိုက်လွယ်အုပ်စုများ၏ တက်ကြွစွာပါဝင်ဆောင်ရွက်မှုရရှိစေရန် လုပ်ဆောင်ခြင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို နိုင်ငံတော်အဆင့်၊ ဒေသတွင်းအဆင့် သေချာကျနစွာ စီစဉ်ရေးဆွဲခြင်း၊ အထူးသဖြင့် အသေးစားတောင်သူလယ်သမားများနှင့် အမျိုးသမီးများအတွက် ချေးငွေနှင့် အခြားသော စိုက်ပျိုးရေးလုပ်ငန်းအခြေပြုအရင်းအမြစ်များကို လက်လှမ်းမှီရရှိအောင် ဆောင်ရွက်ရေးစသည်တို့ ဖြစ်သည်။

၉) ပုံမှန်ဝင်ငွေတိုးလုပ်ငန်းများနှင့် ချေးငွေများလက်လှမ်းမှီရရှိနိုင်မှုများအပြင် ဥပမာ အသေးစားချေးငွေများ၊ ဘဏ္ဍာရေးပိုင်းဆိုင်ရာ နားလည်သိရှိမှုများကို ထူထောင်ပေးခြင်းသည် ကျေးလက်မိသားစုများ အကြွေးသံသရာသို့ ကျရောက်ခြင်းမှ အကာအကွယ်ပေးနိုင်သည်။ ငွေချေးခြင်းနှင့် ပတ်သက်သည့် ဥပဒေများကိုပြန်လည် သုံးသပ်သင့်ပြီး ငွေချေးငှားခြင်းများမှ အခွင့်အရေးယူသော၊ မတန်တဆနှုန်းများဖြင့် ချေးငှားခြင်းများကို အရေးယူ အကာအကွယ်ပေးသင့်ပြီး ထိုသို့သော ကိစ္စရပ်များကြောင့် ကလေးသူငယ်များမှာ အပေါင်ပစ္စည်းများအဖြစ်သို့ မကြာခဏ ကျရောက်သွားတတ်သည်။

၁၀) ကျောင်းထွက်လိုက်ရသူများ၊ တရားဝင်အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသည့် ကျေးလက်လူငယ်များ စသည့် ကလေးငယ်များ၊ အထူးသဖြင့် မိန်းကလေးများကို အလားအလာကောင်းသော အလုပ်အကိုင် လမ်းကြောင်းများရှာပေးခြင်းသည် အိမ်ဖော်လုပ်ငန်းအတွင်းရှိကလေးအလုပ်သမားများအဖြစ် ကျရောက်မသွားစေရန် ကာကွယ်ပေးနိုင်သည်။ ထိုသို့သောလမ်းကြောင်းများတွင် လူငယ်များကို အလုပ်အကိုင်စေ့ငေ့ကွက်အတွင်း သို့ဝင်ရောက်ရန် အဆင်သင့်ဖြစ်စေသော အရည်အချင်းများ၊ ကျွမ်းကျင်မှုများတပ်ဆင်ပေးမည့် အခြားသော ပညာရေးလမ်းကြောင်းများလည်း ပါဝင်သင့်သည်။ စာသင်ကျောင်းအခြေပြုသင်ကြားခြင်းနှင့် လုပ်ငန်းခွင်ဝင်သင်တန်းများအကြားချိတ်ဆက်ပေးမည့် အလုပ်သင်လုပ်ငန်းများ၊ လုပ်ငန်းအခြေပြုလေ့လာသင်ကြားမှုများ စသည်တို့သည် အလုပ်စေ့ငေ့ကွက်အတွင်းသို့ ဝင်ရောက်ရန်အတွက် အလားအလာရှိသော စံပုံစံများဖြစ်သည်။

၁၁) မူဝါဒရေးရာကြိုးပမ်းအားထုတ်မှုများကို အစားထိုးသွတ်သွင်းသည်ထက် ရေရှည်တည်တံ့ခိုင်မြဲသော၊ ဦးတည်ချက်ထားပြုလုပ်သော အသိပညာတိုးမြှင့်ရေး လှုံ့ဆော်ပွဲများမှာ ပို၍အထောက်အကူဖြစ်စေသည်။ ကလေးအိမ်အကူအလုပ်နှင့် အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေး အလုပ်သမားများနှင့် ပတ်သက်၍ ဖြစ်လာနိုင်ခြေရှိသောအချက်များနှင့် အန္တရာယ်များကို သိကြပုံနှင့် ကူကယ်ရာမဲ့နေသော၊ ဆင်းရဲသောမိသားစုများ ၎င်းတို့၏ ကလေးများကို အိမ်အကူအလုပ်အကိုင်သို့ ပို့လွှတ်နေကြခြင်းအား ရပ်တန့်နိုင်မည်မဟုတ်ပေ။ ထို့ထက်ပိုသည်မှာ လူအများ၏ ယုံကြည်မှုများနှင့်

ကျင့်သုံးမှုများကို ပြောင်းသွားစေရန်အတွက် လက်တွေ့မဆန်သောအခြား နည်းလမ်းများ လွှဲပြောင်းသုံးစွဲစေခြင်းကြောင့် အောင်မြင်မှုများမရနိုင်သည့်အပြင် လူအများ၏ လက်မခံသော တုံ့ပြန်မှုများ အဖြစ်သို့ပင်ဦးတည်သွားစေနိုင်သည်။ ဥပမာ ကလေးသူငယ်အိမ်အကူအလုပ်အကိုင်တွင် လူအများကျင့်သုံးလုပ်ကိုင်သည်များနှင့် ပတ်သက်၍ ပို၍ပင်လျှို့ဝှက်သွားခြင်းမျိုးဖြစ်သည်။ မည်သို့သော အသိပညာပေး မြှင့်တင်မှုမျိုးမဆို ဖြစ်သင့်သည်မှာ -

က. လုပ်သားစုဆောင်းရေးနှင့် အလုပ်အကိုင်ခန့်အပ်မှုစက်ဝန်းအတွင်းတွင်ပါဝင်သည့်သူများအား လုံးထံသို့ သတင်းစကားများရောက်သွားနိုင်အောင် ပေးပို့ပေးနိုင်သူများကို ဦးတည်ပရိတ်သတ်အဖြစ်ရွေးချယ်ပါ။ ဥပမာ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ရွာလူထုခေါင်းဆောင်များ၊ မိဘများ၊ အဘိုးအဘွားများ၊ ကလေးများ၏ ဆရာ၊ဆရာမများ၊ ပြည်သူ့သယ်ယူပို့ဆောင်ရေးကို လုပ်ကိုင်နေသည့် အလုပ်သမားများ၊ ကလေးအိမ်အကူအလုပ်သမားများ အများဆုံးရှိသည့် နေရာများမှ အသေးစားစီးပွားရေးလုပ်ငန်းပိုင်ရှင်များ၊ ဆေးဝါးကုသသည့် ပညာရှင်များ၊ လူမှုဖူလုံရေးဝန်ထမ်း၊ ရဲများ စသည်တို့ဖြစ်သည်။

ခ. ပါဝင်လုပ်ဆောင်မှုများဖြစ်လာအောင် ရှင်းလင်းစိတ်ဝင်စားဖွယ်ရှိသည့် သတင်းစကားများဖြင့် ဖန်တီးပါ (ဥပမာ အိမ်အကူအလုပ်အကိုင်တွင်း ကလေးအလုပ်သမားဖြစ်ရပ် သံသယဖြစ်ဖွယ်များရှိပါက သတင်းပို့ရန် လူမှု ဖူလုံရေး Hotline သုံးရန် ပြည်သူလူထုအား အသိပေးခြင်းမျိုး)

ဂ. ပြောင်းလဲမှုသဘောတရားတစ်ခု အဖြစ်အမြစ်တွယ်သွားစေသင့်သည်

ဃ. သင့်လျော်ကောင်းမွန်သည့် သတင်းပို့စနစ်/ကြားခံမီဒီယာကိုသုံးရန်

င. ဗျူဟာကျသော ဆက်သွယ်ရေးဖြင့် အတူတကွ လိုက်ပါလုပ်ဆောင်ရန်

၁၂) မြန်မာနိုင်ငံ ကလေးအိမ်အကူအလုပ်အကိုင်နှင့် ပတ်သက်၍ ဆက်လက်သုတေသနပြုလုပ်ရန် လိုအပ်သည်များ မှာ-

က. ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်သည် လူမှုရေးပထဝီဝင်နှင့် စီးပွားရေးဆိုင်ရာ လေ့လာချက်များကို အသေးစိတ်ထုတ်နိုင်ရန်

ခ. ကလေးအိမ်အကူအလုပ်သမားများ၏ မိသားစုများ၊ မိတ်ဆွေသူငယ်ချင်းများ၊ သူတို့၏ဘဝတွင် အရေးကြီးသောအခြားပုဂ္ဂိုလ်များနှင့် ဆက်သွယ်နိုင်ရန်အတွက် လိုအပ်ချက်များကို လိပ်မူဆောင်ရွက်နိုင်ရန်

ဂ. ကျေးလက်နှင့် မြို့ပြအကြားဖြစ်နိုင်ခြေရှိသော မတူကွဲပြားသည့် အတွေ့အကြုံများကို ခွဲခြားသတ်မှတ်ရန်

ဃ. ကလေးအိမ်အကူအလုပ်သမားများ၏ ပြည်တွင်းပြည်ပ ရွှေ့ပြောင်းသွားလာမှုပုံစံများကို သိရှိဆုံးဖြတ်နိုင်ရန်

င. လုပ်သားစုဆောင်းရေးလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ အသေးစိတ်သိရှိနိုင်အောင် ဖော်ထုတ်ရန်၊ အထူးသဖြင့် ယုံကြည်စိတ်ချရသော သြဇာရှိ ပုဂ္ဂိုလ်များ၏ ပါဝင်လုပ်ဆောင်ပေးမှုများ

စ. ကလေးအိမ်အကူအလုပ်သမားများ အလုပ်အကိုင်ခန့်အပ်မှုစက်ဝန်းကို ဖော်ထုတ်နိုင်ရန်

ဆ. ကလေးအိမ်အကူအလုပ်သမားများအတွက် လက်ရှိအကူအညီများနှင့် လူမှုဖူလုံရေးဆိုင်ရာ စနစ်များ၏ သင့်လျော်ကောင်းမွန်မှုကို အကဲဖြတ်ရန်

ဇ. ကလေးအိမ်အကူအလုပ်သမားများနှင့် ပတ်သက်၍ ပြည်သူလူထုမှ အထောက်အကူပေးသည့် စနစ်များ ရှိမရှိနှင့် ပျံ့နှံ့ဖြစ်ပေါ်မှုများကို ခွဲခြားသတ်မှတ်ရန်

ဈ. အလယ်တန်းနှင့် အထက်တန်းပညာရေး မပြီးဆုံးလိုက်နိုင်သော အိမ်အကူအလုပ်အကိုင်အတွင်းရှိ ကလေးများအတွက် အနာဂတ်တွင် အလုပ်အကိုင်အခွင့်အလမ်းများကို ခွဲခြားဖော်ထုတ်ရန်

ည. ကလေးအိမ်အကူအလုပ်အကိုင်တွင် ညှင်းပန်းနှိပ်စက်မှုများကို ရေရှည်တည်တံ့စေမည့် လူမှု-ဓလေ့ ယဉ်ကျေးမှုများနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ခွဲခြားသတ်မှတ်ရန်

ဋ္ဌ. မိသားစုများနှင့် အလုပ်ရှင်များအပေါ် တွင်ရှိသည့် ကလေးအိမ်အကူအလုပ်သမားများ၏ တန်ဖိုးများကို တွက်ချက်ရန်

ဍ. မိသားစုများကို အထောက်အကူပေးရန်နှင့် ကလေးအိမ်အကူအလုပ်အကိုင်ကို တားဆီးရန် အတွက် လူမှုရေးရာ အကာအကွယ်ပေးမှုဝါဒများ ခွဲခြားသတ်မှတ်ရန်

Endnotes

၁ ၂၀၁၈ တွင် Update ပြန်လုပ်ထားပါသည်။

၂ ILO, ကလေးအလုပ်သမားနှင့် အိမ်အကူအလုပ်အကိုင်, https://www.ilo.org/ipec/areas/Childdomesticlabour/lang--en/index.htm

၃ စံယမင်းအောင်၊ ရိုက်နက်ပစ်ဒဏ်ပေးခြင်းများဆန့်ကျင်ရေး ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အဖွဲ့များ၏ စည်းရုံးလှုံ့ဆော်မှု၊ The Irrawaddy, နိုဝင်ဘာ ၁၀, ၂၀၁၇, https://www.irrawaddy.com/news/child-rights-groups-campaign-corporal-punishment.html

၄ အလုပ်သမား၊ လူဝန်မျှကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MOLIP), မြန်မာ – အလုပ်သမားအင်အားစစ်တမ်း ၂၀၁၅၊ https://www.ilo.org/surveydata/index.php/catalog/1291

၅ M. Given, Ed., The SAGE Encyclopaedia of Qualitative Research Methods – Rapid Assessment Process, http://dx.doi.org/10.4135/9781412963909.n365

၆ DeWalt, Kathleen M. & DeWalt, Billie R. (2002). Participant observation: a guide for fieldworkers. Walnut Creek, CA: AltaMira Press.

၇ Virginia Morrow, Ethical dilemmas in research with children and young people about their social environments, July 16, 2008, https://doi.org/10.1080/14733280701791918

၈ နည်းစနစ်ကို ပုံစံရေးဆွဲသူ အကြံပေးပုဂ္ဂိုလ်သည် ၂၀၁၅ နှင့် ၂၀၁၆ ခုနှစ်များအတွင်း ကလေးအလုပ်သမားနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခဲ့ရာတွင် လက်လှမ်းမှီရောက်ရှိနိုင်မှုများ၌ အတော်အတန်ကွဲပြားမှုများရှိနေသည်ကို ယခင်နှစ်များအတွင်း အဖွဲ့အားဦးဆောင်ပြီး အတူတကွလုပ်ငန်း ဖော်ဆောင်ချိန်ကတည်းက သတိပြုမိခဲ့ပါသည်။ အတားအဆီးများစွာ ရှိနေခဲ့သလိုတန်ဖိုးရှိသော သတင်းအချက်အလက်များအားပေးနိုင်သည့် လူပေါင်းများစွာ ရှိနေသော်လည်း မှတ်တမ်းတင်မခံလိုကြခြင်းများလည်းတွေ့ရပါသည်။ အခြားတဘက်တွင် ထိုအချက်သည် ကလေးအိမ်အကူ လုပ်ငန်းနှင့် ပတ်သက်၍ ထားရှိသော လူမှုရေးရာသဘောထားကို ထင်ဟပ်ဖော်ပြသလို အခြားသူများ၏ ကိစ္စရေးရာတွင် မပါဝင်လိုကြသော လူအများ၏ တွန့်ဆုတ်မှုကိုလည်းဖော်ပြပါသည်။ ထို့အပြင် ယင်းအချက်သည် နိုင်ငံတွင်းရှိ နိုင်ငံရေးအခြေအနေ ပြောင်းလဲမှုကိုလည်း ထင်ဟပ်ပြသပြီး ၂၀၁၀ ရွေးကောက်ပွဲပြီးနောက်ပိုင်းနှစ်များတွင် ဆင်ဆာဖြတ်တောက်စိစစ်ခြင်းနှင့် ကိုယ်တိုင်ဆင်ဆာဖြတ်ခြင်းများပြန်လည်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

၉ သီဟ၊ ကလေးအလုပ်သမား နည်းဥပဒေအရ ကလေးသူငယ်အခွင့်အရေးမူကြမ်းတွင် မဓိမ်မာသည့်အချက်များ, Consult Myanmar, August 27, 2017, https://consult-myanmar.com/2017/08/25/childrens-rights-bill-inconsistent-over-child-labour-regulations/

၁၀ ILO, ILO Guide to Myanmar Labour Law, 2017, https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_577563.pdf

၁၁ UNICEF, Child Protection, https://www.unicef.org/myanmar/protection.html

၁၂ UNICEF, Child Protection Systems, https://www.unicef.org/myanmar/protection_24166.html

၁၃ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားအဆင့် ပညာရေးမဟာဗျူဟာ အစီအစဉ် ၂၀၁၆ -၂၀၂၁ https://www.globalpartnership.org/content/education-sector-plan-2016-2021-myanmar

၁၄ စာမျက်နှာ ၃၄၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ အမျိုးသားအဆင့် ပညာရေးမဟာဗျူဟာ အစီအစဉ် ၂၀၁၆ -၂၀၂၁ https://www.globalpartnership.org/content/education-sector-plan-2016-2021-myanmar

၁၅ Save the Children, Myanmar, Education, August 1, 2018, https://myanmar.savethechildren.net/what-we-do/education

၁၆ International Labour Organisation, The Background Report for the National Action Plan on Child Labour, 2017, https://www.ilo.org/ipecinfo/product/download.do?type=document&id=29337

၁၇ အသက် (၁၂)နှစ်တွင် အိမ်အကူအလုပ်အကိုင်သို့ စတင်ဝင်ရောက်လုပ်ကိုင်ခဲ့သော အရွယ်ရောက်ပြီးသူ အိမ်အကူလုပ်သားနှင့် လူတွေ့မေးမြန်းခြင်း၊ ဗဟန်းမြို့နယ်၊ ဖွန်လ (၁၆)၊ ၂၀၁၈။

၁၈ စီမံကိန်းနေရာများနှင့် မြို့နယ်များမှာ အသုံးစရိတ်အကန့်အသတ်များကြောင့် ပြောင်းလဲမှုများရှိပါသည်။ လက်ရှိတွင် အသေးစိတ်အချက်အလက် များမရနိုင်သေးပါ။

၁၉ ရတနာ့မေတ္တာအဖွဲ့အစည်း၊ လူတွေ့မေးမြန်းခြင်း၊ ဇွန် ၂၅၊ ၂၀၁၈။

၂၀ ကရင်နှစ်ခြင်းခရစ်ယာန်ကွန်ဗန်းရှင်း၏ အမျိုးသမီး စောင့်ရှောက်ရေးနှင့် အကာအကွယ်ပေးရေးစီမံချက်၊ လူတွေ့မေးမြန်းခြင်း၊ ဇွန် ၁၄၊ ၂၀၁၈။

၂၁ ဒေသခံများ၏ အမည်စာရင်းအသေးစိတ်ကို မသိရပါ။ ထိုအဖွဲ့နှင့် ချိတ်ဆက်မေးမြန်းအတည်ပြုရန်လိုသည်။

၂၂ ကလေး၏အမည်ရင်းမဟုတ်ပါ။

၂၃ Reuters, Myanmar Woman, Trafficked to China to Marry, Hopes to Save Others From Same Fate, VOA, August 23, 2017, https://www.voanews.com/a/myanmar-woman-trafficked-to-china-to-marry-hopes-to-save-others-from-same-fate/3998522.html

၂၄ Lawrence Jangma Gam, Human trafficking: Myanmar among worst offenders, US says, AsiaNews.it, Augsut 17, 2018, http://www.asianews.it/news-en/Human-trafficking:-Myanmar-among-worst-offenders,-US-says-44684.html

၂၅ US Department of State, Trafficking in Persons Report, 2018, https://www.state.gov/documents/organization/282800.pdf

၂၆ သီလရှင်ကျောင်းများသည်လည်း ကလေးသူငယ်အိမ်အကူလုပ်သားများထွက်ပေါ်ရာ အရင်းအမြစ်တစ်ခုဖြစ်ရန် ခိုင်မာသည့် ဖြစ်နိုင်ခြေရှိသော်လည်း စမ်းချောင်းမြို့နယ်အတွင်းရှိ သီလရှင်များကို လူတွေ့မေးမြန်းရန် ကြိုးပမ်းမှုအားလုံး မအောင်မြင်ခဲ့ပါ။ သီလရှင်များသည် သုတေသီများနှင့် စကားပြောရန် ငြင်းဆန်ခဲ့ကြသည်။ မြို့နယ်တွင်းရှိ နေထိုင်သူများနှင့် စကားပြောဆိုမှုများမှရရှိခဲ့သည့် အထောက်အထားမပြနိုင်သည့် သက်သေများအရ သီလရှင်ကျောင်းများရှိ ငယ်ရွယ်သောသီလရှင်များကို အတင်းအကြပ်အလုပ်ခံပိုက်ဆံတောင်းခိုင်းပြီး ခေါင်းပုံဖြတ်ခြင်းများရှိသည်ဟု ဆိုကြသော်လည်း အထောက်အထားခိုင်ခိုင်လုံလုံပြနိုင်ခြင်းမရှိပါ။

၂၇ ၂၀၁၆ ခုနှစ်တွင် မြန်မာတနိုင်ငံလုံး၌ ဘုန်းတော်ကြီးသင် စာသင်ကျောင်း ၁၅၃၈ ကျောင်းရှိသည်။

၂၈ ဖြေဆိုသူ၏ အမည်ရင်းမဟုတ်ပါ။

၂၉ ကျော်မင်း၊ မြန်မာအစိုးရ ပတ်စ်ပို့ထုတ်ပေးရေးအသစ် (၁၅) ရုံးကို ဖွင့်လှစ်၊ Myanmar Business Today, January 10, 2014, https://www.mmbiztoday.com/articles/myanmar-govt-opens-15-new-passport-issuing-offices

၃၀ Jacob Goldberg, For 'mixed-blood' citizens, Yangon's passport office is a racist hell, Coconuts, June 14, 2018, https://coconuts.co/yangon/features/for-mixed-blood-citizens-yangons-passport-office-is-a-racist-hell/

၃၁ ရွှေဂူသစ္စာ၊ ပတ်စ်ပို့ရုံးမှ ညှိနှိုင်းမှုများ၊ The Myanmar Times, September 3, 2015, https://www.mmtimes.com/in-depth/16281-negotiating-the-passport-office.html

ISBN 978-92-2-133338-8